အဆုံးမဲ့ဓားကမ္ဘာ ၃၁၁ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၁၁)] ခွန်အား ထပ်မံမြင့်တက်လာခြင်း

..

ဤအချိန်တွင် ယန်ယွဲ့၏ ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ရွှေချီကန်က ထူးဆန်းစွာလှုပ်ရှားနေခဲ့ပါသည်။

ဒီအချိန်မှာတော့ ကလေးမလေး၏ ခန္ဓာကိုယ်က တလက်လက်တောက်ပနေသည်။ သူမ၏ခန္ဓာကိုယ်က ရေပြင်တစ်ခုလို

အလွန်ကြည်လင်နေသောကြောင့်တစ်စုံတစ်ယောက်ရှိနေလျှင်ပင် သတိထားမိနိုင်ရန်မဖြစ်နိုင်ပေ။

ကလေးမလေးက တစ်စုံတစ်ရာကိုမကျေမနပ်ဖြစ်နေသောပုံစံဖြင့်ရှေ့တည့်တည့်ကိုစိုက်ကြည့်နေ၏။

အတိအကျပြောရမည်ဆိုပါက သူမဟာ ပြင်ပကမ္ဘာကို မျှော်ကြည့်နေခြင်းပင်။ရုတ်တရက် ကလေးမလေးက အလွန်ဒေါသတကြီးအမူအရာဖြင့်အော်ဟစ်လိုက်၏။

"ယန်...ယန်ယဲ့! နင်က အမှိုက်ကောင်၊ တကယ့်ကိုအမှိုက်ပဲ။

နင်က ဘယ်လိုဖြစ်ပြီး ဒီလောက် အားနည်းနေနိုင်တာလဲ? နင်က ဘယ်လိုနည်းနဲ့ ဒီလောက် ပျော့ညံ့နေရတာလဲ။

အမြန်လေ့ကျင့်သင့်နေပြီ။ ဒီမင်းသမီးက နှစ်ထောင်ပေါင်းများစွာကြာအောင် ပိတ်လှောင်ခံထားရတာကို နင်သိလား?

ဒီမင်းသမီးက နှစ်ပေါင်းထောင်နဲ့ချီကြာအောင် သန့်စင်ပေးတဲ့ မူလခရမ်းရောင်စဥ်ချီကိုတောင် နင်ရပြီးပြီ။

အမှိုက်ကောင်! မြန်မြန်ထပြီး ခွန်အားတွေပြန်ယူလိုက်။ တကယ်လို့ ဒီမင်းသမီးသာ

ဒီနေရာကနေ ထွက်သွားတာနဲ့ ဒီကမ္ဘာကြီးကို ဖျက်ဆီးပစ်မယ်။အား....အား !"

...........

ဒေါသတကြီးအော်ဟစ်နေရင်း ကလေးမလေး၏ အသံသည် တဖြည်းဖြည်း အားနည်းလာကာ အဆုံးတွင် တိမ်ဝင်သွားတော့သည်။

ခဏအကြာတွင် သူမက အဖြူရောင်အလင်းတန်းအသွင်ပြောင်းကာ လေဟာနယ်ဂိတ်တံခါးထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။

ထို့နောက် ဆန်းကြယ်ရှေချီကန်က ထပ်မံငြိမ်သက်သွား၏။

......။

ရှေးဟောင်းဒိုမိန်းမြို့အပြင်ဖက်တွင် ရာနှင့်ချီသော
အကြည့်များသည် ယန်ယဲ့ကို စူးစိုက်ကြည့်နေကြပြီး
သူ့ခန္ဓာကိုယ်မှအပြောင်းအလဲများကို သိလိုနေပုံပင်။

ဒီအချိန်မှာပဲ ကလေးမလေး၏ရိုက်ချက်ကြောင့် လွင့်ထွက်သွားသော
နဂါးစိမ်းကြီးကမြေပြင်ကနေ ဖြည်းညှင်းစွာထလာခဲ့သည်။

သို့သော် ယခုအချိန်တွင် နဂါးစိမ်းလူငယ်၏
မျက်နှာကမောက်မာဟန်များရှိမနေတော့ဘဲ၊
ကြောက်ရွံ့ထိတ်လန့်နေမှုများသာပေါ်လွင်နေပေသည်။

သူသည် အစောပိုင်းလေးတုန်းကမှသေခြင်းတရား၏
အငွေ့အသက်ကို ကောင်းကောင်းကြီး ခံစားလိုက်ရသည်။

သူ့အား ဘယ်သူကတိုက်ခိုက်လိုက်သည်ကိုမသိသော်ငြား၊
တိုက်ခိုက်မှုတွင်ပါဝင်သောစွမ်းအားက
မည်မျှထိတ်လန့်စရာကောင်းသည်ကို သူခံစားမိခဲ့သည်။

ထိုမမြင်နိုင်သောစွမ်းအားက သူ၏ စိတ်ဝိညာဉ်ကိုပင်
အပြင်းအထန်တုန်လှုပ်သွားစေသည်အထိပါ။

ဤအချိန်တွင် ပတ်ဝန်းကျင်၌ ထူးဆန်းသော မြင်ကွင်းတစ်ခု
ဖြစ်ပေါ်လာ၏။

ရာနှင့်ချီသောလူများက ယန်ယဲ့ကို စူးစိုက်ကြည့်နေကြသည်။
လူတိုင်း
ဘာစကားမှပြန်မပြောနိုင်လောက်အောင်အံ့အားသင့်နေသောကြောင့်
ပတ်ဝန်းကျင်က အချိန်တော်တော်ကြာအထိပင် တိတ်ဆိတ်သွား၏။

အခုအချိန်တွင် ယန်ယဲ့၏ လက်ရှိအခြေအနေသည် အလွန်
မြန်ဆန်စွာ ကောင်းမွန်လာနေခဲ့သည်။

ခရမ်းရောင်ချီစွမ်းအင်၏ ပြန်လည်ကုသပေးမှုကြောင့်
သူ့ခန္ဓာကိုယ်အတွင်းရှိဒဏ်ရာများနှင့် အပြင်ပိုင်းဒဏ်ရာများအားလုံး
လုံးလုံးလျားလျား ပျောက်ကွယ်သွားပါပြီ။

ယန်ယဲ့သည် သူ၏ မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်ရာ ခရမ်းရောင်အလင်းတန်းနှစ်ခုက မျက်လုံးထဲကနေ လက်ခနဲတောက်ပသွားသည်။

တစ်ချိန်တည်း သူ့ခန္ဓာကိုယ်တွင်းရှိ အခြေအနေကို သတိပြုမိသောအခါ ယန်ယဲ့ ၏မျက်နှာက ချက်ချင်း အေးခဲသွားပါတော့

သည်။

အကြောင်းအရင်းမှာ သူ၏ကျင့်ကြံမှုအဆင့်က သိုင်းဘုရင်အဆင့် ၅ သို့ ရောက်ရှိနေသောကြောင့်ပင်။ ထို့အပြင် သူ၏ရုပ်ခန္ဓာခွန်အားသည်လည်း မူလထက်ပို၍သန်မာလာကြောင်း ခံစားမိလိုက်သည်။

ဘာ....ဘာတွေဖြစ်နေတာလဲ? ယန်ယဲ့၏ စိတ်ထဲတွင် မေးခွန်းများစွာနှင့် ပြည့်နှက်နေသည်။

ကျင့်ကြံမှုအဆင့် ၅ ဆင့် အထိ တိုက်ရိုက်ခုန်တက်သွားခြင်းက အလွန်ထူးဆန်းသောအဖြစ်အပျက်တစ်ခုပင်မဟုတ်ပါလား။

သိုင်းဘုရင်အဆင့် ၅ သို့ တက်လှမ်းသွားခြင်းက ယန်ယဲ့ကို
အံ့အားသင့်စရာမဟုတ်ခဲ့ဘဲ၊ သူ့စိတ်ထဲတွင်
အနည်းငယ်စိုးရိမ်ပူပန်စေခဲ့၏

။

သူ၏ကျင့်ကြံမှုအဆင့်က အလွန် လျင်မြန်စွာ
မြင့်တက်နေသောကြောင့်
အခြေခံအုတ်မြစ်ခိုင်မာမှုမရှိမည်ကိုစိုးရိမ်နေခြင်းဖြစ်သည်။

သိပ်မကြာခင်မှာပဲ ယန်ယဲ့က
သူ၏နတ်ဘုရားစိတ်အာရုံအသိကိုထုတ်လွှတ်ကာ
ဆန်းကြယ်ရွှေချီကန်ကို စစ်ဆေးကြည့်လိုက်ပါသည်။

ထို့နောက် ယန်ယဲ့က ဆန်းကြယ်ရွှေချီကန်ဘေးနားရှိ
အမှောင်မှော်သားရဲများကိုမြင်လိုက်ရတဲ့အခါ ချက်ချင်းပင်
အလွန်အံ့အား သင့်သွား၏။

“ဝိညာဉ်နယ်ပယ်အလွှာအဆင့်....”

ယန်ယဲ့၏မျက်လုံးအစုံက မြေပြင်ပေါ်တွင် လဲလျောင်းနေသော ကောင်းကင်နတ်ဆိုးဝံပုလွေကို မြင်သောအခါ တံတွေးတစ်လုတ်မျိုချလိုက်ပြီး ပါးစပ်အဟောင်းသားဖြင့် “ဝိညာဉ်နယ်ပယ်အလွှာတစ်ပိုင်းအဆင့် နဲ့ သိုင်းဘုရင်အထွတ်အထိပ်အဆင့်တွေ! ချီး....၊ အစောပိုင်းက ဘာတွေဖြစ်သွားတာလဲ?"

ထိုအချိန်တွင် ယန်ယဲ့သည် တစ်စုံတစ်ခုကို တွေးမိပုံရပြီး ခရမ်းရောင်မင့်ခ်ကလေးကို အလျင်စလို ကြည့်လိုက်၏။

ဟမ်....။ ဒီကောင်လေး!

သူက ကျယ်လောင်စွာဟောက်ရင်းအိပ်ပျော်နေသော ခရမ်းရောင်မင့်ခ်ကလေးကိုမြင်လိုက်တဲ့အခါ စိတ်သက်သာရာရသွားသလိုဖြင့် သက်ပြင်းချလိုက်ပါသည်။

"တော်တော်ကို ကံကောင်းသွားတာပဲ၊ အငယ်ကောင်လေး ဘာမှဖြစ်မသွားခဲ့ဘူး။"

အစောပိုင်းတုန်းက သူ့အတွက် အရာရာကိုစွန့်လွှတ်ပြီး အဆုံးထိအတူရင်ဆိုင်လိုသော ခရမ်းရောင်မင့်ခ်ကလေးကိုပြန်သတိရလိုက်တဲ့အခါ ယန်ယဲ့က အလွန်တုန်လှုပ်သွားလေတော့သည်။

ခရမ်းရောင်မင့်ခ်ကလေးသည် သူတို့နှစ်ဦးအတူရှိနေချိန်တွင် လုံးဝစကားမပြောဖြစ်သော်ငြား၊ သူမလေးက သူ့ကို အချစ်ဆုံးလူတစ်ယောက်အဖြစ်သတ်မှတ်ထားကြောင်းသိလိုက်၏။

ယန်ယဲ့သည် လူသားတစ်ဦးဖြစ်ပြီး၊ ခရမ်းရောင်မင့်ခ်ကလေးက နတ်ဆိုးသားရဲဖြစ်နေသော်ငြား လူသားမျိုးနွယ်နှင့် နတ်ဆိုးသားရဲမျိုးနွယ်အကြား ရန်ငြိုးဖွဲ့မှုက သူတို့နှစ်ဦး၏ဆက်ဆံရေးကို မထိခိုက်စေနိုင်ခဲ့ပါ။

လူသားဖြစ်ဖြစ် နတ်ဆိုးသားရဲပင်ဖြစ်စေ၊ ယန်ယဲ့ (သို့)
ခရမ်းရောင်မင့်ခ်ကလေး နှစ်ဦးစလုံးက
အန္တရာယ်ပြုလာသောဘယ်သူကိုမှ  သနားညှာတာနေခြင်းမရှိပေ။!

ယန်ယဲ့သည် လက်နှစ်ဖက်ကိုဆန့်ကာ
ခရမ်းရောင်မင့်ခ်ကလေးကိုပွေ့ဖက်လိုက်ရင်းအလွန်ပင်ပန်းနေပုံရ
သောချစ်စဖွယ်မျက်နှာလေးကို
စိုက်ကြည့်လိုက်ရာသူ့နှလုံးသားထဲတွင် ဖော်မပြနိုင်သော
နာကျင်ခံစားမှုတစ်ခု ပေါ်လာခဲ့သည်။

သူသည်
ခရမ်းရောင်မင့်ခ်ကလေး၏ခေါင်းသေးသေးလေးကိုညင်သာစွာပွတ်
သပ်လိုက် ကာ ဆန်းကြယ်ရွှေချီကန်ထဲသို့ထည့်ထားလိုက်သည်။

ဆန်းကြယ်ရွှေချီကန်ထဲသို့ ဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက်
ခရမ်းရောင်မင့်ခ်ကလေး၏ အမူအရာက ပြေလျော့သွားကာ

ခရမ်းရောင် အလင်းတန်းများ တဖျပ်ဖျပ်ဖျပ်ခတ်
တောက်ပလာသည်...။

ယန်ယဲ့က ဒီမြင်ကွင်းကိုမြင်လိုက်ရသောအခါ မှသာ
သက်ပြင်းချလိုက်နိုင်သည်။

ကံကောင်းထောက်မစွာဖြင့် ဆန်းကြယ်ရွှေချီကန်က
ခရမ်းရောင်မင့်ခ်ကလေး၏ ဒဏ်ရာကို ကောင်းစွာ
ကုသနိုင်သောကြောင့်ပင်။သို့မဟုတ်ပါက သူ့အနေဖြင့်
ဘာမှလုပ်နိုင်တော့မည်မဟုတ်ပေ။

ထိုအချိန်တွင် ယန်ယဲ့သည် ဆန်းကြယ်ရွှေချီကန်၏
ကောင်းကင်ဘုံကိုဆန့်ကျင်နေသောစွမ်းရည်ကိုသတိပြုမိပြီး
သူ့အမူအရာက
လေးနက်သွား၏...။

သို့သော်၊ ဆန်းကြယ်ရွှေချီကန်သည်အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး
၎င်းနှင့်ပတ်သက်သည့် မည်သည့်အရာကိုမျှ ရှာမတွေ့ခဲ့ပါ။

"ဟူး......၊ ကံကောင်းတာပဲ။ ဆန်းကြယ်ရွှေချီကန်က ငါ့ဆီကိုမကောင်းတဲ့ရည်ရွယ်ချက်နဲ့ရောက်လာတာမဟုတ်လို့။ ဒီလိုမဟုတ်ရင်တော့......!

မှန်ပါသည်။ ဆန့်ကျင်ဖက်အနေနှင့် သူ သေခြင်း၊ရှင်ခြင်း အခြေအနေနှင့်ရင်ဆိုင်ရသောအခါ ချက်ချင်းထွက်ပေါ်လာခဲ့၏။

ထို့အပြင်၊ ၎င်းသည် သူ့ကိုကူညီသည့်အချိန်တိုင်း ကြီးမားသော အကျိုးအမြတ်များကိုရရှိခဲ့သည်။

ယခုတစ်ကြိမ်တွင် ဆန်းကြယ်ရွှေချီကန်၏ အကူအညီကြောင့် သူ၏ကျင့်ကြံမှုအဆင့်က သိုင်းဘုရင်အဆင့် ၅ သို့ တိုက်ရိုက်ခုန်တက်သွားပါပြီ။

ထို့နောက် ယန်ယွဲ့သည် ထိုအရာအားလုံးကို တွေးမနေတော့ဘဲ ခေါင်းကို ခါယမ်းလိုက်ပြီး ရှေ့တည့်တည့်ကို မော့ကြည့်လိုက်၏။

လက်ရှိတွင်သူ့ကိုစိုက်ကြည့်နေသောလူအရေအတွက်က ရာနှင့်ချီ ရှိနေပြီဖြစ်သည်။

တစ်ချိန်တည်းတွင် လူတိုင်း၏ ဝတ်ရုံများနှင့်
အသွင်အပြင်ကို သတိပြုမိသောအခါ သူ၏ အမူအရာက
အနည်းငယ် ပြောင်းလဲသွားလေတော့သည်။

ထိုလူများအားလုံးက နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေ နှင့်
နတ်ဘုရားသားရဲနယ်မြေ၏
ပါရမီရှင်များဖြစ်ကြောင်းသဘောပေါက်လိုက်သည်။

တစ်ဖန် ယန်ယဲ့သည် သူ့ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရင်း
လူသားတစ်ဦးတစ်ယောက်မျှမရှိသည်ကို မြင်သောအခါ သူ့ကိုယ်သူ
လျှောင်ပြောင်ရယ်မောလိုက်မိ၏။

သူ့ကို တစ်ယောက်တည်း
စွန့်ပစ်ခဲ့သောလူသားကျင့်ကြံသူများအားလုံးကို ကောက်ကျစ်သူဟု
သတ်မှတ်လို့မရပေ။ ။နောက်ဆုံးတော့ လူသားကျွမ်းကျင်သူများက
သူ့ကိုမသတ်လိုက်သည်ကပင်အတော်လေးကောင်းမွန်နေပြီဖြစ်သ
ည်။

အချိန်အနည်းငယ်ကြာပြီးနောက် ယန်ယဲ့က ခေါင်းယမ်းလိုက်ပါသည်။

တစ်ဆက်တည်း သူ့ကို စိုက်ကြည့်နေသည့် ရာနှင့်ချီသော လူများကို ဂရုမစိုက်ဘဲ နောက်ပြန်လှည့်ကာ ရှေးဟောင်း ဒိုမိန်းမြို့ဆီသို့ လျှောက်သွားလိုက်သည်။

ထိုအချိန်မှာပဲ မိုခေးက ရုတ်တရက် အော်ပြောလိုက်ပါသည်။ "ဟေး! ခဏလောက်နေပါဦး။"

ယန်ယဲ့က ခဏတာ ရပ်လိုက်ပြီး မိုခေးကို စိုက်ကြည့်လိုက်ကာ "ဘာကိစ္စရှိလို့တုန်း?" တစ်ချိန်တည်းတွင် သူ၏ခန္ဓာကိုယ်မှဆန်းကြယ်ချီစွမ်းအင်ကို လျင်မြန်စွာလှည့်ပတ်လိုက်ပါသည်။

"မင်းက မျိုးနွယ်တူတွေရဲ့စွန့်ပစ်တာကိုခံနေရပုံပဲ။" မိုခေးက ယန်ယဲ့ကို တည့်တည့်စိုက်ကြည့်ရင်း ပြောလိုက်လေသည်။

“ဒါကို စွန့်လွှတ်တာလို့ ယူဆလို့ မရဘူးလေ။သူတို့က ငါ့ကိုသတ်ဖို့အခွင့်အရေးမယူတာကိုပဲ အရမ်းအံ့သြပြီး ကျေးဇူးတင်မိနေပြီ!” ယန်ယဲ့က တိုးညှင်းသောလေသံဖြင့် ပြန်ပြောလိုက်၏။

မိုခေးက ရုတ်တရက် မျက်ခုံးပင့်ပြီး “ငါ့နောက်က ညီအစ်ကိုတွေအားလုံး ဘာမှ မစားရတာ ကြာပြီ။ မင်းရဲ့ခွန်အားက မဆိုးဘူး၊ ဒါကြောင့် မင်းရဲ့အသားက အရသာ မဆိုးလောက်ဘူးထင်တယ်။ ငါ့ညီအစ်ကိုတွေကို မင်းရဲ့သားကို မြည်းစမ်းဖို့ ဘာလို့ခွင့်မပြုတာလဲ?”

ထိုအချိန်တွင် ဟွင်းယုက ရုတ်တရက်ရှေ့ထွက်လာပြီး ပြောလိုက်သည်။ "ဟေး!

သူ့ဝိညာဉ်က ငါ့အပိုင်နော်!"

"ငါ့ရဲ့အသားကိုစားချင်တာလား? ငါ့ဝိညာဉ်ကို လိုချင်တယ်ပေါ့။ ဟီးဟီး.....၊ ကောင်းပြီလေ။ ဒီလိုဆိုရင် စမ်းကြည့်လိုက်!"

နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေ နှင့်
နတ်ဘုရားသားရဲနယ်မြေ၏အဖွဲ့ဝင်များသည် မြို့ရိုးအောက်ရှိ
ယန်ယဲ့နှင့် ထိပ်တိုက်ရင်ဆိုင်နေကြသော်လည်း
ရှေးဟောင်းဒိုမိန်းမြို့တော်၏ တံတိုင်းအထက်ရှိ
လူသားများအုပ်စုကြီးက တိတ်ဆိတ်နေကြသည်။

အကြောင်းအရင်းမှာ
နတ်ဘုရားသားရဲလေးပါးအနက်တစ်ပါးဖြစ်သည့်
နဂါးစိမ်းကလန်၏စွမ်းအားကိုမြင်တွေ့ပြီးနောက်လူတိုင်း
အလွန်ကြောက်ရွံ့ထိတ်လန့်ဟန်များပေါ်လွင်နေခဲ့ပါသည်။

သို့သော် ထိုမျိုးနွယ်ခြား သုံးခုစုပေါင်းထားသည့်တိုင်အောင်
အရေအတွက် ၁၀၀၀ ပင်
မရှိခဲ့ပေ။

ထိုကဲ့သို့ အရေအတွက်ကွာဟနေသော်ငြား
ရှေးဟောင်းဒိုမိန်းမြို့အတွင်းမှထောင်သောင်းချီသော
လူသားကျွမ်းကျင်သူများက တိုက်ခိုက်ရဲခြင်းမရှိချေ။

အမှန်တော့၊ ရှေးဟောင်းဒိုမိန်းမြို့သို့ရောက်လာသော
လူငယ်ကျွမ်းကျင်သူများသာ ပူးပေါင်းလိုက်ပါက
မျိုးနွယ်ခြားသုံးခု၏ အစွမ်းထက်ပညာရှင် ၁,၀၀၀
ရှိနေလျှင်ပင်လုံး၀ကြောက်ရွံ့စရာမလိုအပ်ပေ။

သို့ရာတွင် အဓိကပြဿနာမှာ ထောင်သောင်းချီသော လူအုပ်ကြီးက
စည်းလုံးညီညွတ်ရန်မဖြစ်နိုင်ခြင်းပင်။

၎င်းတို့သည် မတူညီသော နယ်မြေများနှင့် ကွဲပြားသော
မဟာဂိုဏ်းကြီးများမှစေလွှတ်ခဲ့သော
ထိပ်တန်းပါရမီရှင်များဖြစ်သည်။

အများစုမှာ အချင်းချင်း မဟာရန်သူများပင်ဖြစ်နေ၏။

ထို့ကြောင့် လူငယ်ကျွမ်းကျင်သူ ထောင်သောင်းချီရှိနေသော်ငြား နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေ နှင့် နတ်ဘုရားသားရဲနယ်မြေမှ ထိပ်တန်းပါရမီရှင်များကိုသေခြင်းရှင်ခြင်းတိုက်ပွဲဆင်နွှဲရန်မဖြစ်နိုင်ပေ။

ထိုအချိန်တွင် မိုခေး နှင့် ဟွင်းယုတို့နှစ်ဦးသား ယန်ယွဲ့၏အေးစက်စက်လေသံကိုကြားလိုက်တဲ့အခါ ခဏတာ အံ့အားသင့်သွားပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြသည်။

မိုခေးက ခဏအကြာ ရယ်မောပြီးနောက်မှ ယန်ယွဲ့ကို အပေါ်အောက် စုံဆန်ကြည့်ရင်းပြောလိုက်၏။

"မင်းက ငါတို့ကို မင်းနဲ့အတူ ပူးပေါင်းချင်နေတယ်လို့များ ထင်နေသလား။ လူသား! ငါတို့က မင်းကို ဒီလိုမျိုး ဖြစ်စေချင်မယ်လို့ထင်သလား?"

စကားဆုံးသည်နှင့် မိုခေး၏အမူအရာသည် ရုတ်တရက် အေးစက်သွားကာ သူ့နောက်တွင် ရပ်နေသော နတ်ဆိုးမျိုးနွယ်ဝင်

လူငယ်အား ပြောလိုက်သည်။ "မိုရှီ၊ သွား....
သူ့ကိုတိုက်ခိုက်ကြည့်လိုက်!"

မိုရှီဟုခေါ်သောလူငယ်က
မောက်မာသောအပြုံးတစ်ခုကိုထုတ်ဖော်လိုက်ရင်းနှုတ်ခမ်းကိုလျှာ
သပ်လိုက်ကာ

“အသားရဲ့အရသာ။ ငါအသားမစားရတာကြာပြီ။ ဟားဟား!"
ရယ်မောသံဆုံးသည်နှင့်တစ်ပြိုင်နက်
သူ့ပုံရိပ်ကတဖျပ်ဖျပ်တောက်ပသွားကာ ယန်ယဲ့ဆီသို့ခုန်ဝင်လာခဲ့၏။

သူက ယန်ယဲ့နှင့် မလှမ်းမကမ်းသို့ရောက်ရှိလာသည့်အခါ
ကျယ်လောင်စွာအော်ဟစ်ရင်းယန်ယဲ့၏ခေါင်းကိုလက်သီးဖြင့်ထိုးလို
က်သည်။

ယန်ယဲ့၏ မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားသည်။
မိုရှီ၏ခန္ဓာကိုယ်ကသူ့ရှေ့မလှမ်းမကမ်း ရောက်လာသည့်အချိန်တွင်
လက်ထဲမှ ဓားကို ရုတ်တရက် ဆွဲထုတ်လိုက်သည် ။

ရွှစ်.....

အစမှအဆုံးထိ ဘာမှမမြင်လိုက်ရဘဲ ရွှေရောင်အလင်းတန်းတစ်ခု
လင်းလက်သွားသည်ကိုသာ မြင်တွေ့လိုက်ရ၏။

အနက်ရောင်လက်သီးကယန်ယွဲ့နှင့် ၂
လက်မနီးပါးအကွာရောက်လာချိန်မှာပဲ
မိုရှီ၏ခန္ဓာကိုယ်ကရုတ်တရက် တောင့်တင်းလာခဲ့သည်။

ဘန်း!

တစ်ခဏတာ တိတ်ဆိတ်သွားပြီးနောက် မိုရှီ၏ ခန္ဓာကိုယ်သည်
ချက်ချင်းပင် နှစ်ခြမ်းကွဲသွားကာ စမ်းရေများအလား
သွေးများပန်းထွက်သွားလေတော့သည်။

အဆင့် ၄ ဓားစိတ်ဆန္ဒ။

မိုရှီနှင့် ဟွင်းယု၏ မျက်နှာပေါ်တွင် အထင်အမြင်သေးမှုများ ပျောက်ကွယ်သွားကာ ယင်းအစား လေးနက်သောအမူအရာမ်ိားအစားထိုးဝင်ရောက်လာခဲ့ပါသည်။

အဆင့် ၄ ဓားစိတ်ဆန္ဒ ကို နားလည်ထားသူက သူတို့နှင့် မယှဉ်နိုင်သည့်တိုင် အင်အားနိမ့်ကျသူဟုမယူဆနိုင်ပေ။

သို့မဟုတ်ပေ၊ လက်ရှိ သူတို့၏အခြေအနေက အဆင့် ၄ ဓားစိတ်ဆန္ဒကိုနားလည်ထားသော ဓားပညာရှင်အား လျစ်လျူရှုနိုင်ရန်အရည်အချင်းမရှိသေးပါ။

“ဒါက နတ်ဆိုးမျိုးနွယ်ရဲ့ပါရမီရှင်တစ်ယောက်လား?” ယန်ယဲ့က ဓားကို ပြန်သိမ်းရင်းခေါင်းယမ်းလိုက်သည်။

သူပြောသည့်အတိုင်း သူ၏မျက်လုံးများတွင် စိတ်ပျက်လက်ပျက်အမူအရာများအနည်းငယ်ထင်ဟပ်နေပေသည်။

“ဘယ်လိုကြောင့် နတ်ဆိုးမျိုးနွယ်ရဲ့ ပါရမီရှင်တွေက အရမ်းအားနည်းရတာလဲ? ဘယ်လိုပဲဖြစ်ဖြစ်ပါလေ အခု ငါတစ်ယောက်တည်းရယ်။ ဒီလိုဆိုမှတော့ မင်းတို့အားလုံး ငါ့ဆီကို ဘာလို့ ချက်ချင်းမလာကြတာလဲ?”

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၁၂ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၁၂)] ဂျီယန်ရှီ

သို့ရာတွင် ဘာစကားသံမှထွက်မလာသေးဘဲ၊ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်မှုသာကြီးစိုးနေ၏။

အထူးသဖြင့် မိုခေးပါ။ ဒီအချိန်တွင် သူ့စိတ်ထဲ ဖြစ်ပေါ်နေသော ထိတ်လန့်တုန်လှုပ်မှုက အခြားသူများထက် နှစ်ဆလောက် ပိုကြီးမားသည်။

အဘယ်ကြောင့်ဆိုသော် သူကိုယ်သာ "ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"၏ ကြောက်မက်ဖွယ်ရာစွမ်းအားကိုရှင်းရှင်းလင်းလင်း သိထားသောကြောင့် ဖြစ်သည်။

"ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"ကို အဆင့် (၄) အထိ ကျင့်ကြံထားနိုင်သော မိုရှီအားအဆင့်နိမ့်ကောင်းကင်အဆင့် တိုက်ခိုက်ရေးနည်းစနစ်ကပင် ထိခိုက်ဒဏ်ရာရရန်မဖြစ်နိုင်ပေ။

အခုအချိန်မှာတော့ မိုရှီက သာမန်အတိုင်းသေဆုံးသွားခဲ့ပြီဖြစ်သည်…။ ထို့အပြင်၊ ၎င်းသည်

သိုင်းဘုရင်အဆင့် ၅ ကျွမ်းကျင်သူထံမှ
ဓားတစ်ချက်တည်းနှင့်အသတ်ခံလိုက်ရခြင်းပါ။

တစ်ဖက်တွင် ယန်ယဲ့သည် အစောပိုင်းကထုတ်ဖော်လိုက်သော
ရွှေရောင်ဓားချီအလင်းတန်းတွင် ငရဲတစ္ဆေမီးတောက်ကိုပါ
ပေါင်းစပ်ထားခဲ့၏။

အစပိုင်းတွင် သူသည်  ငရဲတစ္ဆေမီးတောက်ကို အသုံးပြုရန်
မတွေးမိခဲ့ပေ။ မည်သို့ပင်ဖြစ်စေကာမူ ငရဲတစ္ဆေမီးတောက်ဟာ
သူ၏ အဓိကဝှက်ဖဲများအနက်မှ တစ်ခုဖြစ်သည်။

ထို့အပြင် သူသည် သန်မာသောပြိုင်ဖက်ကိုအနိုင်ယူရန်
နိမ့်ကျနေသောအခြေအနေကိုအစဉ်အမြဲထိန်းချုပ်ထားရမည်
ဟူသော နိယာမကို ကျင့်သုံးခဲ့၏။

တစ်နည်းဆိုရသော် ဝက်ယောင်ဆောင်သောကျားဟုဆိုရပေမည်။

ရှေးဟောင်းဒိုမိန်းမြို့တွင် မရေမတွက်နိုင်သော ပါရမီရှင်များ ရှိနေခဲ့ပေသည်။

ထိုလူငယ်အများစုသည် မောက်မာဝင့်ကြွားကြသော်လည်း သန်မာသူများကိုမူ လေးစားကြသည်။

သို့မဟုတ်၊ ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးက အားကြီးသူကိုသာ လေးစားသည်ဟုဆိုရပါမည်။

ထို့ကြောင့် လူတစ်ဦးက သူရင်ဆိုင်ရသော ဆင်းရဲဒုက္ခများကို လျှော့ချပြီး အခြားသူများထံမှ လေးစားမှုကို ခံယူလိုပါက လူတိုင်းထက် သာလွန်သော ခွန်အားကို ထုတ်ပြနိုင်ရမည်ဖြစ်သည်။

ဤနည်းဖြင့်သာ သူရင်ဆိုင်ရသော ဒုက္ခ၊ ကပ်ဘေးများက လျော့ပါးသွားပေလိမ့်မည်။

တစ်ဖန် အရေးကြီးဆုံးအချက်မှာ ယန်ယွဲ့က သူ့ကိုယ်သူ သက်သေပြရန်ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

ခရမ်းရောင်မင့်ခ်ကလေး၏ နောက်ခံကိုသိရှိပြီးနောက်တွင် သူက တစ်စုံတစ်ခုကိုခိုင်မာစွာဆုံးဖြတ်ချက်ချလိုက်သည်။

လူသားမျိုးနွယ် နှင့် နတ်ဆိုးမျိုးနွယ်ကြားမှ ဆက်ဆံရေးကြောင့် လေဟာနယ်မင့်ခ်ကလန်က သူတို့နှစ်ဦးကို အတူတကွနေထိုင်ခွင့်ပြုရန်လုံး၀မဖြစ်နိုင်ပေ။

သို့သော်၊

အင်အားကြီးသူများကိုသာအစဉ်လေးစားကြသည်ဟူသော နိယာမအတိုင်း၊ အကယ်၍ သူသာ အစွမ်းထက်နေပါကခရမ်းရောင်မင့်ခ်ကလေးကို လက်လွှတ် ဆုံးရှုံးစရာမလိုပါ။

လွန်ခဲ့သောနှစ်ပေါင်း ၁၀,၀၀၀ ကျော်က ဆေဘာဓားဂိုဏ်း၏ တည်ထောင်သူဘိုးဘေးသည် အဆုံးမဲ့စွမ်းအားကိုပိုင်ဆိုင်ခဲ့ပြီး ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှပညာရှင်များအားလုံးကို သူ့ရှေ့တွင် ဦးညွှတ်စေခဲ့သည်။ထိုအချိန်တွင် ဆေဘာဓားဂိုဏ်း

တည်ထောင်သူဘိုးဘေး၏ ကံကြမ္မာကို မည်သူက
ထိန်းချုပ်နိုင်ခဲ့သနည်း။

ယခုမူ ယန်ယဲ့သည် ဆေဘာဓားဂိုဏ်း၏
တည်ထောင်သူဘိုးဘေးကဲ့သို့
အစွမ်းထက်ပညာရှင်တစ်ဦးဖြစ်နိုင်ကြောင်း သက်သေပြလိုခဲ့သည်။

သို့မဟုတ်ပေ၊ ပြောရမည်ဆိုလျှင် သူ၏စွမ်းရည်က
ဆေဘာဓားဂိုဏ်း၏ တည်ထောင်သူ ဘိုးဘေးကို
ကျော်လွန်နိုင်ကြောင်း သက်သေပြလိုသည်ဟု ပြောသင့်သည်။

မည်သို့ပင်ဖြစ်စေ သူသည် နိမ့်ကျသောအဆင့်အတန်းကို အမြဲတစေ
ထိန်းမထားနိုင်ခဲ့ပါ။

အခုအချိန်တွင်တော့ ယန်ယဲ့ဟာ သူ၏ ခွန်အားတစ်စိတ်တစ်ပိုင်းကို
ထုတ်ဖော်ပြသရန် ဆုံးဖြတ်လိုက်ပုံရသည်။

ထို့နောက် သူနှလုံးသားထဲတွင် ပြင်းပြသော စိတ်ဆန္ဒ တစ်ခုဖြင့်
သက်စောင့်ဓား ၃၆ ချောင်းထွက်ပေါ်လာပြီး
ကောင်းကင်ယံသို့ပျံတက်သွားကာ
ဓားစက်ဝန်းပုံသဏ္ဍာန်လှည့်နေ၏။

တစ်ချိန်တည်းမှာပင် သူ၏ ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်များက တဟုန်ထိုးမြင့်တက်လာပြီး အဆင့် ၄
ဓားစိတ်ဆန္ဒဖိအားကဒီရေလှိုင်းကဲ့သို့ ပျံ့လွင့်သွားခဲ့သည်။

ယန်ယဲ့၏ မျက်လုံးများသည် မှိတ်ထားရာမှ ဖြည်းညှင်းစွာ ပွင့်လာပြီး
မိုခေး နှင့် အခြားသူများကို စိုက်ကြည့်ရင်း မေးလိုက်ပါသည်။
“မင်းတို့ထဲက ဘယ်သူအရင်လာမလဲ?”

သူ၏စကားသံဆုံးသည်နှင့် ခေါင်းအထက်တွင် လှည့်ပတ်နေသော
သက်စောင့်ဓား ၃၆ ချောင်းက စူးရှသော
အော်မြည်သံများထွက်ပေါ်လာတော့သည်။

ထို့နောက် ရှေးဟောင်းဒိုမိန်းမြို့၏ မြို့ရိုးနံရံပေါ်တွင် ရပ်နေသော လူသားကျွမ်းကျင်သူများလက်ထဲမှ ဓားများအားလုံးလက်ထဲမှကိုယ်စီ လွတ်ထွက်သွားကာ ယန်ယွဲ့အထက်

လေထုထဲတွင် လွင့်မျောနေခဲ့သည်။

အချိန်အနည်းငယ်ကြာပြီးနောက် ဓား ၁၀၀၀၀ ကျော်သည် ရောမဓားစက်ကွင်းကြီးအသွင်ဖြင့် ယန်ယွဲ့၏ အထက် လေထဲတွင် အဆက်မပြတ်လှည့်ပတ်နေခဲ့ပါပြီ။

ထိုကဲ့သို့ သောင်းချီသော ဓားချီစက်ကွင်းကြောင့် နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေနှင့် နတ်ဘုရားသားရဲနယ်မြေမှ လူတိုင်း ခြေလှမ်းအနည်းငယ်စီ နောက်ပြန်ဆုတ်သွားကြတော့သည်။

ဤအခိုက်အတန့်တွင် ဓားပေါင်း ၁၀၀၀၀၀ ဝန်းရံထားသော ယန်ယွဲ့၏အသွင်က အစစ်အမှန် ဓားအင်ပါယာတစ်ပါးအလားထင်ရသည်။

သူ့ထံမှထွက်ပေါ်နေသောဓားအငွေ့အသက်က အလွန်
ပြင်းထန်လာကာ ကောင်းကင်ကိုပင် ဖျက်ဆီးပစ်နိုင်ပုံရ၏။

ထိုအချိန်တွင် ယန်ယဲ့သည် မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ချလိုက်သည်။

ရုတ်တရက် သူ၏နတ်ဘုရားစိတ်အာရုံအသိက ထိုထူးဆန်းပြီး
လေးနက်သောအခြေအနေသို့ ထပ်မံဝင်ရောက်သွားသည်…။

ယန်ယဲ့ထံမှ ထွက်ပေါ်နေသည့် အလွန်ပြင်းထန်သော
ဓားအငွေ့အသက်ကို စိုက်ကြည့်ရင်း မိုခေး၏ အမူအရာသည်လည်း
အလွန် လေးနက်သွားခဲ့ပါသည်။

အစောပိုင်းတည်းက ဒီဓားပညာရှင်ကို
လျှော့တွက်မိကြောင်း သူနားလည်လိုက်၏။

ဤအရာကြောင့်ပင် သူ၏နတ်ဆိုးမျိုးနွယ်မှ ပါရမီကရှင်နှစ်ဦး
သေဆုံးခဲ့ရသည်။ ထိုအခြေအနေက မိုခေး၏
နှလုံးသားတစ်ခုလုံးအဆုံးမဲ့ဒေါသကို ခံစားလိုက်ရသည်။

တစ်ချိန်တည်းမှာပင် သူ့စိတ်ထဲ၌
သတိလက်လွတ်ဖြစ်သွားသည့်တွေးပြီး အလွန်နောင်တရမိသည်!

သို့သော်ငြား ယန်ယွဲ့က သူ့ကို လုံးဝဒေါသထွက်စေသောကြောင့်
ထိုလူသားကို လျှော့မတွက်သင့်ကြောင်း သူ့ကိုယ်သူ
အကြိမ်ကြိမ်သတိပေးလိုက်သည်။

ရုတ်တရက် မိုခေးသည် ညာလက်ကို လက်သီးဖြင့် ဖြည်းညှင်းစွာ
ဆုပ်ကိုင်ရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်၏။

ဒီတစ်ကြိမ်တွင် ယန်ယွဲ့ကိုတိုက်ခိုက်မည့်လူက
သူကိုယ်တိုင်ပင်ဖြစ်သည်။

"ဟားဟား!" ဤအချိန်တွင်မြို့ရိုးအထက်မှ ကျယ်လောင်သော
ရယ်မောသံများ ရုတ်တရက် ထွက်ပေါ်လာသည်။

လူတိုင်း အမှတ်မထင် လှည့်ကြည့်လိုက်တဲ့အခါ အစိမ်းရောင်ဝတ်လူငယ်တစ်ဦးက မြို့ရိုးအထက်ကနေ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရ၏။

အစိမ်းရောင်ဝတ်လူငယ်က မြေပြင်ပေါ်သို့ ခြေချလာပြီးနောက် မိုခေးကို မကြည့်ဘဲ၊

မျက်လုံးမှိတ်ထားသည့် ယန်ယွဲ့ကိုသာ တစ်ချက်ကြည့်လိုက်ပြီး အေးစက်စွာ ပြောလိုက်ပါသည်။

“ငါ ဒါကို ဆက်မကြည့်နိုင်တော့ဘူး။ နတ်ဆိုးနယ်မြေ၊ ငရဲတစ္ဆေနယ်မြေ နဲ့ နတ်ဘုရားသားရဲနယ်မြေက တကယ့်ကိုလူယုတ်မာတွေနဲ့ပြည့်နေတာပဲ။

မင်းတို့အားလုံးက သူ့ကို တိုက်ခိုက်ဖို့ အလှည့်ကျ ရွေးချယ်တဲ့ နည်းဗျူဟာကို အသုံးပြုဖို့ ရည်ရွယ်နေတာလား? ဟားဟား..... တကယ်ပါပဲ မျိုးနွယ်ခြားသုံးခုရဲ့အပေါင်းအပါတွေက တော်တော်လေးအရှက်ကင်းမဲ့နေတာ။ ”

"သူက ဂျီယန်ရှီ လား? တကယ်ပဲ သူတောင်ဒီကိုရောက်လာပြီ!" နန်းဂွန်မန်က အစိမ်းရောင်ဝတ်လူငယ်ကို မြင်လိုက်တဲ့အခါ တိုးညှင်းစွာရေရွတ်လိုက်၏။

ရှီလော့သည်လည်း မျက်မှောင်ကြုတ်သွားကာ "အမ်! ဂျီယန်ရှီ..... ဒီလူက ဘာလုပ်ဖို့ ရည်ရွယ်နေတာလဲ?" ဟု အသံတိုးတိုးဖြင့် ပြောသည်။

ထိုလူငယ်ကို အသိအမှတ်ပြုသည့်လူများက နန်းဂွန်မန် နှင့် ရှီလော့သာမက၊ မြို့ရိုးပေါ်တွင်ရပ်နေသော အခြားလူငယ်ကျွမ်းကျင်သူများပါ အသိအမှတ်ပြုဟန်ဖြင့် ခေါင်းညိတ်လိုက်ကြသည်။

ဂျီယန်ရှီသည် ဗဟိုနယ်မြေရှိ အဆင့် ၈ မဟာဂိုဏ်းကြီးတစ်ခုဖြစ်သည့် "နတ်ဓားဂိုဏ်း"၏ ထိပ်တန်းပါရမီရှင်ဖြစ်သည်။

သူ၏ဂုဏ်သတင်းသည် ဗဟိုနယ်မြေတွင်လည်း အလွန်ကျော်ကြားပြီး၊ ဗဟိုနယ်မြေ၏ အထူးချွန်ဆုံး ပါရမီရှင်သုံးဦးထက် အနည်းငယ်ပင် သာလွန်ပေသည်။

ထူးခြားချက်မှာ သူသည် အသက် ၂၀ မတိုင်ခင်မှာပဲ အဆင့် ၅ ဓားစိတ်ဆန္ဒကိုနားလည်ထားခြင်းဖြစ်သည်။

ဗဟိုနယ်မြေတစ်ခုလုံး၏ နှစ်ထောင်ချီသမိုင်းတွင် အသက် ၂၀ အရွယ်မတိုင်မီ အဆင့် ၅ ဓားစိတ်ဆန္ဒကို နားလည်နိုင်သူ အနည်းငယ်သာရှိခဲ့သည်။

ဤအချက်ကြောင့်ပင် ဂျီယန်ရှီကို ဗဟိုနယ်မြေတစ်ခုလုံးက "ပထမဓား" ဟု အမည်ပေးခဲ့ခြင်းဖြစ်သည် ။

ကောလဟာလများအရ သူသည် ဉာဏ်အလင်းရဓားနှလုံးသားကိုပါ ထပ်မံပိုင်ဆိုင်သွားပါက ဓားအင်ပါယာ ဟူသော တည်ရှိမှုကိုသေချာပေါက်ကျော်တက်နိုင်မည်ဖြစ်သည်။

ဂျီယန်ရှီ၏စကားကိုကြားလိုက်တဲ့အခါ မိုခေး၏ ပါးစပ်ထောင့်တွင် အထင်အမြင်သေးမှုတစ်ခု ထွက်ပေါ်လာသည်။

ရှေးဟောင်းဒိုမိန်းမြို့၏ နံရံအထက်မှ လူသားအုပ်စုကြီးကို စူးစိုက်ကြည့်ကာ "အလှည့်ကျ နည်းဗျူဟာပဲ ဖြစ်ဖြစ်၊ သူတစ်ပါးကို တိုက်ခိုက်ဖို့ဆိုရင် ပိုပြီးညာဏ်များတာက မင်းတို့ လူသားတွေပဲ မဟုတ်လား။

အခု ငါတို့နယ်မြေသုံးခုပေါင်းလို့မှ တစ်ထောင်အောက်သာရှိပေမဲ့ မင်းတို့လူသားတွေဖက်မှာတော့ သောင်းနဲ့ချီရှိတယ်။ ၁,၀၀၀ လောက်ပဲ ရှိတဲ့ အရေအတွက်ကို အင်အား ၃၀,၀၀၀ ကျော်ရှိတာနဲ့ နှိုင်းယှဉ်ပြောတာ မရှက်ဘူးလား?"

သို့သော် ဂျီယန်ရှီက ခေါင်းယမ်းလိုက်ပြီး မိုခေးကို စိုက်ကြည့်ကာ "သောက်ရေးမပါတာတွေရပ်လိုက်တော့။ မင်းသူ့ကိုသတ်ချင်ရင် ငါ့ကိုအရင်ဖြတ်ကျော်ရမယ်။"

"အိုး?" မိုခေးက မျက်လုံးအစုံမှိတ်ထားသော ယန်ယွဲ့ကို စိုက်ကြည့်ရင်း မျက်ခုံးများကို ပင့်တင်လိုက်ကာ ဂျီယန်ရှီကို

စိုက်ကြည့်လိုက်၏။ "မင်းတို့ နှစ်ယောက်လုံးက ဂိုဏ်းတူပညာသင်ဖက်တွေလား?"

“မဟုတ်ဘူး!” ဂျီယန်ရှီက အေးတိအေးစက်ပြန်ပြေလိုက်သည်။

တစ်ဖန် မိုခေးက နောက်ထပ်မေးခွန်းတစ်ခုမေးလာပြန်သည်။ "ဒါဆို သူက မင်းရဲ့ဆွေမျိုးလား?"

“မဟုတ်ဘူး!” အစိမ်းရောင်ဝတ်လူငယ်က “မင်းဘာကိုဆိုလိုတယ်ဆိုတာ ငါသိတယ်။ ဒီနေ့က ငါတို့ ပထမဆုံးတွေ့ဖူးတာဖြစ်လို့ ပွင့်ပွင့်လင်းလင်းပြောလို့ရတယ်။ အရင်က သူ့ကို အရမ်းစိတ်ဆိုးခဲ့ဖူးတဲ့ အတိုင်းအတာအထိပါပဲ။ ဘာလို့လဲဆိုတော့ သူက ကိုယ့်ကိုယ်ကို အကြီးစားအင်ပါယာလို့ သတ်မှတ်ထားလို့။ ငါ့ရဲ့ "နတ်ဓားဂိုဏ်း"က ဓားတာအိုမှာထူးချွန်တဲ့ ပါရမီရှင်တွေ မရေမတွက်နိုင်အောင်ပိုင်ဆိုင်ထားတယ်။ ဒါပေမယ့် ဘယ်သူမှသူတို့ကိုယ်သူတို့ အကြီးစားအင်ပါယာလို့မပြောဝံ့ဘူး။

အခုတော့ တောင်ပိုင်းနယ်မြေရဲ့ လူငယ်ကျွမ်းကျင်သူတစ်ယောက်က အကြိုမြားအင်ပါယာ ဆိုပြီး သတ္တိရှိရှိကြေညာရဲတယ်။

ဒါက ငါ့ကို အတော်လေး ဒေါသထွက်စေတယ်။ ဒါကြောင့် သူ့ကို သင်ခန်းစာတစ်ခု သင်ပေးဖို့ ရည်ရွယ်ချက်နဲ့ ရှေးဟောင်းဒိုမိန်းမြို့ကို အမြန်ရောက်လာခဲ့တာပဲ။"

ထို့နောက် သူက ယန်ယဲ့ကိုတစ်ချက်ကြည့်လိုက်ပြီး "ဒါပေမယ့် ကျွန်တော်ဒီကိုရောက်တာနဲ့ မင်းတို့အားလုံးကို တွေ့လိုက်ရတယ်။အံ့သြဖို့ကောင်းတာက ထောင်နဲ့ချီတဲ့ လူသားကျွမ်းကျင်သူတွေအားလုံး မင်းတို့မျိုးနွယ်စုသုံးခုနဲ့ ရင်ဆိုင်ရတဲ့အခါ တိုက်ခိုက်ဖို့ သတ္တိမရှိတာ အမှန်ပဲ။ ဒါက လူသားမျိုးနွယ်အတွက် တကယ်ကို ရှက်စရာကောင်းလွန်းတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတော့ လူသားတိုင်းက သေခြင်းတရားကို ကြောက်တဲ့လူတွေမဟုတ်ခဲ့ဘူး။

ဟုတ်တယ်၊ အခု ငါပြောနေတာက ယန်ယဲ့လို့ခေါ်တဲ့ ဒီလူကို။ သူ့ကိုယ်သူ အကြိုမြားအင်ပါယာလို့ သတ်မှတ်ထားတဲ့အတွက် ပြောစရာမလိုအောင်

ငါအရမ်းဒေါသထွက်နေတယ်ဆိုတာဝန်ခံတယ်။ ဒါပေမယ့် ဒီအချိန်မှာသူ့ရဲ့စိတ်သဘောထားက ငါဂျီယန်ရှီရဲ့အထင်ကြီးလေးစားမှုကို ရထိုက်တယ်။ ဒါကြောင့်မြို့ရိုးပေါ်ကနေ ခုန်ဆင်းလာခဲ့တာပဲ။”

မိုခေးက မြို့ရိုးပေါ် ရှိ လူအုပ်ကို ဂရုမစိုက်ဘဲ ငုံ့ကြည့်ကာ “ငါတို့အားလုံးက ရန်သူတွေဖြစ်ပေမဲ့ မင်းတို့နှစ်ယောက်က လေးစားထိုက်တယ်။ ဒါနဲ့ မင်းတို့နှစ်ယောက်ကို သတ်ပြီးရင် အလောင်းတွေကို ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်ပေးပါမယ်!"

"ဟားဟား!!" ဂျီယန်ရှီက ကျယ်လောင်စွာရယ်မောလိုက်၏။ “ကောင်းပြီ၊ ဒီလိုဆို ငါက

မင်းကို ကြိုပြီး ကျေးဇူးတင်ရမှာပေါ့။

နတ်ဆိုးမျိုးနွယ်က ရုပ်ခန္ဓာခွန်အား နဲ့ စွမ်းအင်နှစ်မျိုးလုံးကို

လေ့ကျင့်ထားတယ်လို့ဆိုကြတယ်။

ငါ ဂျီယန်ရှီက ဒီနေ့ နတ်ဆိုးမျိုးနွယ်ရဲပါရမီရှင်တွေ

ဘယ်လောက်သန်မာလဲ? စမ်းကြည့်ပါရစေ။”

သူပြောပြီးသည် နှင့် ဂျီယန်ရှီက လှုပ်ရှားခြင်းမရှိဘဲ ခေါင်းကို အသာညိတ်ပြလိုက်၏။

သို့သော်လည်း သူ့လက်ထဲမှ တောက်ပသော အလင်းတန်းတစ်ခု ဖျတ်ခနဲလင်းလက်သွားကာ ထူးဆန်းစွာပင် ပျောက်ကွယ်သွားသည်…။

ဘာ!

လူတိုင်း အံ့သြ တုန်လှုပ်သွားကြ၏။

ဒီအချိန်မှာပဲ မိုခေး၏လည်ပင်းတွင် သွေးနီရဲနေသော အမှတ်အသားတစ်ခု ရုတ်ချည်းဖြစ်ပေါ်လာခဲ့သည်။

မိုခေးက သူ့လည်ပင်းမှ သွေးစီးကြောင်းကိုသုတ်လိုက်ရင်း ခေါင်းခါသည်။ “မင်းရဲ့ဓားအရှိန်က ငါမြင်ဖူးသမျှထဲမှာ အလျင်မြန်ဆုံးပဲ။ ကံမကောင်းစွာပဲ မင်းက အဆင့် ဓားစိတ်ဆန္ဒကို နားလည်ထားပေမယ်လို့ အဆင့် ၅ ဓားစိတ်ဆန္ဒက

ရှင်းရှင်းလင်းလင်း မတည်ငြိမ်သေးဘူး။ တကယ်လို့ မင်းက အဆင့် ၆ ဓားစိတ်ဆန္ဒကို နားလည်ထားပြီး အဆင့် ၅ ဓားစိတ်ဆန္ဒ ကို ကောင်းကောင်းထုတ်သုံးနိုင်ရင်တော့ ငါ့အတွက် အနည်းငယ် ခြိမ်းခြောက်မှု ဖြစ်နိုင်တယ်။ ဟားဟား! အခုတော့ ငါ့လည်ပင်းကို ၁၀ ကြိမ်မက ဓားနဲ့ထိုးခိုင်းရင်တောင် မင်းဘာလုပ်နိုင်မှာလဲ?"

ဂျီယန်ရှီ၏ မျက်နှာပေါ် ရှိ အပြုံးသည် ချက်ချင်း ပျောက်ကွယ်သွားပြီး အလွန်လေးနက်သော အမူအရာများပေါ်လာခဲ့ပါသည်။

သူ လျှပ်တစ်ပြက်ထုတ်လွှတ်လိုက်သော အဆင့် ၅ ဓားစိတ်ဆန္ဒက မိုခေး ၏ အရေပြားကိုပင် မဖြတ်နိုင်ခဲ့ပေ။

"ချီး! ဒီနတ်ဆိုးကောင် မိုခေးရဲ့ခုခံကာကွယ်မှုက တကယ်ကို ကြောက်စရာကောင်းတဲ့ အတိုင်းအတာအထိရောက်နေပြီထင်တယ်။"

ဒီအခြေအနေက သူဘယ်တုန်းကမှ မမျှော်လင့်ထားသော အရာပင်။

"အခု ငါ့အလှည့်ပဲ!" မိုခေးက ဂရုမစိုက်သောလေသံဖြင့် ပြောပြီးနောက် ညာခြေကိုအသာမြှောက်ကာ မြေပြင်ကို ရုတ်တရက် နင်းချလိုက်၏။

ဘန်း

တစ်ချိန်တည်းတွင် မြေပြင်သည် ပြင်းထန်စွာ တုန်လှုပ်သွားပြီး ချက်ချင်းပင် ပြိုကျလာသည်။

ထို့နောက် မြေပြင်ပေါ် ရှိ လက်သီးစုပ်အရွယ် ကျောက်တုံးကြီးတစ်တုံးက လေထဲတွင် ပျံတက်သွားကာ ဂျီယန်ရှီဆီသို့ တဟုန်ထိုးပြေးဝင်လာခဲ့လေသည်။

ဟင်း!

ဂျီယန်ရှီ၏ အမူအရာက အနည်းငယ် ပြောင်းသွားသည်။

သူက မိုခေး၏တိုက်ခိုက်မှုကို လုံးဝ သတိလက်လွတ်မခံဝံ့ဘဲ၊
လက်ထဲမှဓားကိုအလျားလိုက် ဝှေ့ယမ်းလိုက်ကာ
ကျောက်တုံးကြီးကို ပိုင်းချလိုက်ပါသည်။

ခရက်!

ဂျီယန်ရှီ၏ လက်ထဲတွင်ကိုင်ထားသောဓားက
မရေမတွက်နိုင်အောင် အပိုင်းပိုင်းကွဲအက်သွားကာ
ကျောက်တုံးကြီးက ရင်ဘတ်တည့်တည့်သို့
ဆက်လက်ပြေးဝင်လာခဲ့သည်။

ဟမ်! ဂျီယန်ရှီ၏မျက်လုံးများက အလွန်ကျဉ်းမြောင်းသွားကာ
သူ၏အဓိကဝှက်ဖဲကိုအသုံးချရန်ပြင်လိုက်ပါပြီ။

ထိုအချိန်မှာပဲ ရွှေရောင်တောက်ပနေသော လက်ဝါးတစ်ဖက်က
သူ့ရင်ဘတ်ရှေ့တွင်ရုတ်တရက်ပေါ်လာပြီး ကြောက်မက်ဖွယ်ရာ

အင်အားကိုသယ်ဆောင်လာသော ကျောက်တုံးကို ဖမ်းယူလိုက်ပါတော့သည်။

သူက အလွန်အံ့သြသွားကြီး ခေါင်းလှည့်လိုက်ရာ သူ့ဘေးနားတွင်ရုတ်တရက်ပေါ်လာသော ယန်ယဲ့ကို မြင်လိုက်၏ ။

"ကျေးဇူးတင်ပါတယ်!"  ယန်ယဲ့က ဂျီယန်ရှီကိုအနည်းငယ် ခေါင်းညိတ်ပြပြီးနောက်၊ မိုခေးကို စိုက်ကြည့်ကာ "ဒါပေမယ့် ငါ့ပြဿနာကို ငါကိုယ်တိုင်ဖြေရှင်းမယ်!"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၁၃ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၁၃)] အံ့အားသင့်ဖွယ်ရာ တိုက်ခိုက်မှု။

ထို့နောက် ယန်ယွဲ့သည် လက်ကိုအနည်းငယ်အားစိုက်ထုတ်ကာ ဖြစ်ညှစ်လိုက်သည်။

သူ့လက်ပေါ် ရှိကျောက်တုံးကြီးက ထက်ပိုင်းကွဲထွက်သွားကာ မြေပြင်ပေါ်သို့ ကျသွား၏။

သူ့နှလုံးသားထဲမှ စိတ်ဆန္ဒတစ်ခုကိုထုတ်လွှတ်ကာ လေထဲတွင်အဆက်မပြတ်လှည့်ပတ်နေသော ဓားစက်ကွင်းကြီးကိုကြည့်လိုက်သည်။

တစ်ချိန်တည်းမှာပင် ထောင်သောင်းချီသော ဓားများက မြောက်များစွာသောအလင်းတန်းများအဖြစ်ပြောင်းလဲကာ နတ်ဆိုးမျိုးနွယ်၏ အဖွဲ့ဝင်များဆီသို့ ပျံသန်းသွားကြသည်။

အဆင့် ၅ ဓားစိတ်ဆန္ဒ။

ဒီမြင်ကွင်းကို မြင်လိုက်ရချိန်မှာတော့ ပတ်ဝန်းကျင်မှ လူတိုင်း၏အမူအရာများလည်း သိသိသာသာကို ပြောင်းလဲသွားပါတော့သည်။

နောက်ဆုံးတွင် သူတို့အနေဖြင့် ယန်ယဲ့က အဆင့် ၄ ဓားစိတ်ဆန္ဒကိုနားလည်ထားသည်ဟု သာ သိရှိထားကြ၏။

ယခုမူ ယန်ယဲ့က အဆင့် ၅ ဓားစိတ်ဆန္ဒကိုထုတ်ဖော်ပြလိုက်ကြောင်းမြင်လိုက်ရပါပြီ။

ဟူး……။ ဒီလူ…..!

ပတ်ဝန်းကျင်မှလူတိုင်းရုတ်တရက်အဖြစ်အပျက်ကြောင့်အလွန်အံ့အားသင့်သွားသလို အချိန်တော်တော်ကြာတိတ်ဆိတ်သွားကြ၏။

အဆင့် ၅ ဓားစိတ်ဆန္ဒ ဟူသော အရာက ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူအချို့ပင် အလွယ်တကူရင်ဆိုင်ရဲခြင်းမရှိပေ။

ရှေးဟောင်းဒိုမိန်းမြို့၏ မြို့နံ့ရံများပေါ်၌ ရပ်နေသော နန်းဂွန်မန်၊ လီချင်းရှူ နှင့် ရှီလော့တို့၏ အမူအရာများသည်ပင် အလွန်လေးနက်နေပေသည်။

အဆင့် ၄ ဓားစိတ်ဆန္ဒသည် သူတို့အတွက် အနည်းငယ်မျှသာ ဒုက္ခများစေရုံဖြစ်ပြီး လုံးဝ ခြိမ်းခြောက်နိုင်စွမ်း မရှိပေ။

သို့သော်၊ အဆင့် ၅ ဓားစိတ်ဆန္ဒဆိုပါကအလွန်ကွဲပြားသွားပြီဖြစ်သည်။

ထို့အပြင် ယန်ယွဲ့သည် အလွန်တရာထူးခြားဆန်းကြယ်သော ဓားထိန်းချုပ်ခြင်းနည်းစနစ်ကိုပင် ပိုင်ဆိုင်ထား၏။

ထို့ကြောင့် သိသာစွာပင် ဒီအချိန်၌ နန်းဂွန်မန် နှင့် အခြားနယ်မြေအသီးသီး၏ပါရမီရှင်အားလုံး ယန်ယွဲ့ကို အတော်လေး အလေးအနက်ထားလာကြသည်။

တစ်ဖက်တွင်၊ ပန်းနန်းတော်၏ ရန်ဝူနှင့် ဆေဘာဓားဂိုဏ်း၏ ကိုယ်စားလှယ် ဂျန်ဝူဂျိတို့၏ အမူအရာများက သိသိသာသာ ပျက်ယွင်းနေပေသည်။

အချိန်တစ်လကျော်ကြာပြီးနောက် ယန်ယဲ့သည် ကောင်းကင်လွှာအဆင့်မှ သိုင်းဘုရင်အဆင့်သို့ တိုက်ရိုက်ရောက်ရှိသွားရုံသာမက၊ အဆင့် ၄ ဓားစိတ်ဆန္ဒကနေ အဆင့် ၅ ဓားစိတ်ဆန္ဒကိုပင် နားလည်သွားပြီဖြစ်သည်။

"သေစမ်း.....။ ဒီလိုကြောက်စရာကောင်းတဲ့ သဘာဝစွမ်းရည်တွေ... ဒီယန်ယဲ့ကိုသာအချိန်နည်းနည်းပေးလိုက်ရင် သူပိုင်ဆိုင်ထားတဲ့ ဉာဏ်အလင်းရဓားနှလုံးသားနဲ့သာပေါင်းစပ်တိုက်ခိုက်လာရင် တောင်ပိုင်းနယ်မြေရဲ့ဘယ်သူကမှ သူ့ကိုယှဉ်နိုင်မှာမဟုတ်တော့ဘူး။"

အကယ်၍ ယန်ယဲ့သာ ဆက်၍ကြီးထွားလာပါက ဆေဘာဓားဂိုဏ်းနှင့် ပန်းနန်းတော်တွင် အနာဂတ် မဟာရန်သူအဖြစ် အလွန်အမင်း

ကြောက်စရာကောင်းသော ပညာရှင်တစ်ဦး

ရှိလာလိမ့်မည် ။

ဤအချက်ကိုတွေးတောမိသောအခါ ရန်ဝူနှင့် ဂျန်ဝူကျိတို့၏

နှလုံးသားထဲတွင် သတ်ဖြတ်ချင်စိတ်များ

အတားအဆီးမရှိထွက်ပေါ်လာတော့သည်။

သို့သော် သူတို့မသိသည်မှာ အကယ်၍ ယန်ယဲ့သာ အဆင့် ၆

ဓားစိတ်ဆန္ဒကိုနားလည်ထားကြောင်းသိရှိပါက

သတ်ဖြတ်ရန်ကြံစည်ရဲမည်မဟုတ်ပေ။

မှန်ပါသည်။ အစောပိုင်းတုန်းကတိုက်ပွဲတွင်ယန်ယဲ့သည် အဆင့် ၅

ဓားစိတ်ဆန္ဒမှ အဆင့်

၆ ဓားစိတ်ဆန္ဒသို့ မြင့်တက်သွား၏။

သူ၏ စိတ်အခြေအနေ ပြောင်းလဲသွားပြီးနောက် ဓားစိတ်ဆန္ဒသည်
ထပ်မံမြင့်တက်သွားကာ အဆင့်မြင့်
ဓားစိတ်ဆန္ဒနယ်ပယ်သို့ရောက်ရှိသွားခြင်းပင်။

ထိုကဲ့သို့ ကြီးမားသောအောင်မြင်မှုကြောင့်သာ သူသည်
ထောင်သောင်းချီသောဓားများကို
တစ်ချိန်တည်းထိန်းချုပ်စေခိုင်းနိုင်ခဲ့၏။

ရှေးဟောင်းဒိုမိန်းမြို့၏ တံတိုင်းအောက်မှ ဓားပေါင်း ၁၀၀၀၀၀
ကျော်က အဆင့် ၅ ဓားစိတ်ဆန္ဒ အငွေ့အသက်များ
ပျံ့လွင့်နေပေသည်။

အဆင့် ၅ ဓားစိတ်ဆန္ဒ၏ ကြောက်မက်ဖွယ်ရာအငွေ့အသက်က
နတ်ဆိုးနယ်မြေ၏
အဖွဲ့ဝင်များကိုပင်ကြောက်လန့်တကြားနောက်ဆုတ်သွားစေသည်။

"ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားတဲ့ မြင်ကွင်းလဲ!"
ထိုအချိန်တွင် မိုခေးက ရုတ်တရက်ပြောပြီး ခေါင်းယမ်းလိုက်၏။
"ကံမကောင်းစွာပဲ၊ အဲဒါက တခြားစီပဲ!"

မိုခေးက စကားဆုံးသည်နှင့် ရှေ့သို့တစ်လှမ်းတိုးလိုက်ကာ
ကောင်းကင်ယံကို ဖုံးလွှမ်းနေသော ဓား ၁၀၀၀၀၀ ကို စိုက်ကြည့်ရင်း
မျက်လုံးထဲတွင် ထူးခြားသောအငွေ့အသက်များ
တောက်ပလာခဲ့သည်။

တစ်ချိန်တည်းတွင် ကောင်းကင်ယံရှိ ဓား ၁၀၀၀၀၀ ကို
စိုက်ကြည့်ကာ သူ့ပါးစပ်ကိုအနည်းငယ်ဖွင့်ဟပြီး
ရုတ်တရက်ဟိန်းဟောက်လိုက်သည်။
နောက်အခိုက်အတန့်တွင် မိုခေးက ပါးစပ်ကို
အနည်းငယ်ဖွင့်လိုက်ပြီး ဓားသွားကို ရုတ်တရက်
ဟောက်လိုက်သည်။

ဟောက်!!

မျက်မြင့်မမြင်ရသော
ရောမလှိုင်းလုံးကြီးတစ်ခုထွက်ပေါ်လာပြီးနောက်
ကောင်းကင်ကိုဖုံးလွှမ်းထားသည့် ဓား ၁၀၀၀၀၀ ဆီသို့
တိုးဝင်သွား၏။

ဝုန်း

မမြင်နိုင်သော စွမ်းအင်လှိုင်းလုံးကြီးကပတ်ဝန်းကျင်သို့ ချက်ချင်း
ပျံ့လွင့်သွားလေတော့သည်။

ထို စွမ်းအင်လှိုင်းလုံးများက
ဒီရေလှိုင်းကဲ့သို့တလိမ့်လိမ့်ထွက်ပေါ်လာပြီး
တစ်ခုပြီးတစ်ခုအဆက်မပြတ်ပေါ်လာကာ ပတ်ဝန်းကျင်လေထုကို
ပြင်းထန်စွာ ရိုက်ခတ်သွားပါသည်။

လူတိုင်း ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ
အလွန်တုန်လှုပ်သွား၏။
မိုခေးနှင့် ယန်ယဲ့တို့ တိုက်ခိုက်ရာမှထွက်ပေါ်လာသောစွမ်းအားသည်
အမှန်တကယ်ပင် ကြောက်စရာကောင်းလွန်းလှသည်။

ချီး! သူတို့က
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေများလား?"

အချိန်အတော်ကြာပြီးနောက် စွမ်းအင်လှိုင်းများ ပြန့်ကျဲသွားကာ
ယန်ယဲ့ ထိန်းချုပ်ထားသော ဓား ၁၀၀၀၀၀
ကျော်သည်လည်းချက်ချင်းပျောက်ကွယ်သွား၏။
မြောက်များစွာသော ဓားအပိုင်းအစများကမြေပြင်ပေါ်တွင်
ပြန့်ကျဲကျနေခဲ့သည်။

ဟူး.....။

မြေပြင်ပေါ်မှ ဓားအပိုင်းအစများကို စိုက်ကြည့်ရင်း ယန်ယဲ့၏နှလုံးသားကအလွန်တုန်လှုပ်သွားသည်။

အဆင့် ၅ ဓားစိတ်ဆန္ဒ နှင့် ပေါင်းစပ်ထားသော ဓား ၁၀၀၀၀၀ က အလွန်ကြောက်စရာကောင်းလွန်းသည်။

၎င်းသည် အဆင့်နိမ့်ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူကိုပင် သတ်ဖြတ်ပစ်နိုင်ပေသည်။

သို့သော် မိုခေးက အလွယ်တကူချေဖျက်ပစ်ခဲ့၏။

"ကြည့်ရတာ ငါ့ပြိုင်ဖက်ကို နည်းနည်းလျှော့တွက်ထားမိပုံပဲ။" ယန်ယဲ့ကအသက်ပြင်းပြင်းရှူလိုက်သည်။

သူက နောက်ထပ်တိုက်ခိုက်ရန်ပြင်လိုက်စဉ်မှာပဲ အနက်ရောင်သံကြိုးတစ်ချောင်းကလေထုကိုပိုင်းဖြတ်သွားပြီး သူ့လည်ပင်းဆီသို့လျှပ်စီးတန်းတစ်ခုအလားတိုးဝင်လာသည်ကိုမြင်လိုက်ရ၏။

ထို ရုတ်တရက် မျှော်လင့်မထားသောအလစ်အငိုက်ဖမ်း တိုက်ခိုက်မှု ယန်ယဲ့၏ခန္ဓာကိုယ်ကို ချက်ချင်း တောင့်တင်းသွားစေသည်။

ထို့နောက် သူ၏အမူအရာကပြောင်းသွားပြီး လက်ထဲမှဓားကို ကန့်လန့်ဖြတ်ဝှေ့ယမ်းကာအနက်ရောင်သံကြိုးကို ခုတ်ပိုင်းလိုက်သည်။

ကလန်!

သို့ရာတွင် အနက်ရောင်သံကြိုးက ပြတ်တောက်သွားခြင်းမရှိပေ၊ ထိုအစားသူ့လက်ထဲရှိမြေကမ္ဘာအဆင့်ဓားကတော့အပိုင်းပိုင်းကွဲထွက်သွားလေသည်။

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့အခါ ယန်ယဲ့၏ အမူအရာက နောက်တစ်ကြိမ် ပြောင်းလဲသွားပါတော့သည်။

“ဟေး....” အနက်ရောင်သံကြိုးကိုကိုင်ထားသော ဟွင်းယုက ရယ်ကျဲကျဲဖြင့်

“ငါ့ရဲ့ငရဲတစ္ဆေသံကြိုးကို ဖြတ်ပစ်ချင်နေတာလား? ဟီးဟီး..... မင်းက တော်တော်လေးရယ်ရတာပဲ! မြေကမ္ဘာအဆင့်မြင့်ဓားကိုမပြောနဲ့ ကောင်းကင်အဆင့်ဓားတစ်ချောင်းဆိုရင်တောင် ငါ့ရဲ့ ငရဲတစ္ဆေသံကြိုးကိုဖျက်ဆီးဖို့မဖြစ်နိုင်ဘူး။

မင်းသိအောင်ပြောပြလိုက်မယ်......

ဘာလို့လဲဆိုတော့ ငါ့ရဲ့ ငရဲတစ္ဆေသံကြိုးကတာအိုရတနာလက်နက်ဖြစ်နေလို့လေ။

အခု မင်းကို ငရဲတစ္ဆေသံကြိုးနဲ့ ချုပ်နှောင်လိုက်ပြီဆိုတော့.....၊ ဟား! မင်းမှာ ဘယ်လောက်ပဲ ထူးထူးခြားခြား အရည်အချင်းတွေရှိရှိ သေရမှာပဲ။ ဘာကြောင့်လဲ ဆိုတော့ ဒါက မင်းရဲ့ခန္ဓာကိုယ်တင်မဟုတ်ဘူးလေ၊ ပြောရမယ်ဆိုရင် ဒီလက်နက်က မင်းရဲ့စိတ်ဝိညာဉ်ကိုပါ ချည်နှောင်ထားလို့ပဲ။ မယုံရင် ကိုယ့်ကိုယ်ကိုစမ်းကြည့်လိုက်လေ! ဘယ်လိုနေလဲ? အသက်ရှူကြပ်တဲ့ ခံစားချက်ကို ဘယ်လို ခံစားရလဲ? ဟားဟား!"

ဒီအချိန်မှာ မိုခေးထံမှ အေးစက်စက်လေသံထွက်ပေါ်လာ၏။
"ဟွင်းယု! ဒါက ငါနဲ့ သူ့ကြားက တိုက်ပွဲပဲ"

"ဘာဖြစ်လဲ?" ဟွင်းယုက အေးစက်စွာ ရယ်လိုက်ရင်း "ဒီလူသားက ငါ့နယ်မြေရဲ့ညီအစ်ကိုလူတစ်ယောက်ကို သတ်ခဲ့တာ၊ ဒီအတိုင်းမေ့ထားလိုက်ရမှာလား?"

"ဟင်း......၊ မင်းက သူ့ရဲ့ဝိညာဉ်ကို ဝါးမြိုချင်နေတာမဟုတ်လား?" မိုခေးက ဆက်ပြောလိုက်၏။ "ဓားတာအိုက ထိပ်သီးပါရမီရှင် တစ်ယောက်ရဲ့စိတ်ဝိညာဉ်က အရမ်းအားကောင်းပြီး သန့်စင်မယ်ဆိုတာသိသာတယ်။ ပြောရရင် ဒါက မင်းအတွက် အတော်လေး ဆွဲဆောင်နေတယ်လေ။

ငါနားလည်ပါတယ်။ တကယ်လို့ ဒီမတိုင်ခင် ဒါမှမဟုတ် တခြားအချိန်တွေမှာဆိုရင် မင်းသူ့ကို တိုက်ခိုက်ချင်တယ်ဆိုရင် ငါကန့်ကွက်စရာမရှိပါဘူး။

ဒါပေမယ့် အခုမဟုတ်ဘူး! ဘာလို့လဲဆိုတော့ သူက ငါ့ရဲ့ရန်သူ လေ..!"

"ဒါပေမယ့် သူ့ကံကြမ္မာက ငါ့လက်ထဲမှာပဲ!"

ဟွင်းယုက အေးစက်စွာပြောလိုက်သည်။ "မိုခေး၊ မင်းက အရမ်းသန်မာတယ်ဆိုတာ ငါသိပါတယ်။

ဒါပေမယ့် ငါဟွင်းယုက မင်းကိုမကြောက်ဘူး။ ငါတို့က လက်ရှိကြားနေတိုက်ပွဲကနေ အကျိုးအမြတ်မယူချင်ဘူးဆိုရင် မင်းရဲ့ဝိညာဉ်ကို ငါထုတ်ယူပြီးတာကြာပြီ!"

"တိုက်ဆိုင်လိုက်တာ! ငါ့အတွေးတွေကလည်းဒီလိုပါပဲလေ!"
"တကယ်ပြောရရင် မင်းတို့နယ်မြေထဲက အပေါင်းအပါတွေကို ငါ လုံးလုံး သဘောမကျဘူး!"

"ဟမ့်! မင်းတို့နှစ်ယောက်လုံး ကိုယ့်ရဲ့နယ်မြေက အဖွဲ့ဝင်တွေ လုံးဝပျက်စီးမှာကို စိတ်မပူဘူးဆိုရင် ရှေ့ဆက်ပြီး အချင်းချင်း တိုက်ခိုက်ကြ!" ထိုအချိန်တွင် တိတ်ဆိတ်ငြိမ်သက်နေခဲ့သော

နဂါးစိမ်းလူငယ် ယင်လုံက ရုတ်တရက် စကားစလိုက်သည်။ “ငါ့ရဲ့ နဂါးစိမ်းကလန်က ဒီလူသားပုရွက်ဆိတ်တွေကို လုံးဝ မကြောက်ဘူး။

အဆိုးတက အဆိုးဆုံးဖြစ်လာရင် ငါတို့ကနတ်ဆိုးနယ်မြေကို ပြန်သွားနိုင်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကံကြမ္မာစွမ်းအားက ငါတို့နဂါးကလန်အတွက် သိပ်ပြီးအရေးမကြီးဘူးလေ။

ဒါပေမယ့် မင်းတို့နှစ်ယောက်.....

အခြေအနေတွေက ကွဲပြားတယ်ဆိုတာသိသင့်တယ်။ ကံကြမ္မာစွမ်းအားကို လုံလုံလောက်လောက် မရနိုင်ခဲ့ရင် မင်းတို့ နှစ်ယောက်သက်ဆိုင်ရာနယ်မြေတွေကို ပြန်တဲ့အခါ မျိုးနွယ်စုအကြီးအကဲတွေကို ဘယ်လို ရှင်းပြမလဲ?"

ယင်လုံ၏ ထောက်ပြပြောဆိုလိုက်သောစကားသံကြောင့် မိုခေး နှင့် ဟွင်းယုတို့နှစ်ဦးလုံး ချက်ခြင်းငြိမ်ကျသွားသည်။

အကယ်၍ သူတို့ မျိုးနွယ်သုံးခုသာရှေးဟောင်းစစ်မြေပြင်တွင် တိုက်ခိုက်ကြမည်ဆိုပါက အဆုံးသတ်တွင် အကျိုးအမြတ်ရသွားမည်မှာ လူသားများပင် ဖြစ်သည်။

မှန်ပါသည်၊ ထိုထက်ပို၍ အရေးကြီးသောအချက်မှာ သူတို့၏သက်ဆိုင်ရာမျိုးနွယ်စုများက ရှုံးနိမ့်ခြင်းကို ရင်ဆိုင်ရန်မတတ်နိုင်ပေ။

အကယ်၍ သူတို့အားလုံး ရှေးဟောင်းစစ်မြေပြင်တွင် သေဆုံးသွားပါက နတ်ဆိုးနယ်မြေ နှင့် ငရဲတစ္ဆေနယ်မြေအတွက်သိသိသာသာဆုံးရှုံးမှုကြီးမားသွားပါလိမ့်မည်။

တစ်ချိန်တည်းမှာပင် ယင်လုံက ဆက်ပြောလိုက်၏။
"မင်းတို့နှစ်ယောက် ရှေ့မှာရပ်နေတဲ့ ဒီပုရွက်ဆိတ်ကြောင့် အချင်းချင်းတိုက်ခိုက်နေတာဆိုတော့ ငါယင်လုံကို ဒီပုရွက်ဆိတ်နဲ့ ရင်ဆိုင်ခွင့်ပြုပါ!"

သူပြောပြီးသည်နှင့် တစ်ပြိုင်နက် ယင်လုံ၏ ပုံရိပ်က တဖျပ်ဖျပ် တောက်ပလာပြီး၊
ငရဲတစ္ဆေသံကြိုးဖြင့်ချုပ်နှောင်ခံထားရသောယန်ယဲ့ဆီသို့ ချက်ချင်းရောက်ရှိလာခဲ့၏။

ထို့နောက် သူ၏အမူအရာကရုတ်ချည်းဆိုသလိုတင်းမာသွားကာ ရောမနဂါးစိမ်းလက်သီးကြီးဖြင့် ယန်ယဲ့၏ခေါင်းကိုကြမ်းတမ်းစွာထိုးချလိုက်တော့သည်။

အစောပိုင်းက သူသည် ယန်ယဲ့ကြောင့် လူရှေ့သူရှေ့တွင် အရှက်ကွဲခဲ့ရသည်။
နဂါးကလန်၏ အခြေအနေကြောင့် သူခံစားရသော အရှက်တရားကို မည်သို့ ဖျောက်ဖျက်ပစ်နိုင်မည်နည်း။

သူ ချက်ချင်းပြန်လည်မတိုက်ခိုက်သည်မှာယန်ယဲ့၏ဘေးနားမှ လျှို့ဝှက်ဆန်းကြယ်သောပညာရှင်ကို ကြောက်ရွံ့နေသောကြောင့်ပါ။

ယခုအချိန်တွင် ထိုလှျို့ဝှက်ဆန်းကြယ်သော ပညာရှင်က နောက်ထပ် လှုပ်ရှားမှုရန် အရိပ်အယောင်မပြတော့ပေ။

ဖြစ်နိုင်သည်မှာ ရှေးဟောင်းဒိုမိန်းမြို့၏ အဆင့်မြင့်အာဏာပိုင်များက အဆိုပါ လှျို့ဝှက်ဆန်းကြယ်သော ပညာရှင်ကိုတားဆီးလိုက်ခြင်းဖြစ်သည်။

တစ်ဖက်တွင် ယန်ယွဲ့၏အသက်က ဟွင်းယု၏ လက်ထဲတွင်ရှိနေသော်ငြား ထိုလှျို့ဝှက်ဆန်းကြယ်သော ပညာရှင်က ရုပ်ထွက်မပြခဲ့ပေ။

ဤအချက်ကြောင့်ပင် သူက ယန်ယွဲ့ကို တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်ခြင်းပါ။

ယင်လုံ၏ ရောမနဂါးစိမ်းလက်သီးချက်က သူ့ခေါင်းတည့်တည့်သို့ ထိုးချလာသည်ကိုမြင်တဲ့အခါ ယန်ယွဲ့က ချက်ချင်းမျက်မှောင်ကြုတ်သွားသည်။

ဒီအခြေအနေမျိုးက အတိတ်တွင် သူတစ်ခါမှ မကြုံဖူးသော အခြေအနေတစ်ခုဖြစ်နေသောကြောင့် ယန်ယဲ့၏မျက်နှာကသိသိသာသာပင်ဆိုးရွားနေခဲ့ပါသည်။

ထိုအချိန်တွင် ယင်လုံ၏ နဂါးစိမ်းလက်သီးကသူ့ထံတိုးဝင်လာသည့်အခါ ယန်ယဲ့က တွန့်ဆုတ်မနေဘဲ ငရဲတစ္ဆေမီးတောက်ကိုအသုံးပြုရန်ပြင်လိုက်သည်။

သို့သော်ငြား၊ ထိုအချိန်မှာပဲ သူ့ရှေ့တွင်အရိပ်တစ်ခုပေါ်လာပြီး ဂျီယန်ရှီက ရပ်နေသည်ကိုသတိပြုမိလိုက်သည်။

ရွှမ်း။

ဂျီယန်ရှီကလည်း တုံ့ဆိုင်းမနေဝံ့ပေ၊ အေးစက်စက်ရယ်မောလိုက်ကာ ဓားကိုချက်ချင်းဆွဲထုတ်ပြီး နဂါးစိမ်းလက်သီးကိုတိုက်ရိုက်ပိုင်းချလိုက်၏။

ဘန်း!

ယင်လုံ၏ ကြောက်မက်ဖွယ် ရုပ်ခန္ဓာခွန်အားက ဂျီယန်ရှီကို ၁၀ မီတာခန့်အကွာထိဆုတ်သွားစေကာ တစ်ဖက်တွင် ယင်လုံက ၄ မီတာလောက်သာ နောက်ပြန်ဆုတ်လိုက်ရခဲ့သည်။

ဂျီယန်ရှီက ဒေါသထွက်နေသော ယင်လုံကိုကြည့်ကာ အေးစက်စက် ရယ်မောလိုက်၏။ ထို့နောက် အထင်အမြင်သေးစွာဖြင့် "ဒါက နတ်ဆိုးနယ်မြေရဲ့နဂါးကလန် လား? နဂါးကလန်က ဘာလို့ ဒီလောက်တောင် အရှက်မဲ့ရတာလဲ။

မင်းက နဂါးကလန်ရဲ့စည်းမျဉ်းကိုတောင်ချိုးဖျက်ပြီး မလှုပ်ရှားနိုင်တဲ့ လူသားတစ်ယောက်ကို တိုက်ခိုက်ဖို့ ရည်ရွယ်ခဲ့တာလား?

မင်းက သူ့ကို တစ်ချက်တည်းနဲ့သတ်လိုက်နိုင်ရင်တောင် ငါ့အမြင်မှာ မင်းက နိမ့်ကျတဲ့လူပဲဖြစ်နေလိမ့်မယ်။

ဟုတ်မယ်ထင်တယ်၊ ငါ မင်းကို နောက်တစ်ခု မေးပါရစေ။ မင်းတို့ နဂါးကလန်က ဘယ်တုန်းက အခုလိုအရှက်မဲ့သွားတာတုန်း?"

"ပုရွက်ဆိတ်ကောင်!" ယင်လုံက ဒေါသတကြီးကျိန်ဆဲရင်း ခြေထောက်ကိုစောင့်နင်းလိုက်ကာ ဂျီယန်ရှီထံသို့ ခုန်ဝင်လိုက်တော့၏။

တစ်ချိန်တည်းမှာပဲ ဟွင်းယုက အေးစက်စက် အော်ဟစ်လိုက်ကာ သူ့ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်ကို အမြင့်ဆုံးထိထုတ်လွှတ်လိုက်ပါပြီ။

တစ်ခဏလေးအတွင်း ယန်ယွဲ့၏ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားသည်။

အေးစက်သော ယင်ချီစွမ်းအင်ကို ခံစားမိလိုက်သောကြောင့် သူ့အမူအရာကသိသိသာသာပျက်ယွင်းသွား၏။

သို့မဟုတ်ပေ၊ ထိုပြင်းထန်သောယင်ချီစွမ်းအင်က သူ၏နတ်ဘုရားစိတ်ဝိညာဉ်ကိုဖိနှိပ်နေခြင်းဖြစ်သည်။

ထိုအချိန်တွင် မြို့ရိုးပေါ်၌ ရပ်နေသော ရန်ဝူနှင့် ဂျန်ဝူကျိတို့နှစ်ဦးသား အကြည့်ချင်းဖလှယ်ကာ တစ်ယောက်ကို တစ်ယောက် ခေါင်းညိတ်လိုက်ကြသည်။

ရုတ်တရက် သူတို့နှစ်ယောက်လုံး မြို့ရိုးပေါ်ကနေ လျှပ်တစ်ပြက် ခုန်ဆင်းလာပြီး အမြန်နှုန်းကိုမြှင့်တင်ကာ ယန်ယဲ့ဆီသို့ခုန်ဝင်လိုက်ကြသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၁၄ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၁၄)] ခရမ်းရောင်မင့်ခ်ကလေးထွက်ပေါ်လာပြီ

သူ၏ အစစ်အမှန်စွမ်းအားကို စိတ်ချလက်ချ ယုံကြည်ထားသော ယန်ယဲ့သည်ပင်အတော်လေးတုန်လှုပ်သွားပါသည်။

တစ်ဖက်တွင် အစောပိုင်းက ယန်ယဲ့ထုတ်ဖော်ခဲ့သော ခွန်အားကြောင့် အဆင့် ၅ ဓားစိတ်ဆန္ဒက သူတို့နှစ်ဦးတည်း ရင်ဆိုင်နိုင်သောအရာမဟုတ်ကြောင်း နားလည်သွားကြ၏။

ထို့အပြင် ယန်ယဲ့သည် တိုက်ခိုက်မှုအားလုံးကို ဓားတစ်ချက်တည်းနှင့်ဖျက်ဆီးပစ်နိုင်သော ဉာဏအလင်းရဓားနှလုံးသားကိုလည်းပိုင်ဆိုင်ထားသေးသည်မဟုတ်ပါလော။

တစ်နည်းဆိုရသော် အခုအချိန်က ယန်ယဲ့ကိုသတ်ရန် အကောင်းဆုံးအခွင့်အရေးပင် ဖြစ်သည်။

သို့မဟုတ် ယန်ယဲ့သာလွတ်မြောက်သွားပါက သူတို့နှစ်ဦးလုံးပင်ပြန်ပြီးအသတ်ခံရနိုင်သ ည်။

နှစ်ယောက်စလုံးက အလွန်လျင်မြန်သောလှုပ်ရှားမှုနည်းစနစ်များကို ကိုယ်စီအသုံးပြုပြီး ရုတ်တရက် တိုက်ခိုက်ခြင်းပင် ဖြစ်လေသည်။

လက်ရှိတွင် ယန်ယွဲ့သည် ငရဲတစ္ဆေသံကြိုးဖြင့် ချုပ်နှောင်ခံထားရသောကြောင့် သူတို့နှစ်ဦးက အတားအဆီးမရှိပဲ ယန်ယွဲ့ရှေ့သို့ခပ်မြန်မြန်ပင်ရောက်ရှိလာကြတော့သည်။

ရန်ဝူ နှင့် ဂျန်ဝူဂျိတို့နှစ်ဦးတိုက်ခိုက်လာသည်ကိုမြင်တဲ့အခါ ယန်ယွဲ့၏ အမူအရာက အနည်းငယ် ပြောင်းလဲသွားပါသည်။ သို့သော် အခုအချိန်တွင် သူသည် ဘာမှမတတ်နိုင်ခဲ့ပေ။

အစကတည်းက သူ့ပတ်ဝန်းကျင်တွင် ချုပ်နှောင်ထားသော ငရဲတစ္ဆေသံကြိုးမှလွတ်မြောက်အောင်ရုန်းကန်နိုင်စွမ်းမရှိခဲ့ပါ။

ထို့ကြောင့် သူ၏ရုပ်ခန္ဓာခွန်အားကိုအသုံးချပြီး ထိုလူနှစ်ယောက်၏တိုက်ခိုက်မှုကိုခွင့်ပြုရုံသာတတ်နိုင်သည်။

တစ်ချိန်တည်းမှာပဲ အေးစက်စက်အလင်းတန်းတစ်ခုနှင့် အနီရောင်မီးများ လင်းလက်လာခဲ့၏။

အဖြူရောင်ဓားတစ်ချောင်းနှင့် အနီရောင်ဓားမြှောင်တစ်ချောင်းက ယန်ယဲ့၏လည်ပင်းသို့တိုက်ရိုက်ထိုးသွင်းလာသည်။

ကလန်!

ကျယ်လောင်သော သတ္တု ထုရိုက်သံနှစ်ခုသာပဲ့တင်ထပ်သွား၏။

ဂျန်ဝူဂျီ နှင့် ရန်ဝူ တို့ ၏ အမူအရာများကပြင်းထန်စွာ ပြောင်းလဲသွားသည်။

သူတို့နှစ်ဦး၏လက်ထဲမှ ဓားနှင့် ဓားမြှောင်နှစ်ခုလုံးက ယန်ယဲ့၏ အရေပြားကို ထိုးသွင်းလိုက်သည်နှင့် တစ်ပြိုင်နက် အလွန်မာကြောသော သံမဏိပြားကြီးကို ထိုးလိုက်မိသကဲ့သို့

ခံစားလိုက်ရပြီး လက်များ ထုံကျင်သွားသည်အထိ
တုန်ခါသွားသည်ကို သတိပြုမိလိုက်ကြသည်။

သို့သော် ခဏတာ ငေးကြောင်သွားပြီးနောက်
သူတို့နှစ်ယောက်က တုံ့ဆိုင်းမနေခဲ့ဘဲ ယန်ယဲ့ ၏ ခေါင်းကို
နောက်တစ်ကြိမ် ခုတ်ပိုင်းလိုက်ပြန်သည်။

ကလန်! ကလန်!

အလွန်ကျယ်လောင်ပြီးစူးရှသောသတ္တုချင်းတိုက်မိသံများသာ
ထပ်မံ၍ ထွက်ပေါ်လာခဲ့ပါသည်။

တစ်ချိန်တည်းတွင် ဂျန်ဝူဂျီ နှင့် ရန်ဝူတို့၏
အဆက်မပြတ်တိုက်ခိုက်မှုများက ယန်ယဲ့၏ ခန္ဓာကိုယ်ပေါ်သို့
ဆက်တိုက်ကျဆင်းလာသည်။

သို့သော် မည်မျှပင် အစွမ်းကုန်သုံးပြီးတိုက်ခိုက်နေပါစေ ယန်ယဲ့ကိုမထိခိုက်နိုင်သောကြောင့် သူတို့နှစ်ဦးလုံး အလွန်အံ့အားသင့်ကာ တုန်လှုပ်သွားကြ၏။

ထိုကဲ့သို့မြင်ကွင်းကိုမြင်လိုက်ရသောအခါ နတ်ဆိုးလူငယ် မိုခေးသည်ပင် မျက်မှောင်ကြုတ်လိုက်မိသည်။

ပြောရမည်ဆိုလျှင် ယန်ယဲ့၏ ခုခံကာကွယ် ရေး နှင့် ရုပ်ခန္ဓာခွန်အားက အလွန်ကြောက်စရာကောင်းသောအဆင့်သို့ရောက်နေလိမ့်မည်ဟု သူ မမျှော်လင့်ထားခဲ့ခြင်းပါ။

တစ်ဖက်တွင်၊ မြို့ရိုးပေါ်တွင် ရပ်နေသော ဗဟိုနယ်မြေ၏ လူငယ် ပါရမီရှင်သုံးဦး၏ အမူအရာများသည်လည်း အလွန်လေးနက်သွားခဲ့ပါပြီ။

ဒီအချိန်တွင် သူတို့မြင်တွေ့နေရသော ယန်ယဲ့၏ ခွန်အားသည်
အလွန်ကြောက်မက်ဖွယ်ကောင်းနေပြီဖြစ်သည်။
တစ်နည်းဆိုရသော်ယန်ယဲ့၏ ရုပ်ခန္ဓာခွန်အားက
အလွန်ကြောက်စရာကောင်းနေပြီဖြစ်သည်။

ယန်ယဲ့၏အစစ်အမှန်ခွန်အားက
သူတို့သုံးဦးကိုပင်ကောင်းစွာဖိနှိပ်နိုင်ပေသည်။

သို့ရာတွင် ကံကောင်းထောက်မစွာဖြင့် ယန်ယဲ့က
လူသားမျိုးနွယ်တစ်ဦးသာဖြစ်နေခဲ့၏။ သို့မဟုတ်ပါက.......
အခြေအနေများမှာလုံးဝမတွေးရဲစရာပင်။

ထိုအချိန်တွင် ဂျန်ဝူကျို နှင့် ရန်ဝူ တို့နှစ်ဦးလုံးလည်း
အလွန်ထိတ်လန့်သွားကြသည်။

မှန်ပါသည်၊ သူတို့က
အလွန်အမင်းကိုထိတ်လန့်တုန်လှုပ်သွားကြခြင်းဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ဦး၏ခွန်အားအပြည့် ပူးပေါင်းတိုက်ခိုက်မှုက ယန်ယဲ့၏ အရေပြားကိုပင် ချိုးဖျက်နိုင်စွမ်း မရှိခဲ့လို့ပါ။

ထိုအချက်က ဘာကိုသက်သေပြနေသနည်း။ သိသာစွာပင် ယန်ယဲ့ နှင့် သူတို့နှစ်ဦးကြားမှကွာခြားချက်က ကောင်းကင် နှင့် မြေကြီးလိုဖြစ်နေခဲ့ပြီဟုဆိုလိုသည်မဟုတ်ပါလား။

ထို့ကြောက် လက်ရှိတွင် ယန်ယဲ့ကို သတ်ပစ်ရန် ဟူသော အတွေးမျိုးက သူတို့အတွက် စိတ်ကူးယဉ်ဆန်သော အိပ်မက်တစ်ခုကဲ့သို့ထင်ရ၏။

"မင်းတို့နှစ်ယောက်က အခွင့်အရေးရပြီဆိုပြီးသိပ်ပျော်နေတာလား?" ယန်ယဲ့က လူနှစ်ဦးကို တစ်ချက်ကြည့်လိုက်ပြီး "အခုတော့ ငါ့အလှည့်ပဲ!"

သူ့စိတ်ထဲတွင် စိတ်ဆန္ဒတစ်ခုကိုထုတ်ဖော်လိုက်ရာ အစောပိုင်းက မြေပြင်ပေါ် ပြုတ်ကျသွားသော ဓားများက ကောင်းကင်ပေါ်သို့

နောက်တစ်ကြိမ် ပျံတက်သွားကာ ရန်ဂူ နှင့် ဂျန်ဂူကျိတို့ဆီသို့
မိုးကြိုးတန်းများအလားအဆက်မပြတ်ပိုင်းချလိုက်ကြသည်။

လူနှစ်ယောက်လုံး အလွန်ထိတ်လန့်သွားပြီး သူတို့၏
လှုပ်ရှားမှုနည်းစနစ်များကိုအကန့်အသတ်ထိမြှင့်တင်လိုက်ကာ
ရှေးဟောင်းဒိုမိန်းမြို့ထဲသို့ ကမူးရှူးထိုးပြေးသွားကြသည်။

သို့သော် ဓားများစွာက ရုတ်တရက် လမ်းကြောင်းပြောင်းကာ
ပြင်းထန်စွာတိုက်ခိုက်ရန်ပြင်နေသော
ဟွင်းယုအားတရကြမ်းပိုင်းချလိုက်၏။

ဘာ! ဟွင်းယု၏အမူအရာသည် အနည်းငယ်ပြောင်းလဲသွားကာ
ငရဲတစ္ဆေသံကြိုးဖြင့် ချုပ်နှောင်ခံထားရသော
ယန်ယွဲ့ကိုမယုံကြည်နိုင်စွာကြည့်နေလေသည်။

သို့သော်ငြား၊ ဓားမြောက်များစွာက ပျံသန်းလာနေသည်ကို
မြင်သောအခါ သတိလက်လွတ်မနေဝံ့တော့ဘဲ
သူ၏လက်ကောက်ဝတ်ကို လျှပ်တစ်ပြက်လှည့်ချလိုက်ပါသည်။

ဝှီး.....။

ရေဲတစ္ဆေသံကြိုးက ယန်ယွဲ့ကိုလွှတ်ပေးလိုက်သောကြောင့် သူ့လက်ထဲသို့ပြန်ရောက်လာပြီး၊ တစ်ချိန်တည်းမှာပင် ကောင်းကင်သို့ လွှဲယမ်းလိုက်ကာ သူ့ထံပိုင်းချလာသော ဓားမြောက်များစွာကို ခုခံလိုက်၏။

ဘန်း!

ရှေးဟောင်းဒိုမိန်းမြို့၏ အထက်ကောင်းကင်ယံ၌ ကျယ်လောင်သောမိုးချိန်းသံကြီး ရုတ်တရက် ထွက်ပေါ်လာပြီးနောက် ရောမစွမ်းအင်လှိုင်းလုံးများက အလွန်တုန်လှုပ်ချောက်ချားဖွယ်ရာ တွန်းအားတစ်ခုကြောင့် ကောင်းကင်နှင့် မြေပြင်ကို ဖုံးလွှမ်းသွားခဲ့သည်။

ခဏကြာပြီးနောက် အရာအားလုံး ငြိမ်သက်သွားပြန်သည်။

ယန်ယဲ့သည်မူလနေရာတွင်သာရပ်နေပြီးမြေကမ္ဘာအဆင့်ဓားတစ်ချောင်းကိုထုတ်ယူလိုက်၏။ ထို့နောက်
ခရမ်းရောင်ဓားချီကြိုးတစ်ချောင်းက
သူ့ခန္ဓာကိုယ်ကနေရုတ်တရက်ထွက်ပေါ်လာခဲ့သည်။

ဝုန်း ဝုန်း ဝုန်း။

ဓားစိတ်ဆန္ဒက မြေပြင်ကိုပစ်ချလိုက်ပြီးနောက် အောက်မြေပြင်တွင်
အနက်ရောင်အက်ကြောင်းများစွာဖြစ်ပေါ်လာခဲ့၏။

ထိုအချိန်တွင် ယန်ယဲ့သည် အတော်လေးကိုဒေါသထွက်နေခဲ့ပါပြီမ။

သူက အသက်ပြင်းပြင်းရှူပြီး မြို့ရိုးပေါ်မှ လူအုပ်ကြီးကို
လှည့်ကြည့်ကာ မိုခေးနှင့် အခြားလူများကို ကျယ်လောင်စွာ
အော်ငေါက်ရင်းလက်ညှိုးထိုးပြလိုက်သည်။

"မင်းတို့အားလုံး ရှေးဟောင်းဒိုမိန်းမြို့ကို သူတို့လာရတဲ့
ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း သိထားသင့်တယ်။

လူသားမျိုးနွယ်အပေါ် ထားတဲ့ ရန်လိုမှုကို မင်းတို့အားလုံး ရှင်းရှင်းလင်းလင်း သိထားသင့်တယ်မဟုတ်လား။

သူတို့ပိုင်ဆိုင်တဲ့ ခွန်အားတွေကို လူတိုင်းရှင်းရှင်းလင်းလင်း သိနေတာပဲ။တကယ်လို့မင်းတို့သာ ရှေးဟောင်းဒိုမိန်းမြို့ကနေတစ်ယောက်တည်းထွက်သွားခဲ့ရင် အများစုကတော့၊ ဟားဟား……!! သေချာပေါက် သေရလိမ့်မယ်။

ဒါပေမယ့် အခု ငါတို့အားလုံး ပူးပေါင်းပြီးတိုက်ခိုက်မယ်ဆိုရင် ဒီမျိုးနွယ်ခြားသုံးခုကိုဒီနေရာမှာပဲ ရှင်းပစ်နိုင်တယ်။ အဲ့ဒီအချိန်ကျရင် ရှေးဟောင်းစစ်မြေပြင် နဲ့ ပုန်းကွယ်နေသောနဂါးစေတီက ငါတို့လူသားမျိုးနွယ်အပိုင်ပဲဖြစ်သွားမှာမဟုတ်လား?”

ထို့နောက် ယန်ယဲ့သည် မိုခေးနှင့် အခြားလူများကို ဓားဖြင့် ထိုးချိန်လိုက်ပြီး မြို့ရိုးပေါ် ရှိ လူအုပ်ကို စိုက်ကြည့်ကာ “မြို့ရိုးပေါ်ကနေဆင်းလာပြီး သူတို့ကို သတ်ပစ်လိုက်ကြ။ ဒါနဲ့ မင်းတို့အားလုံး ဒီလိုလုပ်ဖို့ကော သတ္တိရှိလား?”

ဆန်းကြယ်ချီစွမ်းအင်ဖြင့်ပေါင်းစပ်ထားခြင်းကြောင့် ယန်ယဲ့၏ အသံသည် ရောမခေါင်းလောင်းသံကြီးအလား အလွန်စူးရှစွာပျံ့လွင့်သွားလေသည်။

သို့သော်၊ သူပြန်ရခဲ့သောအရာမှာ သုသာန်တစ်စပြင်အလား တိတ်ဆိတ်နေခြင်းပင်။

မှန်ပါသည်၊ မြို့ရိုးပေါ် ရှိ လူအုပ်ကြီးက အေးတိအေးစက် နှင့် ဂရုမစိုက်ဘဲ စိုက်ကြည့်နေရုံသာ။

လူတိုင်း ဘာစကားသံမှထွက်မလာဘဲ ရုတ်စွအဆုံး ဗဟိုနယ်မြေ၏ ထိပ်သီးပါရမီရှင်သုံးဦးပင်ပါဝင်နေခဲ့သည်။

ထိုလူငယ်သုံးဦးသည် အစပိုင်းတွင် အနည်းငယ် စိတ်လှုပ်ရှားနေသော်ငြား၊ သူတို့၏ ရည်ရွယ်ချက်များကို ချက်ချင်း လျင်မြန်စွာ စွန့်လွှတ်လိုက်ကြသည်။

လူသားမျိုးနွယ် နှင့် မဟာရန်သူဖြစ်သောမျိုးနွယ်ခြားသုံးခုကို တိုက်ခိုက်ရန်ကြောက်ရွံ့နေသောကြောင့်မဟုတ်ပေ။

သူတို့ပတ်ဝန်းကျင်တွင်ရှိနေသည့် ထောင်ချီသော လူအုပ်၏ သဘောထားက သူတို့ကို အတွေးနက်စေခဲ့သည်။

"ဟူး.....၊ မှန်တယ်။ တကယ်ကို လူသားမျိုးနွယ်လို့ ခေါ်ဆိုထိုက်တာပဲ။" ယန်ယဲ့ကတိုးညှင်းစွာရေရွတ်လိုက်၏။

ကိုယ်ပိုင် အကျိုးအမြတ် (သို့) သေခြင်းရှင်ခြင်းအခြေအနေနှင့် ရင်ဆိုင်တွေ့ခြင်းမရှိပါက လူသားမျိုးနွယ်ကို စည်းလုံးရန် မဖြစ်နိုင်ပေ။

အနည်းဆုံးတော့ အခုအချိန်တွင် မဖြစ်နိုင်ကြောင်း မြင်တွေ့နေရသည်မဟုတ်ပါလား။

ဒီအခြေအနေကိုမြင်လိုက်တဲ့အခါ မိုခေးက ရယ်မောလိုက်ပြီး ယန်ယဲ့ကို စိုက်ကြည့်ရင်း "မင်းပြောတာ မှန်ပါတယ်၊ သူတို့က ပူးပေါင်းလိုက်ရင် ငါတို့အားလုံးကို ချေမှုန်းပစ်နိုင်တယ်! ဒါပေမယ့်...."

သူက စကားကိုရပ်တန့်ပြီး မြို့ရိုးအထက်ရှိလူအုပ်ကြီးကို ငေးစိုက်ကြည့်ကာ

"ဒီနေရာမှာရှိတဲ့ လူသားကျွမ်းကျင်သူတွေတစ်ဝက် ဒါမှမဟုတ် အဲ့ဒီထက်ပိုတဲ့ပမာဏတော့ထားခဲ့ရမယ်လို့ ငါမိုခေး အာမခံတယ်။"

မိုခေး၏စကားသံကြောင့် မြို့ရိုးပေါ် ရှိ လူတိုင်း၏ အမူအရာက ချက်ချင်း ပြောင်းလဲသွားပါသည်။

ထိုအချိန်တွင် မြို့ရိုးပေါ် ရှိ လူငယ်တစ်ဦးက

"ယန်ယဲ့၊ ဒီရန်ငြိုးက မင်းနဲ့သူတို့ကြားမှာ ရှိတာလေ။ ဘယ်လိုဖြစ်လို့ ငါတို့ကို ဆွဲသွင်းချင်နေတာလား။ မင်းကက ဘယ်လောက်တောင် ယုတ်ညံ့လိုက်သလဲ!"

"အတိအကျပဲ။ မင်းက ဒီဒုက္ခကို ကိုယ်တိုင်လုပ်ခဲ့ပေမဲ့ အခု ငါတို့ကို ဆွဲသွင်းပြီးတိုက်ခိုက်စေချင်နေတယ်။

ဘယ်လောက်ကောင်းတဲ့ အစီအစဉ်လဲ။ ငါတို့က အရူးတွေလို့ မင်းထင်လား။ အဲ့ဒါကြောင့် ငါတို့က မင်းရဲ့အစီအစဉ်ထဲမှာကျဆုံးမယ်လို့ ထင်သလား။"

"ဟားဟား! ယန်ယွဲ့... မင်းက ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားတယ်လို့ ကောလဟာလတွေပြောတာမဟုတ်ဘူးလား။ အရင်က ဒီလို ဆန်းကြယ်တဲ့ အမှောင်မှော်သားရဲက ဘယ်မှာလဲ။ သူက သိပ်ကြောက်စရာကောင်းတာမဟုတ်လား? ဘာလဲ? အခု မင်း သူတို့ကို အနိုင်မယူနိုင်တော့ ငါတို့ဆီက အကူအညီတောင်းချင်လား။ ဟားဟား! ဒါကြောင့် အနာဂတ် ဓားအင်ပါယာက ဘယ်လောက်တောင် အသုံးမကျလိုက်လဲ။”

မြို့ရိုးပေါ် ရှိ လူအုပ်ကြီးက အဆက်မပြတ် အော်ဟစ်ပြီး ယန်ယွဲ့ကို လှောင်ပြောင်လိုက်ကြသည်။

ထိုမြင်ကွင်းကြောင့် ဟွင်းယုက အချိန်တော်တော်ကြာထိရယ်မောနေလိုက်၏။

"ဟဲဟဲ!" “လူသားတွေက တကယ်ကို.... ဟားဟား!"

ယန်ယွဲ့သည်လည်း မြို့ရိုးပေါ် ရှိ လူအုပ်ကို ခဏတာ စိုက်ကြည့်ပြီးနောက် ခေါင်းယမ်းကာ ရယ်မောလိုက်သည်။

သူ့ညာလက်ကို ဝှေ့ယမ်းလိုက်ရာ ရောမလင်းယုန်ငှက် ပေါ်လာပြီး ချက်ချင်းခုန်တက်လိုက်၏။

ထို့နောက် သူက ဒီမြင်ကွင်းကြောင့် ခဏတာ အံ့အားသင့်နေသော ဂျီယန်ရှီကို လက်ဟန်ပြလိုက်ပါသည်။

ဝှစ်...။

ဂျီယန်ရှီလည်း တုံ့ဆိုင်းမနေတော့ပေ၊ ယင်လုံနှင့်တိုက်ခိုက်နေခြင်းကိုရပ်တန့်ကာလင်းယုန်ငှက်ပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် လင်းယုန်ငှက်က ချက်ချင်းပင်
အနက်ရောင်အရိပ်တစ်ခုအဖြစ်ပြောင်းလဲသွားကာ ကောင်းကင်သို့
ပျံတက်သွားတော့သည်။ သိပ်မကြာခင်မှာ မီတာ ၅၀
ခန့်အကွာသို့လျင်မြန်စွာရောက်ရှိသွား၏။

ဒီမြင်ကွင်းကို မြင်လိုက်ရချိန်မှာတော့ မိုခေးနှင့် ဟွင်းယု၏
အမူအရာများက သိသိသာသာ ပြောင်းလဲသွားပါသည်။

သူတို့က ယန်ယဲ့ဟာ ပျံသန်းနိုင်သော အမှောင်မှော်သားရဲကို
ဆင့်ခေါ် နိုင်လိမ့်မည်ဟု

မမျှော်လင့်ထားခဲ့ကြပေ။

သို့သော် လင်းယုန်ငှက်သည် ပျံသန်းနိုင်သော်လည်း၊
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူတွေလို
အချိန်တော်တော်ကြာအထိ ပျံသန်းနိုင်ခြင်း မရှိပါ။

ဤအခိုက်အတန့်တွင် သူတို့နှစ်ဦးသည် ယန်ယဲ့ကို တားဆီးနိုင်သော
နဂါးစိမ်းလူငယ် ယင်လုံကိုသာစိုက်ကြည့်လိုက်ကြသည်။

ယင်လုံက သူတို့နှစ်ဦးကို ခေါင်းညိတ်ပြလိုက်ပြီး လင်းယုန်ငှက်ကို စိုက်ကြည့်ရင်း ပါးစပ်ထောင့်တွင် အထင်အမြင်သေးမှုတစ်ခု ထွက်ပေါ်လာသည်။ "မင်းက
အမှိုက်သာသာပဲရှိတဲ့အမှောင်မှော်သားရဲ ပဲ။ ငါ့ရှေ့မှာ မောက်မာစွာ ပြုမူဝံ့တာလား!?"

သူစကားဆုံးသည်နှင့် ယင်လုံထံမှ နဂါးမျိုးနွယ်၏ ဖိအားတစ်ရပ်တရက် ထွက်ပေါ်လာပြီး လင်းယုန်ငှက်ကို ချက်ချင်း ဖုံးအုပ်သွားခဲ့သည်။

ဂီး.....။

လျှပ်စီးလင်းယုန်ငှက်က တုန်လှုပ်ချောက်ချားဖွယ်ရာ အော်ဟစ်သံကို ထုတ်လွှတ်လိုက်ကာ

၎င်း၏ ခန္ဓာက ပြင်းထန်စွာ တုန်လှုပ်သွားတော့သည်။

ထိုချိန်တွင် ကောင်းကင်ကနေ ပြုတ်ကျလာသလိုပဲ
ခရမ်းရောင်အလင်းတန်းများ တလက်လက်တောက်ပလာပြီးနောက်
ခရမ်းရောင်မင့်ခ်ကလေးက ယန်ယဲ့၏ရှေ့တွင်ပေါ်လာခဲ့သည်။
သူမက ခန္ဓာကိုယ်တစ်ခုလုံးပြင်းထန်စွာတုန်လှုပ်နေသော
လျှပ်စီးလင်းယုန်ငှက်ကို ကြည့်ပြီးနောက် လက်သည်းလေးကို
ဝှေ့ယမ်းလိုက်ရာ ခရမ်းပြာရောင်အလင်းတန်းကြီးက
လျှပ်စီးလင်းယုန်ငှက်ကို ချက်ချင်းဖုံးလွှမ်းသွား၏။

ခရမ်းရောင်အလင်းတန်းအကွာအကွယ်ကြောင့်
လျှပ်စီးလင်းယုန်ငှက်၏ခန္ဓာကိုယ်ကပြန်လည်တည်ငြိမ်သွားသည်။
ထို့နောက် အနည်းငယ်ပင်
တုန်လှုပ်ခြင်းမရှိတော့ဘဲကောင်းကင်ထက်သို့တည်ငြိမ်စွာပျံသန်းခဲ့
သည်။

ထိုအခါမှသာ လျှပ်စီးလင်းယုန်ငှက်ပေါ်တွင် ရပ်နေသော ယန်ယဲ့ နှင့်
ဂျီယန်ရှိတို့နှစ်ဦးစလုံး သက်ပြင်းချနိုင်ခဲ့၏။

ဤမြင်ကွင်းကိုမြင်သောအခါ ယင်လုံ၏ အမူအရာက ပြောင်းလဲသွားပြီး၊ ရောမနဂါးစိမ်းကြီးအဖြစ်ပြန်ပြောင်းကာ လျှပ်စီးလင်းယုန်ငှက်ဆီသို့ အစိမ်းရောင် အရိပ်တစ်ခုအဖြစ် လိုက်ပါသွားသည်။

သို့ထိုအခိုက်အတန့်တွင် ခရမ်းရောင်အလင်းတန်းများက သူ့ခေါင်းပေါ်သို့ ရုတ်တရက် ပစ်ချလိုက်ပြီး တိုက်ရိုက်ပေါက်ကွဲသွားခြင်းကြောင့် ယင်လုံ၏ ခန္ဓာကိုယ်သည် မြေပြင်ပေါ်သို့ လျင်မြန်စွာ ပြုတ်ကျသွားတော့သည်။

သို့သော်ငြားသည်အဆုံးသတ်မဟုတ်ပေ၊ ယင်လုံ၏ခန္ဓာကိုယ်ကမြေပြင်ပေါ် ပြုတ်ကျနေစဉ်မှာပဲ ခရမ်းရောင်အလင်းတန်း ၁၀ ခုကျော်က ထပ်မံထွက်ပေါ်လာပြီးပစ်ချလိုက်ကြသည်။

ဘန်း! ဘန်း! ဘန်း!

ယင်လုံက အလွန်ထိတ်လန့်သွားကာ
ရှောင်တိမ်းရန်ပြင်လိုက်သော်ငြား၊ တုံ့ပြန်ရန် ပင်
အခွင့်အရေးမရှိခဲ့ဘဲ မြေပြင်ပေါ်သို့ လဲကျသွား၏။

သူ၏ ခန္ဓာကိုယ်က နောက်တစ်ကြိမ်တုန်ခါသွားကာ ခပ်လှမ်းလှမ်းမှ
အနက်ရောင်အစက်အပြောက်အဖြစ် ပြောင်းလဲသွားသည့်
လျှပ်စီးလင်းယုန်ငှက်ကို စိုက်ကြည့်နေစဉ် သူ၏အမူအရာက
မကြုံစဖူး လေးနက်နေခဲ့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၁၅ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၁၅)] လူအိုကြီးဟွမ် !

ယင်လုံတစ်ယောက်တည်းသာမကပေ၊ မိုခေးနှင့် ဟွင်းယုတို့၏အမူအရာများပင် အလွန်လေးနက်လာခဲ့ပါပြီ။

ခဏအကြာတွင် မိုခေးက တုန်ယင်နေသောအသံဖြင့် ကျယ်လောင်စွာ အော်လိုက်၏။ "လေဟာနယ်မင့်ခ်!"

"တ....တကယ်ပဲ လေဟာနယ်မင့်ခ်! ချီး....သူ့ကို မဆန့်ကျင်မိတာ ငါကံကောင်းသွားတယ်။" ဟွင်းယုက စိတ်သက်သာရာရသောလေသံဖြင့်ပြောလိုက်ပါသည်။

သူတို့နှစ်ယောက်က အကြည့်ချင်းဖလှယ်ပြီး ယင်လုံကို စိုက်ကြည့်လိုက်ကြသည်။ သူတို့က မြင်တွေ့နေသော်ငြား ယင်လုံထံမှတိကျသောအဖြေကို ကြားချင်နေသေး၏။

ယင်လုံသည် အသက်ပြင်းပြင်းရှူကာ နောက်ပြန်လှည့်ကြည့်ရင်း နဂါးကလန်မှ လူငယ်တစ်ဦးကို ပြောလိုက်၏။
"သွား......နတ်ဆိုးနယ်မြေကို မြန်မြန်ပြန်ပြီး အဲ့ဒီမျိုးနွယ်စုကို သွား။ သူတို့ရဲ့မင်းသမီးလေး ပေါ်လာပြီလို့ တစ်ခါတည်းပြောလိုက်!မြန်မြန်နော်.... နောက်မကျစေနဲ့။"

သူပြောပြီးသည်နှင့် တစ်ပြိုင်နက် ဟွင်းယုနှင့် မိုခေးတို့ကို လှည့်ကြည့်ကာ "မင်းတို့ကို အကြံတစ်ခု ပေးပါရစေ။ နှစ်ယောက်စလုံးအဲဒီ ခရမ်းရောင်မင့်ခ်ကလေးပေါ်က ဆံပင်တစ်ချောင်းကိုတောင်မထိတာ ပိုကောင်းမယ်။ မဟုတ်ရင် မင်းတို့မျိုးနွယ်ရဲ့ချီးမြှောက်ခြင်းနတ်ဆိုး နဲ့ ငရဲတစ္ဆေနတ်ဘုရား အသက်ရှင်နေရင်တောင် မင်းတို့နှစ်ယောက်စလုံး အသက်ပျောက်သွားမှာသေချာတယ်။"

မိုခေး နှင့် ဟွင်းယုလည်း ဤစကားကိုကြားသောအခါ ဒေါသမထွက်သွားခြင်းမရှိပေ၊လေးနက်သောအမူအရာဖြင့်သာ ခေါင်းညိတ်လိုက်ကြသည်။

ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးရှိအင်အားစုတိုင်းပင် ထိုမျိုးနွယ်စုကို ရန်စစော်ကားရဲခြင်းမရှိပေ။

ခဏအကြာတွင် မိုခေးနှင့် ကျန်လူများအားလုံး အကြည့်များကို ရုတ်သိမ်းကာ ရှေးဟောင်းဒိုမိန်းမြို့ဆီသို့လျှောက်သွားကြသည်။

......။

နတ်ဆိုးနယ်မြေ။

ထူးခြားဆန်းကြယ်သော လေဟာနယ်နိုင်ငံကြီးတစ်ခုက သီးခြားတည်ရှိနေပုံရ၏။

အဘယ်ကြောင့်ဆိုသော် လေဟာနယ်မင့်ခ်ကလန်က ဤနေရာတွင် တည်ရှိနေသောကြောင့် နတ်ဆိုးနယ်မြေ၏ ကန့်သတ်လေဟုနယ်နိုင်ငံကြီးသဖွယ်နေခြင်းဖြစ်သည်။

ထူးခြားချက်မှာ လေဟာနယ်မင့်ခ်ကလန်သည် တိုက်ကြီး၏အရေးကိစ္စများတွင် ပါဝင်ခြင်းမရှိခဲ့ဘဲ အာကာသ၏လျှို့ဝှက်ချက်များကို စူးစမ်းရှာဖွေခြင်းကိုသာ နှစ်သက်သည်။

၎င်းတို့သည် အာကာသနည်းစနစ်အမျိုးမျိုးကို ပိုင်ဆိုင်ထား၏၊ အဆိုပါနည်းစနစ်များကအလွန်တရာမှ လျှို့ဝှက်ဆန်းကြယ်ပြီး ကြောက်မက်ဖွယ်ကောင်းလှသည်။

နဂါးနတ်ဘုရားကလန်၊ ကောင်းကင်နတ်ဆိုးချီလင်ကလန်( Skyhowl Qilin Clan)၊ ကောင်းကင်ဖီးနစ်ကလန် နှင့် နတ်ဆိုးနယ်မြေရှိ အုပ်စိုးသူအဆင့် မျိုးနွယ်စုများ အပါအဝင် မည်သည့်မျိုးနွယ်စုမဆို

လေဟာနယ်မင့်ခ်ကလန်အား ပြဿနာရှာရဲခြင်းမရှိဟု
ဆိုနိုင်ပါသည်။

အဘယ်ကြောင့်လဲ? တစ်စုံတစ်ယောက်သည်
ဤထူးဆန်းသောမျိုးနွယ်ကို စော်ကားပါက
သက်တမ်းတစ်လျှောက်လုံး အတောမသတ်နိုင်သော
လက်စားချေခြင်းကိုသာခံရမည်ဖြစ်သည်။

နောက်ဆုံးတွင် လေဟာနယ်မင့်ခ်ကလန်က အာကာသအတွင်း
စိတ်တိုင်းကျသွားလာနိုင်ပေသည်။ ထို့အပြင် ၎င်းတို့၏
အာကာသနည်းစနစ်များသည် အလွန်ကြောက်စရာကောင်းသည်။

အတိုချုပ်ပြောရလျှင် နတ်ဆိုးနယ်မြေတွင်... သို့မဟုတ်ပေ၊
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံး လေဟာနယ်မင့်ခ်ကလန်ကို
ရန်စပြဿနာရှာရဲသောအင်အားစုတစ်ခုမှရှိမနေဟုပြောသင့်သည်။

တစ်ဖက်တွင် လေဟာနယ်မင့်ခ်ကလန်ကလည်း သူတို့ကို
မထိခိုက်သေးသရွေ့ ကျန်မျိုးနွယ်စု၊ အင်အားစုများကို
အသားလွတ်တိုက်ခိုက်မည်မဟုတ်ပေ။

ဤအခိုက်အတန့်တွင် နတ်ဆိုးနယ်မြေ၏ ထူးခြားဆန်းကြယ်သော လေဟာနယ်နိုင်ငံကြီးအတွင်း၌။

လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးနှင့် လှပသော သက်လတ်ပိုင်း အမျိုးသမီးတစ်ဦး မျက်နှာချင်းဆိုင် ထိုင်နေကြ၏။

သက်လတ်ပိုင်းအမျိုးသမီးသည် အလွန်လှပသော်လည်း သူမ၏မျက်နှာပေါ်တွင် စိုးရိမ်မှုများရှိနေသောကြောင့် လှပသောအသွင်ပြင်ကို အနည်းငယ် လျော့ကျသွားစေသည်။

လူလတ်ပိုင်းအရွယ်က သက်ပြင်းတစ်ချက်ချကာ "ချင်းရို! စိတ်မပူပါနဲ့။ ရှန်တန်းဂျီကို ငါ ခန့်မှန်းခိုင်းပြီးပြီ။ ဇီအာ အန္တရာယ်ကင်းရုံသာမကဘူး၊ ထူးထူးခြားခြား ကံကောင်းခြင်းတွေတောင် ရထားတယ်လို့ပြောတယ်။

မင်းလည်း ရှန်တန်းဂျီ ရဲ့စွမ်းရည်ကို ရှင်းရှင်းလင်းလင်း သိထားမယ်ထင်တယ်။ သူဒီလိုပြောကတည်းက ဇီအာ အန္တရာယ်ကင်းနေမယ်ဆိုတာ သေချာတယ်!"

သက်လတ်ပိုင်း အမျိုးသမီးက ခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်ရင်း "ဒီလိုဖြစ်နေပေမယ့် ငါ စိတ်ပူနေတုန်းပဲ။ ဇီအာ ရဲ့စရိုက်ကို ရှင်လည်း ကောင်းကောင်းသိတာပဲ။ ဒီကလေးက ပျော်ပျော်ပဲနေတတ်တာကလွဲလို့ကျန်တာကိုဘာမှသိပ်သိသေးတာမဟုတ်ဘူးလေ။ ဒီကလေးက ငါတို့ကလန်ရဲ့မျှော်လင့်ချက်မို့လို့ နတ်ဆိုးနယ်မြေမှာ ရှိနေရင်တော့ကောင်းပါတယ်။

ဒါပေမယ့် လူသားလောကကို ရောက်သွားရင် လူသားတွေရဲ့ လောဘနဲ့ဆို .... ငါ...ငါ တကယ်ပဲ ဒီအကြောင်းကို ဆက်မတွေးရဲတော့ဘူး။"

"ဟမ့်!" သက်လတ်ပိုင်းလူက အေးစက်စွာ နှာခေါင်းရှုံ့ကာ ပြင်းထန်သောလေသံဖြင့် "လူသားတွေ! ငါ့ရဲ့ဇီအာပေါ်က ဆံပင်တစ်ချောင်းကိုတောင် ထိဝံ့ရင် ကောင်းကင်တာအိုရဲ့ဒေါသကို ခံရရင်တောင် လူသားအားလုံးကို ငါသတ်ပစ်မယ်။ ကောင်းကင်ဘုံတာအိုကိုတောင်ဆန့်ကျင်ပြီး လူသားမျိုးနွယ်ကိုအစုလိုက်အပြုံလိုက် သတ်မယ်!"

ဒီအချိန်မှာပဲ ခန်းမထဲတွင် စွမ်းအင် အတက်အကျ လှိုင်းလုံးတစ်ခု ပေါ်လာပြီးနောက် လူငယ်လေးတစ်ဦးထွက်ပေါ်လာ၏။

ထိုလူငယ်သည် အလွန် စိတ်လှုပ်ရှားနေသောလေသံဖြင့် တုန်ယင်စွာ ပြောကြားလိုက်သည်။

“မင့်ခ်အင်ပါယာ! မင်းသမီးလေးက ရှေးဟောင်းစစ်မြေပြင်မှာရောက်နေပြီ။” ထို့နောက် လူငယ်က လူလတ်ပိုင်းကို ရိုသေစွာ ဦးညွှတ်လိုက်တော့သည်။

"ဘာလဲ!?" လူလတ်ပိုင်းနှင့် ချောမောလှပသော သက်လတ်ပိုင်းအမျိုးသမီးသည် ထိုစကားကိုကြားသောအခါ ချက်ချင်းထရပ်လိုက်ကြသည်…။

……

လျှပ်စီးလင်းယုန်ငှက်၏နောက်ကျောပေါ်တွင် ဂျီယန်ရီသည် စိတ်အေးလက်အေးပုံစံဖြင့်ထိုင်ချလိုက်ကာ သဘောကျစွာ အော်ပြောလိုက်၏။ " သိုင်းဘုရင်အထွတ်အထိပ်အဆင့်

ပျံသန်းနိုင်တဲ့ အမှောင်မှော်သားရဲတစ်ကောင်။ ဘောပဲ....! ငါ ဂျီယန်ရှီက သိုင်းဘုရင်အထွတ်အထိပ်အဆင့်အမှောင်မှော်သားရဲ ရဲ့ ကျောပေါ်မှာတကယ်စီးနိုင်လိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ဟားဟား!"

တစ်ချိန်တည်းမှာပဲ ယန်ယဲ့၏ စကားသံထွက်ပေါ်လာခဲ့သည်။
"ကျေးဇူးပါ!"

ယန်ယဲ့၏စိတ်ထဲတွင် ဤလူငယ်ကို ရိုးသားစွာ ကျေးဇူးတင်လိုက်မိသည်။

လူငယ်က သူ့ကို ကူညီတိုက်ခိုက်ခြင်းမရှိခဲ့လျှင်ပင် သူလွတ်မြောက်နိုင်သေး၏။

ထိုအချိန်တွင် ဂျီယန်ရှီက လက်ကို ဝှေ့ယမ်းလိုက်သည်။ “မင်းငါ့ကို ကျေးဇူးတင်စရာ မလိုဘူး။
ငါမင်းကိုကူညီချင်တာသက်သက်ရယ်ကြောင့် မဟုတ်ဘူးလေ။
မိုခေးနဲ့ တခြားအပေါင်းအပါတွေရဲ့ မောက်မာတဲ့လုပ်ရပ်ကို လုံးဝကြည့်မနေနိုင်လို့!”

ရုတ်တရက် ဂျီယန်ရှီက စကားကိုရပ်လိုက်ပြီးယန်ယဲ့ကို အထက်အောက် စုံဆန်ကြည့်ကာ

"ကောလဟာလအရဆိုရင်၊ မင်းက ဉာဏ်အလင်းရဓားနှလုံးသားကို ရသွားပြီဆိုတာ။ အမှန်ပဲလား?"

ယန်ယဲ့က ပြုံးရုံသာပြုံးပြီး ခေါင်းညိတ်လိုက်သည်။

ဂျီယန်ရှီ၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားကာ ဓားကိုဆွဲထုတ်ပြီး မပြောမဆိုဖြင့် ယန်ယဲ့ကို ခုတ်ပိုင်းလိုက်သည်။

ရွှစ်။

ဓားချီကြိုးတစ်ချောင်းက လျှပ်စီးတန်းတစ်ခုအလား ယန်ယဲ့ဆီသို့ ပစ်လွင့်လာ၏။

သို့သော်ငြား၊ ယန်ယဲ့သည်တုန်လှုပ်သွားခြင်းမရှိဘဲ ဓားတစ်လက်ကို ဆွဲထုတ်ပြီး သူ့ရှေ့ရောက်လာသော ဓားချီကြိုးကိုအသာအယာပိုင်းလိုက်သည်။

အသက်ရှူတစ်ရှိုက်စာအတွင်းမှာပဲ ဓားချီကြိုးက ထိုးဖောက်ခံလိုက်ရသောရေအိတ်တစ်ခုလိုဖြစ်ကာ ကျယ်လောင်တဲ့ပေါက်ကွဲသံနှင့်အတူ အပိုင်းပိုင်း ပေါက်ကွဲထွက်သွားတော့သည်။

"အခုကော မင်းယုံပြီလား?" ယန်ယဲ့က ဓားကိုပြန်သိမ်းရင်း မေးလိုက်၏။

ဂျီယန်ရှီ၏ အမူအရာသည် အနည်းငယ် တင်းမာသွားကာ ယန်ယဲ့ကို စူးစိုက်ကြည့်နေခဲ့သည်။

"မင်း.....မင်း တကယ်ပဲ ဉာဏ်အလင်းရဓားနှလုံးသားကို ရရှိသွားပြီ။ ဉာဏ်အလင်းရဓားနှလုံးသား.... ဒါ့အပြင် အဆင့် ၅ ဓားစိတ်ဆန္ဒကိုတောင်နားလည်ထားပြီ။

ချီး! မင်းလို ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်တစ်ယောက်က တောင်ပိုင်းနယ်မြေမှာ ဘယ်လိုပေါ်လာနိုင်မလဲ။ ဒါက တော်တော်လေးကို ထူးဆန်းတယ်!”

ယန်ယဲ့က ခေါင်းခါလိုက်ပါသည်။ “ဒါက ထူးထူးခြားခြား ဖြစ်နေပြီလား? လွန်ခဲ့တဲ့နှစ် ၁၀၀၀၀ အတွင်းမှာ ဆေးဘာဓားဂိုဏ်းရဲ့ တည်ထောင်သူ ဘိုးဘေးက တောင်ပိုင်းနယ်မြေကနေထွက်ပေါ်လာတာမဟုတ်လား။ ဒါ့အပြင် ဘယ်လိုပဲဖြစ်ဖြစ် မင်းက တောင်ပိုင်းနယ်မြေကို မထီမဲ့မြင်မပြုတာပိုကောင်းမယ်။ ပြောရရင်တော့ တောင်ပိုင်းနယ်မြေမှာတစ်ခါမှထွက်ပေါ်မလာတဲ့ အဆင့်မြင့်ပညာရှင်တွေရှိနေတယ်!”

"ဘယ်လိုတောင်? မင်းက ဆေးဘာဓားဂိုဏ်းရဲ့ တပည့်တစ်ယောက်လို့တော့ ငါ့ကို မပြောနဲ့!" ဂျီယန်ရှီက ဆက်ပြောလိုက်၏ "ဒီလိုသာဆိုရင် ဆေးဘာဓားဂိုဏ်းက လူမိုက်ကံကောင်းတာပဲ မဟုတ်လား?"

ယန်ယွဲ့က ပုခုံးတွန့်ပြီး ပြောလိုက်သည် ။ "ငါက ဘာနောက်ခံမှမရှိတဲ့ လေလွင့်ကျင့်ကြံသူ တစ်ယောက်လေ။"

ဂျီယန်ရှီ က မယုံကြည်နိုင်လောက်အောင်ဖြစ်သွားကာ မျက်လုံးအစုံက အစမတန်ပြူးကျယ်သွား၏။ "ဘာရယ်..... မင်းက လေလွင့်ကျင့်ကြံသူတစ်ယောက်လို့ ပြောနေတာလား?"

အမှန်ပဲ၊ ယန်ယွဲ့ကဖြည်းညှင်းစွာ ခေါင်းညိတ်လိုက်သည်။

"မင်းက တကယ်ပဲ နောက်ခံမရှိတဲ့ လေလွင့်ကျင့်ကြံသူလား?"

ယန်ယွဲ့က နောက်တစ်ခါ ခေါင်းထပ်ညိတ်လိုက်သည်။

“မင်းက တကယ်ကို လေလွင့်ကျင့်ကြံသူဆိုတာ သေချာရဲ့လား? မင်းက ဘယ်ဂိုဏ်းနဲ့မှ မသက်ဆိုင်ဘူးလား?"

ယန်ယွဲ့၏ ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး ဓားကို ဆွဲထုတ်ကာ ဂျီယန်ရှီကိုခုတ်ပိုင်းချင်စိတ်ပင်ထွက်ပေါ်လာတော့သည်။

ထိုအချိန်တွင် ဂျီယန်ရှီက ရုတ်တရက် အော်လိုက်၏။ "မြန်မြန်....ငါ့ကို အောက်ချလိုက်!"

ယန်ယွဲ့က အနည်းငယ် အံ့အားသင့်သွားသည်။“ဘာဖြစ်လို့လဲ?”

"ချီး! လူမိုက်ကောင်! မြန်မြန်လုပ်ဟ!" ဂျီယန်ရှီ အနည်းငယ်တုန်လှုပ်သွား၏။

ဂျီယန်ရှီ၏အမူအရာက အလျင်စလိုဖြစ်နေသောကြောင့် ယန်ယွဲ့က ထပ်မေးမနေတော့ဘဲ ခေါင်းညိတ်လိုက်သည်။ ထို့နောက် လျှပ်စီးလင်းယုန်ငှက်ကို မြေပြင်ပေါ်သို့ ဆင်းရန် အမိန့်ပေးလိုက်၏။ မြေကြီးပေါ်သို့ ဆင်းပြီးနောက်တွင် ဂျီယန်ရှီက လက်ကောက်ဝတ်ကို လှုန်လိုက်ကာ

သတင်းပို့အဆောင်တစ်ခုကိုထုတ်ယူပြီးကောင်းကင်ပေါ်ပစ်လွှတ်လို
က်သည်။

သတင်းပို့ဆောင်က လေထဲတွင် ပေါက်ကွဲသွားပြီးနောက်
အနီးတစ်ဝိုက်တွင် ပြင်းထန်သော စွမ်းအင်အတက်အကျ
လှိုင်းလုံးကြီး တစ်ခု ပေါ်လာခဲ့သည်။
ထို့နောက် လေဟာနယ်ထဲကနေအနက်ရောင်အက်ကြောင်းများ
တဖြည်းဖြည်းပြန့်နှံ့လာ၏။

ဒီမြင်ကွင်းကို ကြည့်ရင်း ယန်ယဲ့က အလွန် အံ့အားသင့်နေသော
အမူအရာနှင့် ပြန်မေးလိုက်သည်။ "မင်းဘာလုပ်နေတာလဲ?"

သို့သော် ဂျီယန်ရှီက ပြန်မဖြေဘဲပြုံးလိုက်သည်။
သူက တစ်ခုခုပြောခါနီးမှာပဲ အနက်ရောင်အက်ကွဲကြောင်းထဲကနေ
ဒေါသတကြီးအော်ငေါက်သံ ရုတ်တရက် ထွက်ပေါ်လာပါသည်။
"အမှိုက်ကောင်လေး! ဒီနေရာမှာ

ပ်မဖြေရှင်းနိုင်တော့တဲ့ ပြဿနာ ကြုံနေလို့လား? မင်းက တကယ်ပဲ သတင်းပို့အဆောင်ကိုသုံးလိုက်ရတယ်ပေါ့။ ဒါက အရမ်းတန်ဖိုးကြီးတယ်ဆိုတာ မသိဘူးလား?"

အဆက်မပြတ်ဆဲဆိုသံများပဲ့တင်ထပ်ပြီးနောက် ကျောတွင် ငွေရောင်ဓားတစ်လက်ကိုသိုင်းလွယ်ထားသော အဘိုးအိုတစ်ယောက်ထွက်လာခဲ့သည်။

အဘိုးအိုကိုတွေ့သောအခါ ဂျီယန်ရှီက အဘိုးအို၏မျက်နှာပေါ် ရှိ ဒေါသတကြီးအမူအရာကို လစ်လျူရှုကာ ယန်ယဲ့ကို လက်ညှိုးထိုးပြလိုက်သည် "လူအိုကြီး ဟွမ် ! မြန်မြန် သူ့ကိုကြည့်လိုက်!"

အဘိုးအိုသည် သူ့အကြည့်ကိုမရုပ်သိမ်းခင်ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ဂျီယန်ရှီ၏ခေါင်းကို ရုတ်တရက် ရိုက်ချလိုက်သည်။ ဒေါသတကြီးလေသံဖြင့် "မင်းက သိုင်းဘုရင်အဆင့် ၅

ကျွမ်းကျင်သူကိုတောင်ရင်မဆိုင်နိုင်တော့ဘူးလား? ဒါ့အပြင် သတင်းပို့အဆောင်ကိုတောင်အသုံးပြုရတယ်ပေါ့။ ဘယ်လိုဖြစ်ပြီး... မင်းက ဒီလောက် အသုံးမကျဖြစ်သွားရတာလဲ? ဒီလိုဆိုမှတော့မင်းက အခုအချိန်ကစလို့ နတ်ဓားဂိုဏ်းရဲ့ တပည့်ဆိုတာ ဘယ်သူ့ကိုမှလျှောက်မပြောနဲ့

။”

ဂျီယန်ရှီက မျက်လုံးပြူးကာ "လူအိုကြီးဟွမ်! သေသေချာချာလေး ထပ်ကြည့်လိုက်ပါဦး။မျက်စိကန်းသလို လုပ်မနေနဲ့!"

"ငါ့ဖင်ကိုပဲကြည့်! သူက သိုင်းဘုရင်အဆင့် ၅ ကျွမ်းကျင်သူပဲ မဟုတ်လား?” အဘိုးအိုက ဂျီယန်ရှီ၏ ခေါင်းကို နောက်တစ်ကြိမ် ရိုက်လိုက်သည်။

သို့သော် အဘိုးအိုက ယန်ယဲ့ကို စူးစိုက်ကြည့်နေကာ၊ တစ်ချိန်တည်းတွင် အကြည့်များက အေးခဲသွားလေတော့သည်။

ထို့နောက် အသံတိုးတိုးလေးဖြင့် ရေရွတ်လိုက်ရင်း အဘိုးအို၏

မျက်လုံးများက အလွန်ကျဉ်းမြောင်းသွားပါသည်။ “

ရွှေရောင်ခြပ်စင်ချီစွမ်းအင်, ဉာဏ်အလင်းရစားနှလုံးသား၊

ထူးဆန်းတဲ့စားနည်းစနစ်!

ကလေး....၊ မင်းက စားစိတ်ဆန္ဒရဲ့အဆင့်မြင့်နယ်ပယ်ကိုတောင်

ရောက်သွားပြီလား?”

ယန်ယဲ့၏ နှလုံးသားတစ်ခုလုံး အပြင်းအထန် တုန်ခါသွားသည် ။

အဘိုးအို၏ ခွန်အားက

အလွန်ကြောက်စရာကောင်းနေကြောင်းသိသာနေသည်မဟုတ်ပါ

လား။ တစ်ချက်ကလေးကြည့်လိုက်ရုံနဲ့ သူ၏ အဆင့် ၆

စားစိတ်ဆန္ဒကိုမြင်နိုင်သည်။

ဒီလို ခွန်အားတွေ....!

"အဆင့်မြင့်စားစိတ်ဆန္ဒ?" ဂျီယန်ရှီကအလွန်

အံ့အားသင့်သွားကာ “လူအိုကြီးဟွမ်! အမြင်အာရုံတွေ မှားနေတာလား? သူက အဆင့် ၅ ဓားစိတ်ဆန္ဒကိုသာနားလည် သေးတာလေ။

အခု အဆင့်မြင့်ဓားစိတ်ဆန္ဒဆိုတော့ အဆင့် ၆ ဓားစိတ်ဆန္ဒက ဘယ်လိုဖြစ်....ဖြစ်ပြီး ရှုတ်တရက်ကြီး......!!!

"မင်းက လူမိုက်ကောင်!?" လူအိုကြီးဟွမ်က ဂျီယန်ရှီကို စိုက်ကြည့်ရင်း တစ်ဖန် ယန်ယဲ့ကိုစိုက်ကြည့်ကာ "ကလေး၊ မင်းက အသက်ငယ်ငယ်လေးနဲ့တင် အဆင့် ၆ ဓားစိတ်ဆန္ဒကိုနားလည်နေပြီ။

မင်းက တကယ်မရိုးရှင်းဘူးပဲ! ကောင်းပြီ..... ဒီလူအိုကြီးကို တစ်ခုလောက်မေးခွင့်ပြုပါ။

မင်းဘယ်ဂိုဏ်းက လာတာလဲ? ငါ့တို့ နတ်ဓားဂိုဏ်းကတောင် မနိူင်းယှဉ်နိုင်လောက်တဲ့ ဓားတာအိုပါရမီရှင်ကို မွေးထုတ်ပေးနိုင်တဲ့ ဂိုဏ်းကို အတိအကျ သိချင်မိတယ်!"

ဂျီယန်ရှီ၏ မျက်နှာသည် ချက်ချင်း မည်းမှောင်သွားကာ "လူအိုကြီးဟွမ်! သူက ဘယ်ဂိုဏ်းနဲ့မှ မသက်သက်ဆိုင်ဘူး။ သူက လေလွင့်ကျင့်ကြံသူတစ်ယောက်ပဲ။ မြန်မြန်..... တခြားဂိုဏ်းတွေက သူ့ကိုမယူခင်မှာ ဒီလိုကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်ကို စုဆောင်းနိုင်ဖို့ မင်းကို ဒီကို ခေါ်လိုက်တာလေ!"

"ဘာလဲ?" လူအိုကြီးဟွမ်က အလွန်အံ့သြသွားပြီး စိတ်လှုပ်ရှားနေသောလေသံဖြင့်အော်ဟစ်လိုက်၏။ "သူက ဂိုဏ်းဝင်မဟုတ်ဘူးလား။ တကယ် လေလွင့်ကျင့်ကြံသူတစ်ယောက်ပေါ့။ ကလေး! ဒီအမှိုက်ကောင် ပြောတာ အမှန်ပဲလား?"

သူ့ရှေ့မှလူနှစ်ဦး၏ဖြစ်ပျက်နေသောအမူအရာကြောင့် ယန်ယဲ့ပင်စကားမပြောနိုင်လောက်အောင် စွံ့အနေသည်။

"ကလေး၊ မင်းက တကယ်ပဲ ဘယ်ဂိုဏ်းနဲ့မှ မသက်ဆိုင်ဘူးလား?"
လူအိုကြီးဟွမ်က သေချာအောင်ဟူသော သဘောဖြင့်
နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။

ဒီအချိန်တွင် ယန်ယဲ့ဟာ ခေါင်းညိတ်ရန်ကလွဲလို့
အခြားရွေးစရာမရှိတော့ပေ။

ယန်ယဲ့ ခေါင်းညိတ်လိုက်သည်ကိုမြင်တဲ့အခါလူအိုကြီးဟွမ်က
ချက်ချင်းဆိုသလို ပျောက်ကွယ်သွားပြီး သူ့ရှေ့တွင်
ပေါ်လာခဲ့သည်။ထို့နောက်တွင် ယန်ယဲ့၏ပုခုံးနှစ်ဖက်ကိုဆွဲကိုင်ကာ
စိတ်လှုပ်ရှားနေသောလေသံဖြင့် "ကလေး၊ ငါ့ရဲ့
နတ်ဓားဂိုဏ်းကိုဝင်လိုက်။ ငါ့နတ်ဓားဂိုဏ်းက အဆင့် ၈
မဟာဂိုဏ်းတစ်ခုပဲ။ တကယ်လို့ မင်းသာ နတ်ဓားဂိုဏ်းကိုဝင်လာရင်
ကျင့်ကြံခြင်းနည်းစနစ်တွေ၊ တိုက်ခိုက်ရေးနည်းစနစ်တွေ၊
အမှောင်ရတနာလက်နက်တွေ နဲ့ မိန်းမလှလေးတွေ....
မင်းလိုချင်တာမှန်သမျှ ငါပေးမယ်။ အဆင်ပြေရဲ့လား?"

လူအိုကြီး၏ အားပါးတရစကားသံကြောင့်ယန်ယဲ့က စကားပင်ပြန်မပြောနိုင်တော့ပေ။

ထိုအချိန်တွင် ဂျီယန်ရှီက သတိပေးလိုက်သည်။ "လူအိုကြီးဟွမ်၊ ဒီလိုသာပြုမူနေရင်သူက ကြောက်လန့်နေလိမ့်မယ်!"

ဂျီယန်ရှီ၏ စကားကိုကြားလိုက်တဲ့အခါ လူအိုကြီးဟွမ်က အလွန်စိတ်လှုပ်ရှားနေပုံရသည်။

အဟွတ်....အဟွတ်။

ချက်ချင်းပင် ရှက်ရွံ့သောအမူအရာဖြင့် ပြုံးလိုက်ပြီး ယန်ယဲ့ ၏ ပုခုံးများကို လွှတ်လိုက်ပြီး နှစ်ကြိမ်ခန့် ချောင်းဆိုးလိုက်သည်။ “အင်း... ကလေး၊ ကောင်းကင်အဆင့်စွမ်းအားနည်းစနစ်၊ ကောင်းကင်အဆင့် ရတနာလက်နက်တွေ နဲ့ တိုက်ကြီးတစ်ခုလုံးရဲ့အချောအလှတွေ။ မင်း စိတ်ကြိုက်ရွေးချယ်နိုင်ပါတယ်။ မင်းဘယ်လိုထင်လဲ? လာပါ၊ ငါ့ရဲ့

နတ်ဓားဂိုဏ်းကိုဝင်တာနဲ့ သူတို့အားလုံး
မင်းစိတ်တိုင်းကျပိုင်လိမ့်မယ်!”

"ချီး ! လူအိုကြီးဟွမ်။ သူက
တော်တော်လေးထိတ်လန့်နေတယ်ထင်တယ်။..." ထိုအချိန်တွင်
ဂျီယန်ရှီက ထပ်မံသတိပေးလိုက်သည်။"

လူအိုကြီးဟွမ်က လက်ကို ဝှေ့ယမ်းပြီး ဂျီယန်ရှီကို ဟန့်တားလိုက်၏။
တစ်ချိန်တည်းမှာပဲ တည်ငြိမ်သောလေသံဖြင့် ပြောလိုက်ပါသည်။
“ထိတ်လန့်မှုတွေ၊ ဒုက္ခပဲလား။ ငါ လူအိုကြီးဟွမ်က ဒုက္ခကို
ဘယ်တုန်းက ကြောက်ခဲ့လို့လဲ။ ကလေး၊ မင်းငါ့ရဲ့နတ်ဓားဂိုဏ်းထဲကို
ဝင်မယ်လို့ဆုံးဖြတ်လိုက်တာနဲ့ မင်းက အဆင့် ၉ မဟာဂိုဏ်းရဲ့
ဂိုဏ်းသခင်သမီးကို ပြန်ပေးဆွဲသွားရင်တောင်
သေချာပေါက်ကာကွယ်ပေးမယ်!"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၁၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၁၆)] မင့်ခ်အင်ပါယာ။ နတ်ဆိုးကေရီ!

ဂျီယန်ရှီက လူအိုကြီးဟွမ်ကို ထပ်မံသတိပေးရန် ရည်ရွယ်ချက်ဖြင့် ပြောလိုက်ပါသည်။ “မဟုတ်ဘူး! သူက လေဟာနယ်မင့်ခ်ကလန်နဲ့ ပတ်သက် နေပုံပဲ…”

သို့သော်လည်း လူအိုကြီးဟွမ်က ဂျီယန်ရှီကိုမကျေမနပ်စိုက်ကြည့်ပြီး "ကလေး! အမှိုက်စကားတွေပဲ၊ ငါ လူအိုကြီးပြောပြီးပြီ မဟုတ်လား? သူက ဘယ်လိုအခက်အခဲတွေကြုံနေပါစေ ငါဖြေရှင်းပေးလိုက်မယ်။

ဘာလဲ? ငါ့ခွန်အားကို မင်းမယုံဘူးလား။ ဒါမှမဟုတ် မင်းရဲ့အရေပြား ယားယံနေလို့ ငါ့ဆီက အကူအညီ တစ်ခုခု လိုနေတာလား?

ဂျီယန်ရှီ၏ မျက်နှာက ချက်ချင်း ရှုံ့မဲ့သွားကာ ပါးစပ်ပိတ်ပြီး တိတ်ဆိတ်နေရန်သာရွေးချယ်လိုက်တော့သည်။

ထိုအချိန်တွင် ခရမ်းရောင်အလင်းတန်းတစ်ခု လင်းလက်သွားကာ ဆန်းကြယ်ရွှေချီကန်ထဲတွင်အိပ်ပျော်နေသော ခရမ်းရောင်မင့်ခ်ကလေးက ယန်ယွဲ့၏ပုခုံးထက်တွင် ပေါ်လာသည်။

ပေါ်လာပြီးနောက်တွင် သူမလေးက ကြည်လင်ပြီး လတ်ဆတ်သောလေကို ပေါ့ပါးစွာရှူရှိုက်ပြီးနောက် ယန်ယွဲ့ကို မကျေမနပ် စိုက်ကြည့်လာသည်။

သိသာစွာပင် ယန်ယွဲ့က သူမအား အပြင်ထွက်ပြီး ကစားခွင့်မပေးသောကြောင့်စိတ်ဆိုးနေခြင်းပါ။

ယန်ယွဲ့သည် အကူအညီမဲ့စွာပြုံးလိုက်ရင်း

လက်ကို ဆန့်ထုတ်ပြီး ခရမ်းရောင်မင့်ခ်ပလေးကို ပွေ့ဖက်လိုက်ကာ ခေါင်းကို ညင်သာစွာ ပွတ်သပ်လိုက်သည်။

ခရမ်းရောင်မင့်ခ်ကလေးထွက်ပေါ်လာသည်နှင့်လူအိုကြီးဟွမ်က ချက်ချင်းဆိုသလိုပင်တစ်စုံတစ်ခုကို သတိပြုမိသွားကာ ယန်ယဲ့အား စိုက်ကြည့်နေလိုက်၏။

သူက ယန်ယဲ့၏ပုခုံးပေါ် ရှိ ခရမ်းရောင်မင့်ခ်ကလေးကို မယုံကြည်နိုင်စွာ စိုက်ကြည့်ရင်း မျက်လုံးအစုံက ပြင်ပသို့ပေါက်ထွက်မတတ်ပြူးကျယ်သွားသည် ။

ဂျီယန်ရှီက လူအိုကြီးဟွမ်၏ အမူအရာကိုမြင်လိုက်တဲ့အခါ သူ၏ကံဆိုးမှုကို ချက်ချင်းသဘောကျသွားပြီး လျှောင်ပြုံးပြုံးလိုက်ပါသည်။

"ဟမ့်.....၊ လူအိုကြီး! အခုတော့ ဘယ်နဲ့ရှိစ။ ဒီသခင်လေးက ခင်ဗျား ဒုက္ခရောက်မှာစိုးလို့ ကြိုပြီးသတိပေးခဲ့တယ်။

ဟီးဟီး..... နားမဝင်ပဲနေတော့ အခု ဒီဒုက္ခကို လွယ်လွယ်နဲ့ ဖြေရှင်းနိုင်ပါ့မလား?ဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲ ကြည့်ရအောင်!"

ခဏအကြာတွင် လူအိုကြီးဟွမ်က တစ်ခုခုပြောရန် ပြင်လိုက်၏။ ဒီအချိန်မှာပဲ သူ့အမူအရာက ရုတ်တရက်ပြောင်းသွားကာ အသံတိုးတိုးလေးနဲ့ အော်လိုက်သည်။ "ဘယ်သူလဲ?"

ယန်ယွဲ့ နှင့် ဂျီယန်ရှီ တို့နှစ်ဦးစလုံးပဟေဠိဖြစ်နေချိန်မှာပဲ သူတို့ရှေ့ ၁၀ မီတာခန့်အကွာတွင် စွမ်းအင်အတက်အကျတစ်ခုဖြစ်ပေါ်လာခဲ့၏။ တစ်ချိန်တည်းမှာပဲ လူလတ်ပိုင်းစုံတွဲထူးခြားစွာထွက်ပေါ်လာသည်ကိုမြင်လိုက်ရသည်။

လူလတ်ပိုင်းအရွယ်စုံတွဲကို မြင်သောအခါလူအိုကြီးဟွမ်၏ အမူအရာသည် ချက်ချင်းပင် ပြောင်းသွားကာ တိုးညှင်းသော အသံဖြင့် အော်ဟစ်လိုက်မိသည်။ "မင်း.....မင်းတို့က မင့်ခ်အင်ပါယာ နဲ့ နတ်ဆိုးကေရီ!"

လူလတ်ပိုင်းအရွယ်စုံတွဲက လူအိုကြီးဟွမ်ကို

တစ်ချက်မျှပင် မကြည့်ဘဲ၊ ယန်ယဲ့၏ပုခုံးထက်မှ

ခရမ်းရောင်မင့်ခ်ကလေးကိုသာစိုက်ကြည့်နေကြသည်။

ဒီအချိန်တွင် သူတို့နှစ်ဦး၏မျက်နှာက

အလွန်စိတ်လှုပ်ရှားနေပုံရသည်။

အထူးသဖြင့် ချောမောလှပသော

သက်လတ်ပိုင်းအမျိုးသမီး၏မျက်လုံးများမှ မျက်ရည်များ

တစ်သွင်သွင်စီးကျလာခဲ့ပါသည်။

ထိုအချိန်တွင် ခရမ်းရောင်မင့်ခ်ကလေးက

အရောင်တဖျပ်ဖျပ်လက်သွားပြီး သက်လတ်ပိုင်းအမျိုးသမီးရှေ့သို့

ချက်ချင်းရောက်ရှိသွား၏။

ထို့နောက်

သူမ၏လက်သည်းလေးများဖြင့်သက်လတ်ပိုင်းအမျိုးသမီး၏လည်ပ

င်းကိုပွေ့ဖက်လိုက်ကာ မျက်နှာနှင့် မထိတထိ ပွတ်သပ်လိုက်သည်။

ယန်ယွဲ့သည် အဆိုပါမြင်ကွင်းကြောင့်ပေါ့ပါးစွာပြုံးလိုက်မိပါသည်။

"ငါထင်တာမမှားရင် ဒီလူလတ်ပိုင်းနဲ့ ချောမောလှပတဲ့ သက်လတ်ပိုင်းအမျိုးသမီးက အငယ်လေးရဲ့ မိဘတွေဖြစ်ရမယ်။"ဒီအချိန်တွင် သူ့စိတ်ထဲ၌ ခရမ်းရောင်မင့်ခ်ကလေးနှင့်စတင်တွေ့ဆုံခဲ့ချိန်ကိုပင်မေ့လျော့သွား၏။

မည်သို့ပင်ဆိုစေ အရေးကြီးဆုံးအချက်မှာ ခရမ်းရောင်မင့်ခ်ကလေးက နောက်ဆုံးတွင် အိမ်ပြန်နိုင်ခဲ့ပြီမဟုတ်ပါလား။

သို့သော်ငြား၊ သူ့စိတ်ထဲတွင် ခရမ်းရောင်မင့်ခ်ကလေးကို ပြန်ပေးရန် ဝန်လေးနေမိသည်။

"ဟူး......၊ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ...... ငါ သူ့ကို တစ်သက်လုံး ခေါ်ထားလို့မှမရတာ။

နောက်ဆုံးတော့ သူလည်း ကိုယ်ပိုင်မိဘတွေနဲ့အတူရှိနေချင်မှာပဲ။"

ထိုအချိန်တွင် လူလတ်ပိုင်းအမျိုးသားကယန်ယဲ့ကိုရုတ်တရက် စိုက်ကြည့်ကာ  သူ၏ မျက်လုံးထဲတွင် နူးညံ့နေရာမှ ချက်ချင်း အေးခဲသွားခဲ့သည်။

ထို့အပြင် လူလတ်ပိုင်း၏ အကြည့်များသည်

အေးခဲနေရုံသာမက၊ လုံးလုံးလျားလျား ဖုံးကွယ်ထားခြင်းမရှိသော သတ်ဖြတ်ခြင်းအငွေ့အသက်များပါ သယ်ဆောင်လာခဲ့သည်။

"လူသား၊ ဇီအာက ဘယ်လိုဖြစ်ပြီးမင်းနဲ့ အတူရှိနေတာလဲ?"

သက်လတ်ပိုင်းအမျိုးသား၏ စကားသံရပ်တန့်သွားပြီးနောက် ယန်ယဲ့၊ ဂျီယန်ရှီ နှင့် လူအိုကြီးဟွမ်တို့ရပ်နေသောပတ်ဝန်းကျင်တစ်ခုလုံး အပိုင်းပိုင်းကွဲထက်သွားမည့်အလား ပြင်းထန်စွာပြောင်းလဲသွားသည်ကို ခံစားလိုက်ရသည်။

မင့်ခ်အင်ပါယာသည် သဘာဝအားဖြင့် လူသားများအပေါ် ကောင်းမွန်သော အမြင်မရှိပေ။

လူသားများသည် အမြဲတမ်း အလွန်လောဘကြီးပြီး
တစ်ကိုယ်ကောင်းဆန်နေသောကြောင့်ပင်။

ထို့ကြောင့် ယန်ယဲ့က
ခရမ်းရောင်မင့်ခ်ကလေးနှင့်အတူယှဉ်တွဲနေသည်ကိုမြင်လိုက်တဲ့အခါ
သူ၏ကလေးက ထိုလူသားထံမှ

ချိုမြိန်သောစကားလုံးများနှင့် ကတိစကားများကြောင့်
လှည့်စားခံလိုက်ရသည်ဟုတွေးလိုက်မိသည်။

"အမ်! ဒီလိုဆို အငယ်လေးရဲ့နာမည်က ဇီအာ လား ?
မိန်းကလေးနာမည်နဲ့တူတယ်....!. ယန်ယဲ့က ပြုံးလိုက်ပြီး ထိုနေ့တွင်
ခရမ်းရောင်မင့်ခ်ကလေး နှင့် တွေ့ဆုံခဲ့ပုံကို
ရှင်းပြလိုက်သည် ။

တစ်ချိန်တည်းမှာပင် ခရမ်းရောင်မင့်ခ်ကလေးက
သူမ၏လက်သည်းလေးများကို  ကမန်းကတန်း ဝှေ့ယမ်းလိုက်သည်
။

လူလတ်ပိုင်းအမျိုးသား နှင့် ချောမောလှပသော
သက်လတ်ပိုင်းအမျိုးသမီးအား သူမ၏ အမြင်များကို
ပြောပြလိုပုံပင်။ထို့နောက် သူမ၏ ပါးစပ်မှ
ခရမ်းရောင်ချီလှိုင်းလုံးများ ထွက်ပေါ်လာသည်။

ခဏအကြာတွင် ခရမ်းရောင်မှိုင်းလေးကစကားဆုံးသွားပြီးနောက်
ယန်ယဲ့၏ပုခုံးပေါ်သို့ ခုန်တက်လာသည်။

ထို့နောက် ယန်ယဲ့ကိုညွှန်ပြပြီး သူမ၏အမူအရာက ယန်ယဲ့အား
လူလတ်ပိုင်း အမျိုးသား နှင့် သက်လတ်ပိုင်းအမျိုးသမီးတို့ကို
မိတ်ဆက်ပေးနေပုံရ၏။

လူလတ်ပိုင်းစုံတွဲက အကြည့်ချင်းဖလှယ်လိုက်ကြပြီး
တစ်ချိန်တည်းမှာပင် မျက်မှောင်ကြုတ်သွားကြသည်။

သက်လတ်ပိုင်းအမျိုးသမီးက "ဧီအာ! သမီးတို့ နှစ်ယောက်က
မိတ်ဆွေတွေလို့ပြောနေတာလား။ အရမ်းရင်းနှီးတဲ့ မိတ်ဆွေတွေ ?
ငါနဲ့ မင်းရဲ့ ကေရာဇ်အဖေလိုပဲလား?"

ခရမ်းရောင်မင့်ခ်ကလေးသည် နားရွက်ကိုပါးစပ်ချိတ်မတတ် ပြုံးကာ ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။

သူတို့နှစ်ယောက်သား အကြည့်ချင်း ဖလှယ်လိုက်ပြန်သည်။

ဒီတစ်ကြိမ်မှာတော့ နှစ်ဦးလုံးက သိသိသာသာ မျက်နှာပျက်သွားကြသည်။

သူတို့၏အမူအရာက တစ်ခုခုကို နားလည်သွားသည့်အလား! လှပသောအမျိုးသမီး၏ အကြည့်များသည် ယန်ယဲ့ပေါ်သို့ ကျဆင်းသွားကာ ခရမ်းရောင်မင့်ခ်ကလေးကိုကြည့်ရင်း "ဧအာ၊ သူက မင်းနဲ့မထိုက်တန်ဘူး။ ဒါ့အပြင် လူသားတွေက အများအားဖြင့် သစ္စာမဲ့သလို လှည့်စားတတ်ကြတယ်။ သူတို့ က ယုံဖို့ မထိုက်တန်ဘူး!”

ယန်ယဲ့၊ ဂျီယန်ရှီ နှင့် လူအိုကြီးဟွမ်တို့သုံးယောက်စလုံး နှုတ်ခမ်းထောင့်များ
အဆက်မပြတ်တုန်လှုပ်သွားကြသည်။"ဘယ်သူ့ကို ဟူ၍

ပြတ်ပြတ်သားသား ပြောသင့်တယ်မဟုတ်လား? ဘယ်လိုပဲဖြစ်ဖြစ် ဒီမှာ

လူသား သုံးယောက် ရှိနေတယ်လေ။"

ခရမ်းရောင်မင့်ခ်ကလေးက မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ခေါင်းယမ်းလိုက်သည်။

သူမ၏လက်သည်းလေးများက ယန်ယွဲ့ကို

ညွှန်ပြပြီး တစ်စုံတစ်ခုကို ဖော်ပြနေသကဲ့သို့ သူ့ကိုယ်သူ ညွှန်ပြလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက ခေါင်းခါပြီး "ဧအာ၊ သမီးက နတ်ဆိုးသားရဲတစ်ကောင်ဖြစ်သလို လူသားတစ်ယောက်ပါ။

သမီးက မကြာခင်မှာ

လူသားအသွင်ပြောင်းနိုင်တော့မယ်ဆိုပေမယ်လို့ အဆုံးမှာတော့ နတ်ဆိုးသားရဲတစ်ကောင် ဖြစ်နေတုန်းပဲလေ။ဒါ့အပြင် သူက တကယ်ကို အားနည်းလွန်းတယ်။ သူက သမီး နဲ့ လုံးဝ

မထိုက်တန်ဘူး။ဇီအာ….. အိမ်ပြန်ကြရအောင်! မင်းကိုရှာဖို့အတွက် နတ်ဆိုးနယ်မြေမှာ
ကြီးမားတဲ့အဖြစ်အပျက်တွေတောင်လုပ်ခဲ့ရတယ်။ အခု
အရာအားလုံးကို ပြန်စဖို့အချိန်တန်ပြီ!"

ခရမ်းရောင်မင့်ခ်ကလေးက ယန်ယဲ့နှင့်ခွဲခွာရန် အနည်းငယ် စိုးရိမ်နေသည့်အလား ချစ်စဖွယ်မျက်နှာလေးက ချက်ချင်းညှိုးကျသွား၏။
သူမက ပြန်ပြောရန်ပြင်လိုက်စဉ်မှာပဲ ယန်ယဲ့ကရှေ့သို့ လှမ်းတက်ကာ လူလတ်ပိုင်းစုံတွဲကို ဦးညွှတ်လိုက်၏။
“အကြီးအကဲနှစ်ဦးက
နားလည်မှုလွဲနေတယ်ထင်တယ်။ အငယ်လေးက ဒီဂျူနီယာ နဲ့ မိတ်ဆွေတွေပဲ ဖြစ်ဖြစ် ငါတို့က တစ်ယောက်ကို တစ်ယောက် ချစ်ခင်နေကြလို့ တခြားဘာကိုမှ လှည့်စားထားတာမရှိဘူး။ ဒါပါပဲ!"

"မိတ်ဆွေတွေလား? တစ်ယောက်ကိုတစ်ယောက်
ချစ်ခင်နေတာလား?" လူလတ်ပိုင်းအရွယ်က

အေးစက်စွာရယ်မောလိုက်သည်။ “လူသား၊ ဒီလိုပြောဖို့ မင်းမှာ ဘာအရည်အချင်းတွေရှိလဲ။ ဇီအာ ရဲ့အဆင့်အတန်းကို မင်းသိလား? သူမရဲ့အနာဂတ် အလားအလာတွေကို သိလား? သူမကအနာဂတ်မှာ ဘယ်လိုအမွေဆက်ခံရမယ်ဆိုတာကော သိသလား? မင်း အရင်က ဇီအာကိုကူညီခဲ့တယ်ဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားမိလို့ ငါမင်းကိုသတ်မှာမဟုတ်ဘူး။

ဒါပေမယ့် အနာဂတ်မှာ.... မဟုတ်သေးဘူး၊ အဲဒီလို ရှိလာမှာမဟုတ်ဘူး။ မင်းတို့နှစ်ယောက်က ပြန်ဆုံခွင့်မရှိတော့ဘူး!"

ယန်ယွဲ့သည်လူလတ်ပိုင်းအရွယ်ကို တည့်တည့်စိုက်ကြည့်ရင်း "အခု ငါ့မှာ အရည်အချင်းမရှိဘူး၊ ဒါပေမယ့် အနာဂတ်မှာ မရှိတော့ဘူးလို့ မဆိုလိုဘူး!"

လူအိုကြီးဟွမ်က ယန်ယွဲ့၏အပြုအမူကိုမြင်သောအခါ ချက်ခြင်းပင် တုန်လှုပ်သွားသည်။

သောက်ကျိုးနည်း! ဒီကလေးက မင့်ခ်အင်ပါယာ ကိုတောင်ဒီလိုနည်းနဲ့ စကားပြောဝံ့တယ်။ သူက အခုထိ မသိသေးလို့လား? ဒါမှမဟုတ် တကယ်ပဲ ရဲတင်းလွန်းနေတာလား?"

"အိုး?" မင့်ခ်အင်ပါယာက မျက်ခုံးပင့်တင်လိုက်ပြီး "လူသား၊ မင်းဘယ်သူနဲ့ စကားပြောနေတာလဲဆိုတာကော သိလား?"

သို့သော် ယန်ယဲ့သည် ကြောက်ရွံ့နေဟန်မပြဘဲ ပြုံးကာ ဆက်ပြောလိုက်၏။ “အကြီးအကဲ! ငါက အငယ်လေး နဲ့ မိတ်ဆွေဖွဲ့ရအောင် အရည်အချင်းမပြည့်မီဘူးလို့ မင်းပြောခဲ့တယ်၊ ဒါဆို ငါက ဘယ်လိုအခြေအနေထိရောက်မှဖြစ်နိုင်မလဲဆိုတာ...

မေးခွင့်ပြုပါ။ ဒီလောက်ဆို လုံလောက်ပြီလား?" ယန်ယဲ့က ပြောပြီးသည်နှင့် တစ်ပြိုင်နက် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ အဆင့် ၆ ဓားစိတ်ဆန္ဒကို အပြည့်အဝထုတ်ဖော်လိုက်၏။

အဆင့် ၆ ဓားစိတ်ဆန္ဒ။

လူလတ်ပိုင်းစုံတွဲ၏ မျက်လုံးထဲတွင် အံ့သြမှုတစ်ခု ပေါ်လာသည်။

သိသာထင်ရှားစွာပင် သူတို့နှစ်ဦးလုံးက ယန်ယွဲ့ဟာ အဆင့် ၆ ဓားစိတ်ဆန္ဒကိုနားလည်ထားကြောင်း မျှော်လင့်ထားပုံမရပေ။

အဆင့် ၆ ဓားစိတ်ဆန္ဒသည် သူတို့နှစ်ဦးအတွက် ဘာမှမဟုတ်သော်ငြား၊ အသက် ၂၀ ပင် မပြည့်သေးသော လူသားတစ်ဦးဖြစ်နေသောကြောင့် အတော်လေးကွဲပြားသွားပါပြီ။

"မလုံလောက်သေးရင်!" ဒီအချိန်မှာပဲ ယန်ယွဲ့ က ရှေ့ကို တစ်လှမ်း ထပ်တိုးလိုက်သည်၊ “အခုကော ဘယ်လိုလဲ?”

သူစကားပြောပြီးသည်နှင့် ယန်ယွဲ့သည် မျက်လုံးများကို အနည်းငယ်မှိတ်လိုက်ကာ

ဗလာကျင်းနေသော စိတ်အခြေအနေသို့ ရောက်ရှိသွား၏။

ထို့နောက်တွင်တော့ ဓားမြည်သံက ကောင်းကင်ယံတွင် အဆက်မပြတ်ထွက်ပေါ်လာပြီး သူ့လက်ထဲမှဓားက ပြင်းထန်စွာ တုန်ခါလာခဲ့သည်...။

ဉာဏ်အလင်းရခြားနှလုံးသား။

လူလတ်ပိုင်းအရွယ်စုံတွဲ၏ အမူအရာက ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ နောက်ဆုံးတွင် ပြောင်းလဲသွားခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် လေးနက်သော အမူအရာတစ်ခုကို ထုတ်ဖော်လိုက်ကြသည်။

သူတို့၏အမြင်အရ အဆင့် ၆ ခြားစိတ်ဆန္ဒကိုနားလည်ထားသော ပါရမီရှင်တစ်ဦးဟုယူဆနိုင်သော်ငြား၊ အသက် ၂၀ ပင်မပြည့်သေးသောလူငယ်တစ်ဦးကို အလေးအနက်ထားရန် မလုံလောက်ပါ။

သို့သော် "ဉာဏ်အလင်းရခြားနှလုံးသား"ဟူသော အရာက လုံးဝခြားနားသွားပြီဖြစ်သည်။

သူတို့ရှေ့မှလူငယ်သည် အသက် ၂၀ ပင်ပြည့်ပုံမရသေးသော်ငြား၊ အဆင့် ၆ ခြားစိတ်ဆန္ဒ နှင့် ဉာဏ်အလင်းရခြားနှလုံးသားကိုပိုင်ဆိုင်ထားခဲ့၏။

ထို့ကြောင့် လူငယ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၀,၀၀၀ လောက်က တိုက်ကြီးတစ်ခုလုံးကိုလွှမ်းမိုးနိုင်ခဲ့သော ဆေဘာဓားဂိုဏ်းမှ ထိုလူသားပညာရှင်နှင့် အလားတူပင် မဟုတ်ပါလား။

တစ်ဖက်တွင် လူအိုကြီးဟွမ်လည်းအလွန်အမင်း အံ့အားသင့်သွား၏။

"အဆင့် ၆ ဓားစိတ်ဆန္ဒ နဲ့ ဉာဏ်အလင်းရဓားနှလုံးသား။
ဘယ်လိုတောင် သောက်ကျိုးနဲတာတုန်း! ချီး....
ဘယ်လိုကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်မျိုးကို ငါကြုံတွေ့ခဲ့တာလဲ?
ဒီကလေး....သူက တကယ်ကို ကြီးကျယ်ခမ်းနားတဲ့
ပါရမီရှင်တစ်ယောက်ပဲ။"

ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးတွင် နတ်ဓားဂိုဏ်းသည် ဓားတာအိုလမ်းစဉ်ဂိုဏ်းများ၏ ဦးဆောင်သူဖြစ်သည်ဟုသတ်မှတ်ထားကြသည်။

သို့သော် အခုအချိန်တွင် နတ်ဓားဂိုဏ်း၏ လူငယ်မျိုးဆက် ပါရမီရှင်များသည် သူ့ရှေ့တွင်ရပ်နေသော လူငယ်နှင့်

နှိုင်းယှဉ်ကြည့်ပါက အမှိုက်များသယဖြစ်နေသည်ဟု
ခံစားမိလိုက်သည်။

မင့်ခ်အင်ပါယာက
တိုးတိုးဖြင့်ပြောလိုက်ကာယန်ယွဲ့ကိုစိုက်ကြည့်နေသည်။
"အကြိုဈေးအင်ပါယာ!"

လှပသော သက်လတ်ပိုင်းအမျိုးသမီးကခေါင်းညိတ်သည်။ "မင်းရဲ့
ပင်ကိုယ်ပါရမီနဲ့ သဘာဝက စွမ်းရည်တွေက တကယ်ကို
အံ့သြဖို့ကောင်းတယ်။

အထူးသဖြင့် ဈေးတာအိုမှာ၊ မင်းက
သဘာဝစွမ်းရည်တွေကိုပိုင်ဆိုင်ထားပြီး ငါတို့တွေ့ဖူးသမျှ
ကျွမ်းကျင်သူတွေကြားမှာ အထူးခြားဆုံးပါပဲ။ ဒါပေမယ့်..... ဘာလဲ?
မရင့်ကျက်သေးတဲ့ ထိပ်သီးပါရမီရှင်တွေက ကြီးကျယ်ခမ်းနားတဲ့
ပါရမီရှင်တွေလို့သာသတ်မှတ်နိုင်တယ်။ တကယ့်တကယ်ကျ
အစစ်အမှန်ပညာရှင်တွေမဟုတ်သေးဘူးလေ။

တကယ်လို့ သူတို့သာ
သေဆုံးပြီးတာနဲ့ကြီးကျယ်ခမ်းနားသောပါရမီရှင်ဆိုတဲ့ဂုဏ်ပုဒ်က
အလိုလိုအဓိပ္ပါယ်မဲ့သွားလိမ့်မယ်။ဒါကြောင့် မင်းရဲ့ပင်ကိုယ်စွမ်းရည်
နဲ့ သဘာဝက အရည်အချင်းတွေက ငါတို့နှစ်ယောက်အတွက်
အဓိပ္ပါယ်မရှိတော့ဘူး။

အနာဂတ်ကိုမကြည့်ဘဲနဲ့
လက်ရှိအခြေအနေကိုပဲအရင်ဆုံးကြည့်လိုက်ရအောင်။ ဒီနေ့ခေတ်မှာ
မရေမတွက်နိုင်တဲ့ ပါရမီရှင်ပေါင်းမြောက်များစွာရှိနေတယ်။

နားလည်ရဲ့လား?"

ယန်ယဲ့က ခေါင်းခါလိုက်သည်။ "ငါက အငယ်လေး နဲ့
မိတ်ဆွေဖြစ်နိုင်တဲ့ အရည်အချင်းတွေရှိတယ်ဆိုတာ
သက်သေပြချင်ရုံပါပဲ။ ဒါပါပဲလေ! အနာဂတ်ကို လျစ်လျူရှုတာနဲ့
ပတ်သက်ရင်တော့ စီနီယာပြော ခဲ့တဲ့စကားနဲ့ ပတ်သက်ပြီး
လူတိုင်းပြောနေကျ စကားတစ်ခွန်းရှိတယ်လေ -
တစ်စုံတစ်ယောက်ရဲ့ဘဝက အပြောင်းအလဲတွေနဲ့
ပြည့်နှက်နေတဲ့အတွက် ပျော့ညံ့တဲ့လူငယ်ကို အနိုင်ကျင့်မနေပါနဲ့!"

လှပသောအမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ကာ ပြောလိုက်ပါသည်။ "လူသား! မင်းက ဒီလောက်တောင် ယုံကြည်မှုရှိနေတာလား?"

“ဟုတ်တယ်!” ယန်ယဲ့သည် နောက်ပြန်ဆုတ်ဟန်မပြဘဲ ပြတ်သားသောအမူအရာအပြည့်ဖြင့် သက်လတ်ပိုင်းအမျိုးသမီးကိုစိုက်ကြည့်လိုက်၏။

"သိပ်ကိုကောင်းတယ်!" သူမက ခေါင်းညိတ်လိုက်ပြီး "ဒီနှစ် ပုန်းကွယ်နေသောနဂါးစေတီမှာ နံပါတ်တစ်နေရာကို ယူလိုက်။ မင်းဘယ်လိုထင်လဲ?"

မထင်မှတ်ပဲ ယန်ယဲ့က ခေါင်းခါပြီး "အကြီးအကဲ၊ ငါ့ဆိုလိုရင်းကို အထင်မှားနေတုန်းပဲ။ ငါ နဲ့ အငယ်လေးက အကြီးအကဲတို့လိုပဲ အချင်းချင်း ချစ်ခင်တွယ်တာကြတယ်။ ဒါက ဘာနဲ့မှ သက်သေပြစရာ မလိုတဲ့ အရာပါ။ အကြီးအကဲနှစ်ဦးဆီကနေ

မျက်နှာသာရဖို့ ဒါမှမဟုတ် အသိအမှတ်ပြုမှုကို ရယူဖို့အတွက် ငါက မင်းတို့နှစ်ယောက်ကို သက်သေမပြနိုင်ဘူး!”

"ဒါဆို ဘာလို့လဲ?" သက်လတ်ပိုင်အမျိုးသမီးကို အနည်းငယ်အံ့အားသင့်သွားပုံပင်။

ယန်ယဲ့က ပြန်မဖြေဘဲ ခေါင်းယမ်းကာခရမ်းရောင်မင့်ခ်ကလေးကို စိုက်ကြည့်ရင်း “အငယ်လေး၊ ငါတို့ လမ်းခွဲဖို့ အချိန်တန်ပြီ! နောင်တစ်ချိန်မှာ အပျော်အပါးမလုပ်ဘဲ ကောင်းကောင်းလေ့ကျင့်မယ်လို့ ငါ့ကိုကတိပေးပါ။

ငါလည်း ဒီလိုပဲ လုပ်မယ်။ ငါက မင်းရဲ့မိတ်ဆွေဖြစ်ဖို့အတွက် ကမ္ဘာပေါ်မှာ အစွမ်းထက်ဆုံးလူသားဖြစ်ရမယ်။

ဒီလိုပဲ မင်းက ငါ့မိတ်ဆွေဖြစ်ဖို့အတွက် အရည်အချင်းအရှိဆုံး နတ်ဆိုးသားရဲဖြစ်တယ်ဆိုတာ ကမ္ဘာကို သက်သေပြလိုက်ရအောင်။ အဆင်ပြေလား?"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၁၇ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၁၇)] ပန်းပွင့်ချောက်ကမ်းပါးကို တိုက်ရိုက် ကြည့်ရှုခြင်း

ခရမ်းရောင်ဖျော့ဖျော့အလင်းများတောက်ပလာပြီးနောက် သူမလေးက ယန်ယဲ့ပုခုံးထက်သို့ခုန်တက်လာပြီး နဖူးကို ပွတ်သပ်လိုက်သည်။

ထို့အပြင် သူမလေး၏မျက်လုံးအစုံမှမျက်ရည်များအဆက်မပြတ်စီးကျလာတော့သည်။

သိသာစွာပင် သူမလေးက ယန်ယဲ့ကိုခွဲခွာလိုဟန်မရပေ။

ခရမ်းရောင်မင့်ခ်ကလေး၏ အပြုအမူကိုမြင်သောအခါ ယန်ယဲ့၏ နှလုံးသားသည် စူးခနဲအောင့်တက်သွားပါသည်။

မှန်ပါသည်။ သူလည်း ခရမ်းရောင်မင့်ခ်ကလေးနှင့် ခွဲခွာလိုခြင်းမရှိပေ။

"ဇီအာ၊ သူနဲ့ အတူတူရှိနေရင် သူ့ကိုပဲ ဒုက္ခပေးလိမ့်မယ်!" ထိုအချိန်တွင် ချောမောလှပသော အမျိုးသမီးက နူးညံ့သိမ်မွေ့သော အသံဖြင့် ပြောလိုက်၏။ "မင်းရဲ့ ကိုယ်ပိုင်အဆင့်အတန်းကို ဖော်ထုတ်ခံလိုက်ရရင် သူနဲ့အတူရှိနေတဲ့အခါ မင်းအန္တရာယ်ရှိရုံတင်မကဘူး.......၊ နားလည်ရဲ့လား?"

ခရမ်းရောင်မင့်ခ်ကလေးက ယန်ယဲ့၏ မျက်နှာကို လက်သည်းလေးနှင့်ပွတ်သပ်လိုက်ကာ လက်သည်းလေးကို ဝှေ့ယမ်းလိုက်ပါတော့သည်။

ယန်ယဲ့က အကူအညီမဲ့စွာ ရယ်မောပြီး “ငါ မင်းနဲ့ မလိုက်နိုင်ဘူး။ ငါ့မှာ လုပ်စရာတွေ အများကြီးရှိတယ်၊ အဲဒါတွေကို ငါပြီးအောင်လုပ်ရမယ်ဆိုတာကို မင်းလည်း သိနေတာပဲ။

ငါဒါတွေအကုန်ပြီးတာနဲ့ မင်းကို နတ်ဆိုးနယ်မြေမှာ လာရှာမယ်၊ ပြီးတော့ တိုက်ကြီးတစ်ခုလုံးကို အတူတူ ခရီးထွက်မယ် ဟုတ်ပြီလား?”

ခရမ်းရောင်မင့်ခ်ကလေးက ရုတ်တရက် ခေါင်းယမ်းလိုက်ပြီးနောက် ယန်ယဲ့၏ လည်ပင်းကို အတင်း ပွေ့ဖက်လိုက်ကာ မျက်လုံးသေးသေးလေးများကနေ မျက်ရည်များ တဖြည်းဖြည်း စီးကျလာခဲ့သည်။

နတ်ဆိုး ဧကရီ နှင့် မင့်ခ်အင်ပါယာသည်ပင် အကြည့်ချင်းဖလှယ်လိုက်ကြပြီး နှစ်ဦးသား ထိတ်လန့်တုန်လှုပ်နေသော အမူအရာများကိုမြင်တွေ့လိုက်ရသည်။

မှန်ပါသည်။ သူတို့နှစ်ဦးလည်း ယန်ယဲ့နှင့်ခရမ်းရောင်မင့်ခ်ကလေးကြားရှိဆက်ဆံရေးက အလွန်နက်ရှိုင်းနေလိမ့်မည်ဟုမထင်ထားခဲ့ပေ။

"ဇီအာ ရဲ့စိတ်ခံစားချက်တွေကို သူက ထိန်းချုပ်ထားတာ ဖြစ်နိုင်မလား...?

ဖြစ်နိုင်ချေကို တွေးကြည့်လိုက်တဲ့အခါ သူတို့နှစ်ဦး၏ အမူအရာက ချက်ချင်းပြောင်းသွားပါသည်။ မျက်လုံးထဲတွင် အေးစက်စက်အလင်းရောင်များ တလက်လက်တောက်ပသွားကာ ထပ်မံ၍ အကြည့်ချင်းဖလှယ်လိုက်ကြသည်။

နတ်ဆိုးဧကရီက ခေါင်းမညိတ်ခင် ခဏလောက် တုံ့ဆိုင်းသွားပြီးမှ သူမ၏လှသောလက်ကို ဝှေ့ယမ်းလိုက်ရာ ခရမ်းရောင်မင့်ခ်ကလေးနှင့်အတူ ချက်ချင်းပျောက်ကွယ်သွားလေတော့သည်။

"တကယ်တော့ ငါမင်းကိုမသတ်ချင်ခဲ့ဘူး!"

နတ်ဆိုးဧကရီနှင့် ခရမ်းရောင်မင့်ခ်ကလေး

ပျောက်ကွယ်သွားပြီးနောက် မင့်ခ်အင်ပါယာက ယန်ယဲ့ကို စူးစိုက်ကြည့်ကာ "မင်းက ဇီအာ ရဲ့အသက်ကို ကယ်တင်ပေးခဲ့လို့ရယ်၊ ဒါ့ပြင် ဓားတာအိုမှာ မင်းရဲ့ သဘာဝစွမ်းရည်က အရမ်းထူးချွန်လွန်းတယ်ဆိုတာ ဝန်ခံဖို့ကလွဲပြီး ငါမှာ ရွေးချယ်စရာမရှိတော့ဘူး။

မင်းသာ အချိန်မတန်ခင် မသေဆုံးသရွေ့ ဇီအာရဲ့ဘေးမှာ ထိပ်သီးပညာရှင်မိတ်ဆွေတစ်ယောက်ရှိမှာ သေချာတယ်။ ဒါပေမယ့် ဇီအာ က မင်းအပေါ်ထားတဲ့သဘောထားကိုအခြေခံလိုက်ရင် မင်းတို့နှစ်ယောက်က သာမန်ထက်ပိုနေပြီဆိုတာသိသာတယ်။ ဒါကြောင့် သူ့အတွေးတွေကို ရှင်းပစ်ဖို့ကလွဲလို့ ငါ့မှာ ရွေးချယ်စရာမရှိဘူးလေ!”

ယန်ယဲ့သည် မင့်ခ်အင်ပါယာ၏မျက်နှာကို ကြောက်ရွံ့မှုအနည်းငယ်မရှိဘဲ ငေးကြည့်ကာ ရယ်မောလိုက်သည်။ "အကြီးအကဲ! အစကတည်းက ငါ့ကိုသတ်ချင်နေတာပဲမဟုတ်လား?"

မင့်ခ်အင်ပါယာက ခေါင်းညိတ်ပြီး “တကယ်ပါပဲ။ မင်းတို့နှစ်ယောက်က မိတ်ဆွေတွေဖြစ်ပေမဲ့ လူသားတွေက အမှားဆုံးပဲ။ မင်းက အခု ဇီအာ နဲ့ မိတ်ဆွေဖြစ်နိုင်ပေမယ့် မင်းရဲ့ အကျိုးအမြတ်အတွက်ဆိုရင်နောင်အနာဂတ်မှာ သူမရဲ့ရန်သူဖြစ်သွားလိမ့်မယ်။ဒီလိုဆိုမှတော့ သူမဘေးနားမှာ လူသားတစ်ဦးရှိနေရင် ငါစိတ်မသက်မသာအဖြစ်မခံနိုင်ဘူး။"

ယန်ယဲ့က အကြောက်အလန့်ကင်းစွာရယ်မောလိုက်ပြီး လူအိုကြီးဟွမ်ကို စိုက်ကြည့်ရင်း "စီနီယာဟွမ်! စီနီယာက ဒီဂျူနီယာ ကြုံတဲ့ ဒုက္ခမှန်သမျှကို ဖြေရှင်းပေးမယ်လို့ ပြောခဲ့တယ်မဟုတ်လား။ ဒီကမ်းလှမ်းချက်က အခု ဆက်ရှိနေဦးမလား?"

လူအိုကြီးဟွမ်၏ အမူအရာသည် ချက်ချင်းပင် ဆိုးရွားသွားသည် ။ သူသည် မင့်ခ်အင်ပါယာကို အနိုင်မယူနိုင်သော်ငြား၊ အချိန်အတော်ကြာထိ တိုက်ခိုက်နိုင်စွမ်းရှိသည်။

သို့သော်

ပြဿနာမှာ မင့်ခ်အင်ပါယာကို မတိုက်ခိုက်ရဲသောကြောင့် ဖြစ်သည်။အဘယ်ကြောင့်ဆိုသော် သူသည် လေဟာနယ်မင့်ခ်ကလန်ကို စော်ကားပါက၊ နတ်ဓားဂိုဏ်း တစ်ခုလုံး ကြီးမားသောကပ်ဘေးနှင့် ရင်ဆိုင်ရပေလိမ့်မည်။

လေဟာနယ်မင့်ခ်ကလန်သည် များသောအားဖြင့် တိုက်ကြီး၏အရေးကိစ္စများတွင် မပါဝင်ကြောင်းလူတိုင်းသိထားကြသော်လည်း၊ အကယ်၍ သူတို့ပါဝင်လာသည်နှင့် လုံးဝကို ကြောက်စရာအခြေအနေမျိုးနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။

နတ်ဓားဂိုဏ်းကိုအသာထား၊ အဆင့် ၉ မဟာဂိုဏ်းကြီးသုံးခုကပင် လေဟာနယ်မင့်ခ်ကလန်ကို စော်ကားဝံ့မည် မဟုတ်ပေ။

တစ်ဖက်တွင်လည်း ယန်ယွဲ့၏ ပင်ကိုယ်စွမ်းရည်သည် အမှန်တကယ်ပင် ရှားပါးလှသည်။

ထို့ကြောင့် ယန်ယဲ့သည် နတ်ဓားဂိုဏ်းသို့ ဝင်ရောက်ခဲ့ပါက အရင်းအမြစ်များနှင့် ဂိုဏ်းသခင်၏ လေ့ကျင့်သင်ကြားမှုအောက်၌ အနာဂတ်တွင် ဆန်းကြယ်တိုက်ကြီး၏ ဒုတိယမြောက်ဓားနတ်ဘုရားဖြစ်လာမည်မှာမလွဲဧကန်ပင်။

ထိုအချိန်တွင် နတ်ဓားဂိုဏ်း သည် အဆင့် ၉ မဟာဂိုဏ်းကြီးအဆင့်သို့သာမက၊ အဆင့် ၁၀ မဟာဂိုဏ်းကြီးအဖြစ် အဆင့်အတန်းမြင့်မားသွားနိုင်ပေသည်။

အခုတော့ သူ့ရှေ့တွင် အလွန်ကြီးမားသောကပ်ဘေးတစ်ခု ရောက်ရှိနေပြီဖြစ်သည်။

"သူ့ကိုကယ်တင်လိုက်!" ထိုအချိန်တွင် ဂျီယန်ရှီက ရုတ်တရက် အသံတိုးတိုးဖြင့် " လူအိုကြီးဟွမ်! နတ်ဓားဂိုဏ်းရဲ့အခြေအနေကတဖြည်းဖြည်း ကျဆင်းလာနေပြီနော်။

တကယ်လို့ ဂိုဏ်းရဲ့အင်အားကို ပြန်လည်မြင့်တက်လာအောင်စွမ်းဆောင်နိုင်တဲ့တစ်စုံတစ်ယောက်သာ ပေါ်မလာခဲ့ရင် နတ်ဓားဂိုဏ်းက အဆင့် ၈

မဟာဂိုဏ်းကြီးအဖြစ်တည်ရှိနေဖို့မဖြစ်နိုင်ဘူး၊
သိပ်မကြာခင်မှာပဲနိမ့်ကျသွားလိမ့်မယ်။

ဒီလိုမျိုးဆိုတော့ ငါတို့က ဘာလို့ သူ့ကိုလောင်းကြေးမထပ်ရမှာလဲ?
ဒီယန်ယွဲ့သာအသက်ရှင်နိုင်ခဲ့ရင် ငါတို့နတ်ဓားဂိုဏ်းက
ဂိုဏ်းတစ်ခုလုံးမှာ သူတစ်ဦးတည်းကျန်နေရင်တောင်
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံး  ကျော်ကြားသွားမှာ သေချာတယ်။”

လူအိုကြီးဟွမ်က အသက်ပြင်းပြင်းရှူပြီး "ဒါပေမယ့် ငါ
မင့်ခ်အင်ပါယာကိုဆန့်ကျင်လိုက်ရင် ဒီကိုရောက်နေတဲ့
မင်းအပါအဝင် ဂိုဏ်းရဲ့တပည့်တွေ အကုန်သေလိမ့်မယ်!"

ဂျီယန်ရှီက တိတ်ဆိတ်သွားကာ အနည်းငယ်နာကျင်သလို
ခံစားလိုက်ရသည်။

ထိုအချိန်တွင် ယန်ယွဲ့သည် လူအိုကြီးဟွမ်၏
အမူအရာကို တစ်ချက်ကြည့်လိုက်ပြီးနောက် မင့်ခ်အင်ပါယာကို
စိုက်ကြည့်ရင်း ပြုံးကာပြောလိုက်သည်။

"အကြီးအကဲ! တိုက်ကြီးတစ်ခုလုံးရဲ့ ထိပ်ဆုံးရပ်တည်မှုဆိုတာသိပါတယ်။

ဒါကြောင့် ငါမသေခင် အကြီးအကဲဆီက တောင်းဆိုချက်နှစ်ခုတောင်းလို့ရမလား? စိတ်မပူပါနဲ့၊ နှစ်ခုစလုံးက အကြီးအကဲကို ဒုက္ခပေးမှာ မဟုတ်ဘူး။”

မင့်ခ်အင်ပါယာက ယန်ယွဲ့ကိုခဏလောက် စူးစိုက်ကြည့်ပြီး "ကောင်းပြီ.....၊ ဧအာ ကိုကယ်တင်ခဲ့တဲ့အချက်ကို ထောက်ထားပြီး မင်းရဲ့တောင်းဆိုချက်တွေ ပြောပါ!"

ယန်ယွဲ့က မင့်ခ်အင်ပါယာကိုဦးညွှတ်ပြီးနောက် အဝေးဆီသို့ လှည့်ကြည့်လိုက်သည်။သူ၏ ဦးတည်ချက်က တောင်ပိုင်း နယ်မြေပင် ....

ခဏအကြာတွင် မင့်ခ်အင်ပါယာသည် လူအိုကြီးဟွမ် နှင့် ဂျီယန်ရှီကို တစ်ချက်ကြည့်လိုက်သည်။

လူအိုကြီးဟွမ်ကလည်း မင့်ခ်အင်ပါယာ၏

ရည်ရွယ်ချက်ကို နားလည်ပုံရပြီး၊လက်သီးနှစ်ဖက်ကို စုကာ စိတ်ရှုပ်ထွေးသောအမူအရာအပြည့်ဖြင့် ယန်ယဲ့ကိုကြည့်လိုက်ပြီးနောက် ဂျီယန်ရှီ နှင့်အတူ ကွယ်ပျောက်သွားတော့သည်။

သူတို့နှစ်ဦး ထွက်ခွာသွားပြီးနောက် မင့်ခ်အင်ပါယာကလက်ကို ဝှေ့ယမ်းလိုက်ကာ အာကာသထဲတွင် အလွန်ကြီးမားသော ကြေးမုံမှန်ချပ် ပေါ်လာခဲ့၏။

"ဒီမှန်ကို လေဟာနယ်ကြေးမုံလို့ခေါ်တယ်၊ ဒီအင်ပါယာက မင်းရဲ့ပထမဆုံးတောင်းဆိုချက်ကို ဖြည့်ဆည်းပေးနိုင်တယ်!"

စကားပြောပြီးသည်နှင့် မင့်ခ်အင်ပါယာက လက်ကို နောက်တစ်ကြိမ် ထပ်မံ ခါယမ်းလိုက်၏။

တစ်ခဏလေးအတွင်းမှာပဲ ကြေးမုံမျက်နှာပြင်သည် ရုတ်တရုတ်
တောက်ပလာပြီးနောက် ဆိုးရွားသော မြင်ကွင်းတစ်ခုက
တဖြည်းဖြည်း ထွက်ပေါ်လာပါသည်…။

ပန်းနန်းတော်။

ပန်းနန်းတော်၏ နောက်ဖက် ပန်းတောင်တန်းတွင် အောက်ခြေကို
မမြင်နိုင်သောချောက်ကမ်းပါးတစ်ခုရှိနေပေသည်။

ချောက်ကမ်းပါး၏အောက်ခြေသည် အလွန်မှောင်မိုက်နေပြီး
အရိုးများစုပုံနေကော
အလွန်အေးစက်နေသောယင်ချီများပြည့်နေသည့် လေအေး များ
တိုက်ခတ်နေပါသည်။

ချောက်ကမ်းပါး အောက်ခြေရှိ အေးခဲနေသော လေအေးများက
ချွန်ထက်သောဓားသွားများအလား လေထုကို
ပြတ်တောက်သွားစေသည်။

တစ်နည်းဆိုရသော် ချောက်ကမ်းပါးအောက်ခြေတွင်
လေအေးစားသွားများဖြင့် ပြည့်နှက်နေပေသည်။

ချောက်ကမ်းပါး၏ အလယ်ဗဟိုတွင်
စက်ဝိုင်းပုံသဏ္ဍာန်စင်မြင့်တစ်ခုရှိနေပြီး ထူထပ်သော
အနက်ရောင်သံကြိုးများဖြင့်ချည်နှောင်ထားသော
လှောင်အိမ်တစ်ခုကိုမြင်တွေ့နိုင်သည်။

အနက်ရောင်သံကြိုးများက မရေမတွက်နိုင်သော မိန်းမလှများကို
ချုပ်နှောင်ထား၏။

မိန်းမလှအချို့က သေဆုံးနေပြီဖြစ်ပြီး၊
မျက်နှာများကိုလေအေးစားသွားများကပိုင်းဖြတ်သွားကာ အချို့မှာ
မရေမတွက်နိုင်သော အပိုင်းအစများအဖြစ်
လှီးဖြတ်ခံရသောကြောင့် ဆိုးဆိုးရွားရွား သေဆုံးသွားခဲ့ကြသည်။

သူတို့ထဲမှ အမျိုးသမီးတစ်ဦးမှာတော့ ယခုထက်တိုင်
အသက်ရှင်နေသေးပုံရ၏။သို့သော် ထိုအသက်ရှင်နေသော
အမျိုးသမီးများသည်လည်းသေဆုံးနေသော အမျိုးသမီးများထက်
ကောင်းမွန်သော အခြေအနေတွင် ရှိမနေခဲ့ပေ။

ဤချောက်ကမ်းပါး၏အောက်ခြေတွင် ပန်းနန်းတော်၏ နာမည်ကျော်
"ပန်းပွင့်ချောက်ကမ်း ပါး" ရှိနေပေသည်။

ဤနေရာတွင် ယင်ချီဓာတ်များသိပ်သည်းစွာပြည့်နှက်နေသော
လေအေးများအဆက်မပြတ်တိုက်ခတ်နေပါသည်။

၎င်းသည် ပန်းနန်းတော်၏စည်းမျဉ်းများကိုချိုးဖောက်ခဲ့သော
နန်းတော်တပည့်များအား အပြစ်ပေးရန်အတွက်
အသုံးပြုသောနေရာပင်ဖြစ်သည်။

ရုတ်တရက် သက်လတ်ပိုင်းအမျိုးသမီးတစ်ဦးက
အနက်ရောင်စင်မြင့်ထက်တွင် ပေါ်လာသည်။

ထိုအမျိုးသမီးကို မြင်တွေ့လိုက်တဲ့အခါ
အနက်ရောင်သံကြိုးများဖြင့်ချုပ်နှောင်ခံထားရသော
အမျိုးသမီးများ၏မျက်လုံးထဲတွင်ထိတ်လန့်တုန်လှုပ်ဟန်များ
ချက်ချင်းထွက်ပေါ်လာပါသည်။

အဘယ်ကြောင့်ဆိုသော် သက်လတ်ပိုင်းအမျိုးသမီးက
ပန်းပွင့်ချောက်ကမ်းပါး၏ အကြီးအကဲဖြစ်နေခြင်းကြောင့်ပါ။

မှန်ပါသည်၊ အဓိကအချက်မှာ သက်လတ်ပိုင်းအမျိုးသမီးက
အလွန်မောက်မာသောစိတ်သဘောထားကိုသာပိုင်ဆိုင်ထားခြင်းဖြစ်
သည်။

တစ်ဖန် အမျိုးသမီးများ၏မျက်လုံးထဲမှ

ထိတ်လန့်မှုကို သတိပြုမိသောအခါ သက်လတ်ပိုင်းအမျိုးသမီးက
ရက်စက်သောအပြုံးကို ထုတ်ဖော်လိုက်သည်။

“ဟီးဟီး! အတိတ်ကာလရဲ့အထူးချွန်ဆုံးပါရမီရှင်တွေ၊
ပျော်ဖို့အချိန်ကျရောက်ပြီ။ လာ......၊ ကောင်းကောင်းပျော်ရအောင်!”

စကားဆုံးသည်နှင့် သူမ၏လက်ထဲတွင်
အနက်ရောင်ကြာပွတ်တစ်ချောင်းပေါ်လာသည်။

အနက်ရောင်ကြာပွတ်ကို မြင်လိုက်သောအခါပတ်ဝန်းကျင်ရှိ
အမျိုးသမီးငယ်များ၏ သိမ်မွေ့သောမျက်နှာသွင်ပြင်က
အပြင်းအထန်တုန်လှုပ်သွားကြသည်။

အကြောင်းအရင်းမှာ အနက်ရောင်ကြာပွတ်ကို
ဝိညာဉ်ဆွဲထုတ်ခြင်းကြာပွတ်ဟုခေါ်  ပြီး၊
အဆင့်မြင့်ကောင်းကင်အဆင့်လက်နက်ဖြစ်သည်။

ပန်းပွင့်ချောက်ကမ်းပါးတွင် ချုပ်နှောင်ခံထားရသည့်
အမျိုးသမီးအများစုသည် ဝိညာဉ်နယ်ပယ် (သို့မဟုတ်)
အထက်အဆင့်တွင်ရှိနေသောကြောင့်ပါ။

သူတို့၏ ရုပ်ခန္ဓာခွန်အားသည် သာမန်တိုက်ခိုက်မှုများဖြင့်
ထိခိုက်ဒဏ်ရာရရန်လုံးဝမဖြစ်နိုင်ပေ။

ထို့ကြောင့် ပန်းနန်းတော်က ဝိညာဉ်ဆွဲထုတ်ခြင်းကြာပွတ်ကို အထူးလက်နက်အဖြစ်ဖန်တီးထားခြင်းဖြစ်သည်။

အပြင်ပန်းတွင် မည်မျှ နာကျင်စေကာမူ စိတ်ဝိညာဉ်ကိုဖိနှိပ်ရာမှ ထွက်ပေါ်လာသော နာကျင်မှု၏ ဆယ်ပုံတစ်ပုံနှင့်ပင် မနှိုင်းယှဉ်နိုင်ပေ။

သူတို့၏ ကြောက်မက်ဖွယ်ရာ အမူအရာများနှင့် တုန်လှုပ်နေသော အသွင်အပြင်ကို ငေးကြည့်ရင်း သက်လတ်ပိုင်း အမျိုးသမီး၏ အပြုံးသည် ပို၍ပင် တောက်ပလာခဲ့သည်။“ဟမ့်! နင်တို့... ခွေးမတွေ အကုန်လုံး ဒီအရာကို ကိုယ်တိုင် ယူဆောင်ခဲ့တာလေ။

နန်းတော်ထဲမှာ သာယာတဲ့ဘဝ နဲ့ အဆင့်အတန်းကို ခံစားနေနိုင်တာတောင် သောက်အဓိပ္ပါယ်မရှိတဲ့ချစ်ခြင်းတရားကိုတွယ်တာနေကြသေးတယ်။”

သက်လတ်ပိုင်းအမျိုးသမီးက ပြောပြီးသည်နှင့် လက်က လှုပ်ရှားသွားပြီး၊ ကြာပွတ်သည် အနက်ရောင်အရိပ်တစ်ခုအဖြစ်သို့

ပြောင်းလဲသွားကာ ရှေ့တည့်တည့်မှ အမျိုးသမီးတစ်ဦးပေါ်သို့ လျင်မြန်စွာကျဆင်းသွား၏။

ဘန်း

ခပ်ကျယ်ကျယ်ပေါက်ကွဲသံတစ်ခုထွက်ပေါ်လာသည်။

"အား!"

အလွန်အမင်း သနားစရာကောင်းသော ရှိုက်ကြီးတငင်ငိုကြွေးသံက ချက်ချင်းဆိုသလို ထွက်ပေါ်လာတော့၏။

ထိုအမျိုးသမီး၏ မျက်နှာက နာကျင်မှုကြောင့် ညှိုးနွမ်းသွားကာ သူမ၏ ခန္ဓာကိုယ်သည်လည်း ပြင်းထန်စွာ တုန်လှုပ်နေပေသည်။

သက်လတ်ပိုင်းအမျိုးသမီးက သူ့ကိုယ်သူ ပိုလို့တောင် ကျေနပ်သွားပုံရ၏။ လက်ထဲက ကြာပွတ်ကို မြှောက်ကာ အဆိုပါအမျိုးသမီး၏ခန္ဓာကိုယ်ကို အထပ်ထပ် ရိုက်ချလိုက်သည်...။

ခဏအကြာတွင် အမျိုးသမီး၏ခန္ဓာကိုယ်ကပြင်းထန်စွာတုန်ခါလာပြီး သတိမေ့သွားလေတော့သည်။

"ဟမ်! ဘယ်လောက်တောင် ပျော့ညံ့လိုက်သလဲ!"
သက်လတ်ပိုင်းအမျိုးသမီးက အေးစက်စွာ ရေရွတ်ပြီး တုန်ယင်နေသော အမျိုးသမီးကို နောက်တစ်ကြိမ် ရိုက်နှက်ရန်လက်ကို မြှောက်လိုက်သည်။

ထိုစဉ် မေ့လဲနေသော အမျိုးသမီး၏ ဘယ်ဖက်ရှိ ကျောက်တိုင်တွင် အနက်ရောင်သံကြိုးများဖြင့် ချည်နှောင်ထားခံရသော အမျိုးသမီးက ရုတ်တရက် “လုံယု! သူကသတိမေ့သွားပြီလေ။
ဒီလိုနည်းလမ်းနဲ့လုပ်ဖို့အထိ လိုအပ်လို့လား။ ဖြစ်နိုင်ရင် စိတ်ရှည်ပါ။
ဘာပဲဖြစ်ဖြစ် ငါတို့အားလုံး တစ်ချိန်က
ဂိုဏ်းတူပညာသင်ဖက်တွေဖြစ်ခဲ့တာပဲလေ။”

လုံယုဟုခေါ်သော အမျိုးသမီးက လက်ကိုမြှောက်ထားရာမှ လေထဲတွင် ရပ်တန့်သွားပြီး စကားများပြောနေသော အမျိုးသမီးကို စူးစိုက်ကြည့်လိုက်သည်။

"ဖန်းယု!
အပြစ်ဒဏ်ကျနေတာတောင်နင်ကတစ်စုံတစ်ဦးကိုကာကွယ်ချင်နေသေးတာလား? နင်သိထားရမှာက ပန်းပွင့်ချောက်ကမ်းပါးမှာရှိတဲ့ ကိစ္စတွေအားလုံးကို
ငါ့လက်ထဲအပြည့်အဝလွှဲပေးထားတယ်ဆိုတာပဲ။ ကြည့်ရတာ နင်က ဝိညာဉ်ဆွဲထုတ်ခြင်းကြာပွတ်ကို မမြည်းရတာ
အချိန်ကြာသွားလို့ထင်တယ်..... ဟုတ်လား။
ဒီနေ့တော့နည်းနည်းလေး မြည်းစမ်းကြည့်လိုက်!"

တစ်ချိန်တည်းမှာပဲ လုံယု၏ခန္ဓာကိုယ်ကတဖျပ်ဖျပ်တောက်ပလာပြီး အနက်ရောင်ကြာပွတ်ကို အားကုန်လွှဲယမ်းကာ ဖန်းယု၏ ခန္ဓာကိုယ်ကို ရိုက်ချလိုက်သည်။

ရှမ်း !

အနက်ရောင်ကြာပွတ်ရှည်က
လေချွန်သံတဝှီးဝှီးထွက်ပေါ်လာပြီးနောက် ဖန်းယု၏
ခန္ဓာကိုယ်ပေါ်သို့ ကြမ်းတမ်းစွာရိုက်ချသွားပါသည်။

ဖန်းယု၏ ခန္ဓာကိုယ်က အနည်းငယ်တုန်ခါသွားကာ သူမ၏
စိတ်ဝိညာဉ်က အလွန်နာကျင် သွားသည်ကို
ခံစားလိုက်ရသည်။စိတ်ဝိညာဉ်မှ စူးရှသော နာကျင်မှုကြောင့်
ဖန်းယု၏ မျက်ခုံးများက တင်းကျပ်နေခဲ့သည်။
သို့ရာတွင် သူမက အသံထွက်အော်ငြီးခြင်းမရှိခဲ့ပေ!”

"ဟမ့်! နင်က တော်တော် သည်းခံနိုင်တယ်ပေါ့လေ။" လုံယုက
အေးစက်စွာ အော်ဟစ်လိုက်ပြီး
လက်ကိုထပ်မြှောက်ကာအနက်ရောင်ကြာပွတ်ကို
အဆက်မပြတ်ဝှေ့ယမ်းလိုက်ပါသည်။

မိနစ်အနည်းငယ်ကြာပြီးနောက် ဖန်းယု၏

တစ်ကိုယ်လုံးကို ကြာပွတ်ရာများအပြည့်

ဒဏ်ရာများဖြင့် ဖုံးလွှမ်းသွားခဲ့သည်။

“အင်း.... ယန်အာ! ယောင်အာ....” ဖန်းယုက သူမ၏ မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။  တစ်ချိန်တည်းမှာပဲ သူမ၏ နှုတ်ခမ်းကြားကနေ နာမည်နှစ်ခု ထွက်ပေါ်လာခဲ့လေသည်...။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၁၈ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၁၈)] သူသာ ပြောင်းလဲနိုင်မယ်

"ဟုတ်လား? ယန်အာ...၊ ယောင်အာ ? နင့်ရဲ့အယုတ်တမာ သားသမီးနှစ်ယောက်အကြောင်း စဉ်းစားနေသေးတာလား?" လုံယုက အေးစက်စွာ ရယ်မောလိုက်သည်။ “ခွေးတစ်ကောင်က အမြဲတမ်း ခွေးပဲဖြစ်လိမ့်မယ်။နင်က လျှို့ဝှက်ဆက်ဆံရေး နဲ့ ဘာမှန်းမသိတဲ့ယောကျ်ားတစ်ယောက်ကို ချစ်မိရုံမက အဲ့ဒီယောကျ်ားအတွက် ကလေးတောင်မွေးခဲ့တာ။ ဟမ့်! အမှန်အတိုင်းပြောရရင် နင့်ရဲ့အယုတ်တမာ သားသမီးနှစ်ယောက်လုံး သေသွားပြီ!"

"ဘာ?" ရုတ်တရက် မျက်လုံးမှိတ်ထားခဲ့သော ဖန်းယုက ခေါင်းထောင်လာပြီးကျယ်လောင်စွာအော်လိုက်ပါသည်။ “မဟုတ်ဘူး! မဖြစ်နိုင်ဘူး! လုံးဝမဖြစ်နိုင်ဘူး! ဆေဘာဓားဂိုဏ်းက သူတို့ကို ကာကွယ်ပေးလိမ့်မယ်!”

"ဆေဘာဓားဂိုဏ်း?" လုံယုက အေးစက်စွာ ရယ်လိုက်ပြီး “ကျဆင်းနေတဲ့ အမှိုက်ဂိုဏ်းက ပန်းနန်းတော်ကို ဆန့်ကျင်ဝံ့မှာလား။

ပန်းနန်းတော်ရဲ့ တောင်းဆိုမှုအရ အဲဒီအယုတ်တမာနှစ်ယောက်ကို သူတို့ လွှဲပေးလိုက်ရုံပဲ။ သူတို့ရဲ့သေဆုံးမှုက ဘယ်လောက်ထိ ကြောက်စရာကောင်းလဲ သိလား။ လာပါ၊ နင့်ကို ဖြည်းဖြည်းချင်း ပြောပြခွင့်ပြုပါ။

နင့်ရဲ့သားကို ငါတို့အရင်ဆုံးခွဲထုတ်ပြီး သူ့ကို ဒီကမ္ဘာမှာ အနာကျင်ဆုံးညှဉ်းပန်းနှိပ်စက်မှုကို ခံစားခွင့်ပြုပြီးနောက် ဝိညာဉ်ဆွဲထုတ်ခြင်းကြာပွတ်နဲ့ သူ့ရဲ့စိတ်ဝိညာဉ်ကို လွင့်စင်သွားတဲ့အထိ ရိုက်သတ်ခဲ့တယ်လေ။ နင့်ရဲ့ သမီးကတော့...."

“မဟုတ်ဘူး!” ဖန်းယုက နာကျင်မှုကြောင့် မျက်လုံးများကိုမှိတ်ထားရင်း ကြည်လင်သော မျက်ရည်နှစ်စက် စီးကျလာခဲ့သည်။

ယခုတိုင် သူမ အသက်ရှင်နေသေးသည့် အကြောင်းရင်းမှာ ယန်ယဲ့နှင့် ယောင်အာလေးကို တွေ့ချင်သေးသောကြောင့် ဖြစ်သည်။

သို့တည်းမဟုတ် သူမက ယန်ယဲ့ကိုကြိုးစားလေ့ကျင့်ရန် တွန်းအားပေးလိုသောကြောင့်ဟုဆိုနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာလောကတွင်
အထွတ်အထိပ်ခွန်အားကို ပိုင်ဆိုင်ထားမှသာ မိမိ၏
ကိုယ်ပိုင်ကံကြမ္မာကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။
ထိုအကြောင်းပြချက်နှစ်ခုကြောင့်သာမဟုတ်ပါက
သူမသေဆုံးသွားသည်အချိန်ကြာနေလောက်ပါပြီ။

တကယ်တမ်းတွင်
ပန်းပွင့်ချောက်ကမ်းပါးနှင့်ဝိညာဉ်ဆွဲထုတ်ခြင်းကြာပွတ်ရိုက်နှက်မှုကို
ဘယ်သူမှ ထာဝရ မခံစားချင်ကြပေ။

"ယန်နင်! ပန်းနန်းတော်! ငါ သေတာတောင် ခွင့်မလွှတ်ဘူး!"
ဖန်းယုက ခေါင်းကို မော့ကာ
ဒေါသတကြီး ဟိန်းဟောက်လိုက်ပါသည်။ သူမ၏ အသံကြီးက
ငရဲမှထွက်ပေါ်လာသလိုပဲ အလွန်အမင်း
ကြောက်စရာကောင်းနေခဲ့၏။

ဘာရယ် !

လုံယုက လက်ထဲတွင် ကိုင်ထားသော အနက်ရောင်ကြာပွတ်ဖြင့် ဖန်းယု၏မျက်နှာကိုဖြတ်ရိုက်ချလိုက်လေသည်။

အင့်။

ဖန်းယု၏မျက်နှာထက်တွင် သွေးစွန်းနေသောအနက်ရောင်ကြာပွတ်အစင်းကြောင်းတစ်ခုချက်ချင်းပေါ်လာသည်။

သို့သော် လုံယုက အနက်ရောင်ကြာပွတ်ကို နောက်တစ်ကြိမ် ထပ်မံဝှေ့ယမ်းကာ သူမ၏မျက်နှာကို ရည်ရွယ်ချက်ရှိရှိရိုက်ချလိုက်ပါတော့သည်။

ခဏအကြာတွင် ဖန်းယု၏ မျက်နှာတစ်ခုလုံးကို ကြာပွတ်မှ သွေးအစင်းကြောင်းများဖြင့်

ဖုံးလွှမ်းသွားကာ အလွန်ကြောက်စရာကောင်းသောအသွင်အပြင်ဖြစ်လာခဲ့သည်။

"နင်က ပန်းနန်းတော်ကို ခွင့်မလွှတ်ဘူးလား။ နင်? နင့်ရဲ့
စိတ်ဝိညာဉ်က လုံးလုံးကွဲကြေနေတာတောင်
ခုထက်ထိမောက်မာနေသေးတယ်။

အခု နင့်ရဲ့အခြေအနေက သာမန်လူထက်တောင် ပိုဆိုးသေးတယ်။

ဒါကိုတောင် ငါ့ရဲ့ပန်းနန်းတော်ကို ဘယ်လိုစော်ကားရဲတာလဲ?"
စကားပြောနေစဉ်မှာပဲ လုံယုက ကြာပွတ်ကိုမြှောက်ကာ
ဖန်းယုကိုအဆက်မပြတ်ရိုက်ချလိုက်သည်။

......

ရှေးဟောင်းစစ်မြေပြင်။

ယန်ယွဲ့သည် လေဟာနယ်ကြေးမုံမှပြသထားသည့်
မြင်ကွင်းမှတစ်ဆင့် ဖန်းယု၏
သေလုမျောပါးအခြေအနေကိုမြင်လိုက်ရသည့်အခါ

သူ့နှလုံးသားထဲတွင် ရက်စက်ကြမ်းကြုတ်သော
သတ်ဖြတ်ခြင်းစိတ်ဆန္ဒများတဟုန်ထိုးပေါက်ကွဲထွက်လာခဲ့သည်။

"အား...!!!!" ရုတ်တရုတ်၊

အလွန်အမင်းနာကျည်းမုန်းတီးမှုများပြည့်နှက်နေသော

ဝမ်းနည်းကြေကွဲဖွယ်ရာ ဒေါသတကြီး အော်ဟစ်သံက

ပတ်ဝန်းကျင်တွင်ထွက်ပေါ်လာခဲ့လေသည်။

သူ့အမေ၏ နာကျင်မှုဝေဒနာကြောင့် ယန်ယဲ့ ၏မျက်နှာတစ်ခုလုံး

ပြင်းထန်စွာ တုန်ခါနေပါသည်။

သူ၏မျက်လုံးများက သွေးမျက်ရည်များစီးကျလာကာ

ကြောက်မက်ဖွယ်ရာအသွင်သို့ ပြောင်းလဲသွားပါပြီ။

သူက လက်သည်းများကို လက်ဝါးထဲသို့ နစ်မြုပ်သွားသည့်အထိ

တင်းတင်းကြပ် ဆုပ်ထားလိုက်ကာ လတ်ဆတ်သော သွေးများက

သလက်ချောင်းများကနေ အဆက်မပြတ် စီးကျလာသည်။

"ပန်းနန်းတော်! ပန်းနန်းတော်! ပန်းနန်းတော်! ပန်းနန်းတော်! အား!!!!"

ယန်ယဲ့၏ မျက်လုံးများက သွေးများဖုံးလွှမ်းနေပြီးသူ့မျက်နှာပေါ်တွင်

သတ်ဖြတ်ခြင်းအငွေ့အသက်များသာ ထွက်ပေါ်နေပါသည်။

ယန်ယဲ့သည် ရှေးဟောင်းသားရဲကြီးတစ်ကောင်လို
အော်ဟစ်ကြုံးဝါးလိုက်ကာ၊ တစ်ချိန်တည်းမှာပင်
ပြင်းထန်သော ဓားမြည်သံက ရုတ်တရက်ထွက်ပေါ်လာ၏။
ထို့နောက်တွင် သူ၏ညာလက်ချောင်းက လေထဲသို့
ပစ်လွှတ်လိုက်သကဲ့သို့ သွေးအရိပ်တစ်ခုက ကောင်းကင်ပေါ်သို့
ပျံတက်သွားလေသည်။

"သေ!"

ငါယန်ယဲ့ ကောင်းကင်တာအိုကိုတိုင်တည်ပြီး ကျိန်ဆိုတယ်။
ငါ့ဘဝတစ်လျှောက်လုံး ပန်းနန်းတော်ရဲ့တပည့်အားလုံးကို
တစ်ယောက်မကျန် မသတ်နိုင်ခဲ့ရင်
ထာဝရနာကျင်မှုကိုခံစားရပါစေလို့
ကောင်းကင်ဘုံကိုတိုင်တည်ပါတယ်။"

ဘန်း

သူ၏ ကျိန်ဆိုသံ ဆုံးသည်နှင့် တစ်ပြိုင်နက်
ရက်စက်ကြမ်းကြုတ်သော သတ်ဖြတ်ခြင်းကြိုးမျှင်တစ်ချောင်းက
ယန်ယဲ့၏ ခန္ဓာကိုယ်ကနေ ရုတ်တရက် ပေါက်ကွဲထွက်လာပြီး
ဓားစိတ်ဆန္ဒ နှင့် ပေါင်းစပ်သွားလေတော့သည်။

ရုတ်တရက် ပေါက်ကွဲထွက်လာသော သတ်ဖြတ်ခြင်းစိတ်ဆန္ဒသည်
အကန့်အသတ်မဲ့နေပုံရပြီး ဓားစိတ်ဆန္ဒ နှင့်အတူ ပတ်ဝန်းကျင်ကို
တိုက်ရိုက်ဖုံးလွှမ်းသွား၏။

မတူညီသော စိတ်ဆန္ဒနှစ်ခုသည်တဖြည်းဖြည်း
ပေါင်းစပ်သွားကာတစ်ခုနှင့်တစ်ခု ခွဲခြား၍မရတော့ပေ။

ယန်ယဲ့၏အခြေအနေကို ဘေးမှအေးစက်စွာစောင့်ကြည့်နေသော
မင့်ခ်အင်ပါယာ၏

အမူအရာက ရုတ်တရက်ပြောင်းလဲသွားပါသည်။

"သူ့ရဲ့ဓားစိတ်ဆန္ဒက ပြောင်းလဲသွားပြီ။

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ။ ဒါက ဘယ်လိုဖြစ်နိုင်မလဲ။ အနာဂတ် ဓားအင်ပါယာအရှင်က သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကို ဘယ်လိုပိုင်ဆိုင်နိုင်မှာလဲ?"

"သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ"

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒသည် ဓားစိတ်ဆန္ဒ နှင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒကိုပေါင်းစပ်ထားသော စိတ်ဆန္ဒတစ်ခုဖြစ်သည်။

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒသည် ဓားစိတ်ဆန္ဒ (သို့) သတ်ဖြတ်ခြင်းစိတ်ဆန္ဒထက် အဆပေါင်းများစွာ ပို၍ကြောက်စရာကောင်းသည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒတွင် ဓားစိတ်ဆန္ဒပါဝင်နေသလို၊ ဓားစိတ်ဆန္ဒတွင် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပါဝင်နေပေသည်။

သို့ရာတွင် သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒသည်

နားလည်ထားသူ၏ စိတ်အာရုံအသိကိုလေးလံထိုင်းမှိုင်းသွားစေကာ၊
အဆုံးသတ်တွင် ထိုလူကို ရက်စက်ကြမ်းကြုတ်သော
"သတ်ဖြတ်ခြင်းနတ်ဘုရားတစ်ပါး"ဖြစ်လာစေမည်ဖြစ်သည်။

"ဓားအင်ပါယာ" ဟူသော တည်ရှိမှုကဘယ်ရာမျိုးဖြစ်သနည်း။

ဓားအင်ပါယာသည်

ဓားတာအို၏အထွတ်အထိပ်ရပ်တည်မှုဖြစ်သလို၊

ဖြောင့်မတ်မှန်ကန်သောပညာရှင်တစ်ယောက်ဖြစ်သည်။

ခေတ်အဆက်ဆက် ဓားအင်ပါယာတိုင်းက

တရားမျှတမှု၏ ဥပဒေသကိုပိုင်ဆိုင်ထားသည်။

သို့ရာတွင် ဓားအင်ပါယာကို လူကောင်းများဖြစ်သည်ဟု မဆိုလိုပေ၊
ဓားအင်ပါယာဖြစ်လာသူများက များသောအားဖြင့်
သွေးဆာနေသူများမဟုတ်ဟု ဆိုလိုခြင်းသာဖြစ်သည်။

ဓားအင်ပါယာ၏ ဓားသည် နှလုံးသားနှင့်ချိတ်ဆက်ထားသောကြောင့် ဓားအင်ပါယာကို သတ်ဖြတ်လိုက်ပါက အလွန်မာကြောသော အသိစိတ်ဝိညာဉ်ရှိရန်လိုအပ်သည်။

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒသည် သွေးဆာရက်စက်ခြင်းကို ကိုယ်စားမပြုပါ။

သို့သော်၊ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကို

နားလည်သဘောပေါက်ခဲ့သော ဓားပညာရှင်တိုင်းက အဆုံးမဲ့သတ်ဖြတ်ခြင်းကို နှစ်သက်ကြသည်။

ထို့ကြောင့် မင့်ခ်အင်ပါယာသည် ရုတ်တရက်ပြောင်းလဲသွားသော ယန်ယဲ့၏အခြေအနေကိုကြည့်ကာ အလွန်အမင်း အံ့သြသွားပါသည်။

"ဉာဏ်အလင်းရဓားနှလုံးသားကိုပိုင်ဆိုင်ထားလို့ အကြိုဓားအင်ပါယာဖြစ်တဲ့ ဒီလူသားက ဓားစိတ်ဆန္ဒကနေထပ်ဆင့်ပြောင်းလဲသွားတဲ့ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကိုဘယ်လိုလုပ်ပြီး နားလည်နိုင်တာလဲ? ဖြစ်နိုင်တာ..... သူက အနာဂတ်ရဲ့ဓားအင်ပါယာ မဟုတ်ဘူးလား?"

ခဏအကြာတွင် မင့်ခ်အင်ပါယာက ခေါင်းယမ်းလိုက်သည်။

ထိုအရာအားလုံးက အရေးမကြီးတော့ပေ။ တောင်းဆိုချက်အားလုံးပြီးဆုံးသည်နှင့်ဒီလူသားကသူ့လက်ထဲတွင်သေဆုံးရမည်မဟုတ်ပါလား။

ထို့ကြောင့် အကယ်၍ သူသည် အထွတ်အထိပ်ဓားစိတ်ဆန္ဒ၊ တစ်နည်း အဆင့် ၁၀ ဓားစိတ်ဆန္ဒကို နားလည်ထားလျှင်ပင် သူ့အတွက် ဘာခြားနားမှုမှမရှိနိုင်ပေ။

ခဏအကြာတွင် ယန်ယွဲ့၏သွေးမျက်လုံးများက အနည်းငယ်ပြန်ပြီးတည်ငြိမ်သွားပါသည်။

"ဒီဂျူနီယာရဲ့နောက်ဆုံးတောင်းဆိုချက်က နေရာတစ်ခုဆီသွားချင်တယ်!"

မင့်ခ်အင်ပါယာသည် အသိစိတ်ကိုဆုံးရှုံးသွားပုံရသော ယန်ယွဲ့အားစိုက်ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်မိသည်။ "ကောင်းပြီလေ။"

မရဏသေမင်းချောက်နက်.....။

သိပ်မကြာခင်မှာပဲ မင့်ခ်အင်ပါယာနှင့်ယန်ယွဲ့တို့နှစ်ဦးက မရေမင်းချောက်နက်အောက်ခြေတွင် ထွက်ပေါ်လာကြ၏။

သူတို့နှစ်ဦးသား ချောက်နက်အောက်ခြေသို့ရောက်ရှိလာပြီးနောက် မင့်ခ်အင်ပါယာက ပတ်ဝန်းကျင်ကို ‌ေးကြည့်ရင်း မျက်မှောင်ကြုတ်လိုက်၏၊ “လူသား! မင်းတွေ့ချင်တဲ့လူက ဘယ်မှာလဲ?”

"သူက ရှေ့တည့်တည့်မှာပဲလေ!"

ယန်ယွဲ့သည် ခပ်လှမ်းလှမ်းမှ အိမ်အိုလေးဆီသို့ ညွှန်ပြပြီးနောက် ဖြည်းညှင်းစွာ လျှောက်သွားလိုက်ပါသည်။ “အကြီးအကဲမူ! ဒီယန်ယွဲ့က အခုထိ မသေသေးဘူး!

ချပ်။

တံခါးဖွင့်သံ ဖြည်းညှင်းစွာထွက်ပေါ်လာပြီးနောက်
အသက်အရွယ်ကြီးရင့်နေသော ပိန်ပိန်ပါးပါး အဘိုးအိုတစ်ဦးက
လမ်းလျှောက်တုတ်ကို ထောက်ကိုင်ရင်း ထွက်လာခဲ့၏။

အဘိုးအို၏ ခန္ဓာကိုယ်က
အလွန်ပိန်လှီနေကာလေတစ်ချက်တိုက်ရုံဖြင့်ပင်
ပြိုလဲသွားနိုင်သည်ဟုထင်ရလောက်သည်။

သို့သော်၊ အဘိုးအို၏ခန္ဓာကိုယ်မှဘာစွမ်းအင်အတက်အကျမှ
ထွက်ပေါ်မလာသောကြောင့်
မင့်ခ်အင်ပါယာ၏မျက်နှာအမူအရာကိုသိသိသာသာ
ပြောင်းလဲသွာစေခဲ့သည်။

ထိုစဉ် အကြီးအကဲမူက မင့်ခ်အင်ပါယာကိုတစ်ချက်ကြည့်ကာ
ယန်ယွဲ့ကိုပြန်ကြည့်ရင်း ပြုံးပြလိုက်၏။

"မဆိုးပါဘူး။ အဆင့် ၆ ဓားစိတ်ဆန္ဒ နဲ့ သိုင်းဘုရင်အဆင့် ၅ ။ ဒီလို
အရှိန်က တကယ်ကို အံ့ဩစရာပဲ။ ကံမကောင်းစွာပဲ၊ မင်းရဲ့
ဓားစိတ်ဆန္ဒက ပြောင်းလဲသွားတဲ့အတွက် ဓားတောင်ထိပ်ရဲ့

လျှို့ဝှက်ဆန်းကြယ်တဲ့ ရှေးဟောင်း အမွေအနှစ်ကိုဆက်ခံနိုင်မှာ မဟုတ်တော့ဘူး။

ဒါပေမဲ့ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒက ဓားစိတ်ဆန္ဒ အမျိုးအစားအားလုံးထဲမှာ အသန့်စင်ဆုံး နဲ့ အပြတ်သားဆုံးစိတ်ဆန္ဒတစ်ခုဖြစ်နေလို့ မင်းကံကောင်းတယ်လို့ဆိုရမယ်။

နောက်ပြီး မင်းပိုင်ဆိုင်ထားတဲ့ ဉာဏ်အလင်းရဓားနှလုံးသား နဲ့ ပေါင်းစပ်လိုက်ရင်... ဟား။အနာဂတ်မှာ တိုက်ကြီးတစ်ခုလုံးရဲ့ ဘယ်လိုပညာရှင်က မင်းဆီက ဓားတစ်ချက်တည်းကိုခံနိုင်ရည်ရှိမှာလဲ?”

သူစကားပြောပြီးသည်နှင့် အကြီးအကဲမူကယန်ယဲ့ကို ခေါင်းညိတ်ပြကာ လေးနက်သောအမူအရာအပြည့်ရှိနေသော မင့်ခ်အင်ပါယာကိုစိုက်ကြည့်နေလိုက်သည်။

အကြီးအကဲမူက ရုတ်တရက် စကားစလိုက်ပါသည်။

“လေဟာနယ်မင့်ခ်! ဟားဟား။ ရှန်တန်းဂျီ တစ်ချိန်ကပြောခဲ့တာတွေက မှန်နေပါလား

'နတ်ဘုရားရတနာတွေပေါ်လာမယ်၊
ခရမ်းရောင်မင့်ခ်တွေလည်းတစ်ပြိုင်နက်တည်း
ထွက်ပေါ်လာလိမ့်မယ်ဆိုတာ။

တိုက်ကြီးတစ်ခုလုံးကို ပရမ်းပတာအခြေအနေတွနဲ့
ဖုံးလွှမ်းထားတဲ့အခါ ကောင်းကင်ဘုံက ရှင်းသွားပါလိမ့်မယ်။
သက်ရှိတွေအားလုံး အကုန်နီးပါးပျက်စီးရလိမ့်မယ်။ ဒီစကားတွေကို
မင်းကြားဖူးမယ်ထင်ပါတယ်။"

မင့်ခ်အင်ပါယာ၏အမူအရာသည်
လျင်မြန်စွာပြောင်းလဲသွားပြီးနောက် အကြီးအကဲမူကို
စူးစိုက်ကြည့်ကာ "ဒီတာအိုရောင်းရင်းက
ဘယ်သူလဲ? အတိအကျသိခွင့်ရှိမလား?" လွန်ခဲ့တဲ့ နှစ်ပေါင်း
၁၀,၀၀၀ တည်း က ရှန်တျန်းဂျီ ရဲ့ဟောကိန်းကို
ဘာကြောင့်သိနေရတာလဲ?"

"ငါက သေခါနီးလူပဲလေ!" အကြီးအကဲမှူက ခေါင်းခါလိုက်သည်၊

“မင့်ခ်အင်ပါယာ! မင်း ဒီကလေးကို သက်ချင်နေတာ ငါတားလို့မရဘူး။

တစ်ခုတော့ရှိတယ်.....

မင်း သူ့ကိုသတ်လိုက်တာနဲ့ ရှန်တန်းဂျီရဲ့ ဟောကိန်းကအတည်ပြုပြီးသားဖြစ်သွားလိမ့်မယ်။

တစ်နည်းပြောရရင် မင်းရဲ့လေဟာနယ်မင့်ခ်ကလန်တစ်ခုလုံး ဆန်းကြယ်တိုက်ကြီးရဲ့သက်ရှိသတ္တဝါအားလုံးနဲ့အတူ မြုပ်နှံခံရမှာသေချာတယ်!”

"ဘာကိုဆိုလိုတာလဲ?" မင့်ခ်အင်ပါယာ၏ အမူအရာသည် အနည်းငယ် ဆိုးရွားနေကာ သူ့ပတ်ဝန်းကျင်ရှိ လေဟာနယ်သည်ပင် ပြင်းထန်စွာ တုန်ခါသွားခဲ့သည်။

အကြီးအကဲမှူက ခေါင်းကို အနည်းငယ်မော့ပြီး ကောင်းကင်အဝေးတစ်နေရာကို မော့ကြည့်လိုက်ပါသည်။

ထို့နောက် “မင့်ခ်အင်ပါယာ! လွန်ခဲ့တဲ့ နှစ်တွေအကုန်လုံး အဲ့ဒီလူကလွဲရင် ကောင်းကင်ဘုံလှျောက်လမ်းကို နောက်ထပ်ဘယ်သူမှ မကျော်လွှားနိုင်ခဲ့ဘူးဆိုတာ မင်းသိသလား?”

မင့်ခ်အင်ပါယာက တိုးညှင်းသော အသံဖြင့် ပြောလိုက်၏။ "အနှောင်အဖွဲ့ကင်းမဲ့သူကတကယ်ကို ကြောက်စရာကောင်းလွန်းပါတယ်လေ!"

"မှန်တယ်၊ သူက တကယ်ကို ကြောက်စရာကောင်းတာပဲ!" အကြီးအကဲမှူက ပြုံးပြီးဆက်ပြောသည်။ “သူက ဓားတစ်ချောင်းတည်းနဲ့ ကောင်းကင်ဘုံလှျောက်လမ်းတစ်ခုလုံးကို ဖြိုချခဲ့တယ်။

လွန်ခဲ့တဲ့ နှစ် ၁၀,၀၀၀ သမိုင်းမှာ ဖော်ပြထားခြင်းမရှိပေမယ့် ဆန်းကြယ်တိုက်ကြီးရဲ့ရှေးဟောင်းခေတ်အဆက်ဆက်မှာ ဘယ်သူကမှ အောင်မြင်အောင် မချိုးဖျက်နိုင်ခဲ့ဘူး။

အနာဂါတ်အတွက်ဆိုရင်တော့....”

ဒီနေရာမှာပဲ သူ့စကားကိုရပ်လိုက်ပြီး အကြီးအကဲမှူက ယန်ယဲ့ကို
ငုံ့ကြည့်လိုက်ပါသည်။ “ဒီလောကမှာ သူကလွဲလို့ ဒါကို
ပြီးမြောက်အောင် လုပ်နိုင်တဲ့သူ ဘယ်သူမှ မရှိနိုင်ဘူး!”

မင့်ခ်အင်ပါယာက ယန်ယဲ့ကို စိုက်ကြည့်ရင်းမေးလိုက်၏။ “ဒါက
တကယ်ပဲ သူလား?”

အကြီးအကဲမှူက ပြုံးပြီး “ကောင်းကင်ဘုံလျှောက်လမ်းအကြောင်း
ဆက်ပြောကြရအောင်။ အနှောင်အဖွဲ့ကင်းမဲ့သူက
ချိုးဖျက်ပြီးတဲ့နောက်မှာ လွန်ခဲ့တဲ့ နှစ် ၁၀,၀၀၀ အတွင်း ဘယ်သူက
ကျော်ဖြတ်နိုင်ခဲ့လို့လဲ?အနှောင်အဖွဲ့ကင်းမဲ့သူရဲ့ခွန်အားက
အရမ်းကြောက်စရာကောင်းနေတဲ့ အကြောင်းရင်းရယ်
သူထွက်သွားပြီးတဲ့နောက်မှာ  ကောင်းကင်ဘုံလျှောက်လမ်းရဲ့
အခက်အခဲတွေကို တိုးမြှင့်ထားလိုက်လို့ပဲ။

တကယ်တမ်းပြောရရင် ပြင်ပလောကမှာရှိတဲ့လူတွေက
ဒီနေရာကနေ ဘယ်သူ့ကိုမှ ထပ်ပြီး

ထွက်မသွားစေချင်ဘူး။ ဒီအချက်ကို မင်းသဘောပေါက်မိရဲ့လား?"

"ဒီအကြောင်းတွေကို စေ့စေ့စပ်စပ်သိနေတယ်ဆိုတော့ တာအိုရောင်းရင်းက ဘယ်သူလဲ?" မင့်ခ်အင်ပါယာ၏ အမူအရာက နောက်တစ်ကြိမ်ပြောင်းသွားကာ "အပြင်လောကရဲ့ လူတွေအကြောင်း မင်းလည်းတကယ်သိထားတယ်ပေါ့။ ဒါကို သတိပြုမိတဲ့လူက ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှာ လက်တစ်ဆုပ်စာလောက်ပဲ ရှိတာ သေချာတယ်။ မင်းကဘယ်သူလဲ!?"

အကြီးအကဲမူက မင့်ခ်အင်ပါယာကို စိုက်ကြည့်ရင်း လျစ်လျူရှုကာ ပြောလိုက်သည်။ "သင်ချိုင်းစောင့်ဘိုးဘေး!"

အကြီးအကဲမူ၏ ပြန်ဖြေသံကိုကြားလိုက်တဲ့အခါ မင့်ခ်အင်ပါယာ၏ မျက်လုံးများကသိသိသာသာကျဉ်းမြောင်းသွားပါတော့သည်။ သူက အကြီးအကဲမူကို အချိန်တော်တော်ကြာ စိုက်ကြည့်ပြီးနောက် ယန်ယဲ့ အံ့ဩတုန်လှုပ်စွာကြည့်လိုက်ရင်း သူ့ရှေ့မှအဘိုးအိုကို

အနည်းငယ်ရိုကျိုးစွာ ဦးညွှတ်လိုက်၏။

မင့်ခ်အင်ပါယာက အကြီးအကဲမူကို ဦးညွှတ်ပြီးနောက်
“ဒဏ္ဍာရီတွေအရတော့ လူသားပဲဖြစ်ဖြစ်၊ နတ်ဆိုးမျိုးနွယ်ပဲဖြစ်ဖြစ်
ကျန်မျိုးနွယ်ခြားတွေအားလုံး ကောင်းကင်ဘုံလျှောက်လမ်းမှာ
ကျရှုံးသွားတဲ့ ပညာရှင်တွေအားလုံးရဲ့ရုပ်အလောင်းတွေကို
လျှို့ဝှက်ဆန်းကြယ်တဲ့ အရာတစ်ခုက ယူဆောင်သွားတယ်လို့
ပြောကြတယ်။ အဲ့ဒီအရာကပညာရှင်တွေသေဆုံးပြီးတဲ့နောက်မှာ
ငြိမ်းချမ်းစွာ အနားယူဖို့ နဲ့ ပြန်လည်ဝင်စားခြင်းကို ရနိုင်အောင်
အကောင်းမွန်ဆုံးနည်းလမ်း နဲ့ သင်္ဂြိုဟ်ပေးခဲ့တယ်။

ဒီအရာတွေအားလုံးက ဒဏ္ဍာရီတစ်ခုလို့သာထင်ခဲ့ပေမယ့်.....
စီနီယာက တကယ်ရှိနေတယ်ဆိုတာကို ဘယ်တုန်းကမှ
စိတ်မကူးခဲ့ဖူးဘူး!"

အကြီးအကဲမူက ပြုံးလိုက်သည်၊ ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး
"အရင်က သူ့ကို နောက်ထပ်
သင်္ချိုင်းစောင့်ဘိုးဘေးအဖြစ်အမွေပေးဖို့ ရည်ရွယ်ထားပေမယ့်

ဒီတိုက်ကြီးက အနာဂတ်မှာ မလိုအပ်တော့ဘူးဆိုတာ ငါ သတိထားမိတယ်။"

မင့်ခ်အင်ပါယာက အချိန်တော်တော်ကြာတိတ်ဆိတ်သွားပြီးမှ ရုတ်တရက် ပြောလိုက်သည်။ “ဒါကအမှန်ပဲ! ဒီဂျူနီယာလည်း တစ်ခုခုကို သတိထားမိနေတယ်။”

သူပြောပြီးသည်နှင့် ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်သည်။ "သူက စီနီယာရဲ့တပည့်ဆိုမှတော့ ငါက သူ့ကို သတ်ပစ်ဖို့ မဖြစ်နိုင်တော့တာ ဝန်ခံပါတယ်။ ဒီလိုဆိုမှတော့ ဒီနေရာမှာပဲ နှုတ်ဆက်လိုက်ပါတယ်!”

ထို့နောက် မင့်ခ်အင်ပါယာက အကြီးအကဲမူကို နောက်တစ်ကြိမ် ဦးညွှတ်လိုက်ပြီးနောက် နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

မင့်ခ်အင်ပါယာ ထွက်ခွာသွားပြီးနောက် ယန်ယွဲ့က မေးလိုက်၏။ “အကြီးအကဲမူ၊ အစောပိုင်းက ဘာတွေလဲ....” မှန်ပါသည်၊ အစကနေ အဆုံးအထိ ယန်ယွဲ့က အလွန်တရာ စိတ်ရှုပ်ထွေးနေခဲ့ခြင်းဖြစ်သည်။

မင့်ခ်အင်ပါယာ နှင့် အကြီးအကဲမှုက

တစ်ဦးနှင့်တစ်ဦးရှင်းပြလိုက်ပြောလိုက်ဖြစ်နေသော်ငြား၊

အကြောင်းအရာများကို သူရှင်းရှင်းလင်းလင်း မသိခဲ့ပေ။

အဆုံးတွင် မင့်ခ်အင်ပါယာက အကြီးအကဲမှုကို

အလွန်ရိုကျိုးစွာဆက်ဆံနေသောကြောင့် ယန်ယဲ့၏စိတ်ထဲ

အနည်းငယ်ထူးဆန်းသလို ခံစားလိုက်ရသည်။

"မင်းမေးချင်တာ၊ သူက ဘာလို့ ငါ့အပေါ် ဒီလောက်

ရိုကျိုးနေရတာလဲ? ဟုတ်တယ်မလား။" အကြီးအကဲမှုက

ယန်ယဲ့ကိုကြည့်ရင်းပြုံးလိုက်၏။

ယန်ယဲ့က အလျင်အမြန် ခေါင်းညိတ်လိုက်သည်။

"ဘာလို့လဲဆိုတော့ ပညာရှင်တွေသေဆုံးသွားတဲ့အခါ သူတို့ရဲ့

ရုပ်အလောင်းတွေကို သင်္ဂြိုဟ်ပေးဖို့

ငါ့လိုသန်မာတဲ့လူတစ်ယောက်ကိုလိုအပ်နေလို့ပဲ!" အကြီးအကဲမှုက ပြုံးရင်း ဆက်ပြောသည်။

“ကောင်းကင်ဘုံလျှောက်လမ်းကို ပညာရှင်တွေရဲ့သင်္ချိုင်းလို့လည်း ခေါ်တယ်...။

ဟားဟား၊ ငါဘာလို့အခုမှပြောတာလဲ သိလား? ဘာပဲဖြစ်ဖြစ်လေ ဒါတွေက အခုလောလောဆယ်မှာ အရေးမကြီးသေးဘူး။ ကလေး! ဆက်သွားပါ၊ ရှေးဟောင်းစစ်မြေပြင်ကို ပြန်သွား။

မင်းရဲ့အမေက ဒီလိုဆင်းရဲဒုက္ခကို ခံစားရမယ်ဆိုတဲ့ ကံကြမ္မာပါလာတယ်။ သူ့အတွက်ကံကြမ္မာကို ဖြေရှင်းပေးဖို့ မင်းမှာစွမ်းအားမရှိသေးဘူး။

ကလေး! မင်းက ဒီထက်ပိုပြီးသန်မာလာအောင် ကြိုးစားပါ။ မဟုတ်ရင် မင်းအမေ၊ မင်းကိုယ်တိုင်၊ မင်းညီမနဲ့ တခြားမင်းချစ်ရတဲ့လူတွေအားလုံး သေတာကို ဒီအတိုင်းပဲ ကြည့်နေရလိမ့်မယ်။”

ယန်ယွဲ့သည် ထပ်မံ၍ မေးမြန်းချင်သော်လည်း၊ ရုတ်တရက်ခေါင်းမူးနောက်သွားကာ သူ့ပတ်ဝန်းကျင်မှ ကမ္ဘာကြီးတစ်ခုလုံး လည်ပတ်နေသလို ခံစားလိုက်ရ၏။ တစ်ချိန်တည်းမှာပဲ သူ၏အသိစိတ်ကတဖြည်းဖြည်း မှုန်ဝါးလာသည်။

ယန်ယွဲ့က နောက်တစ်ကြိမ် သတိပြန်ရလာသော အခါ မင့်ခ်အင်ပါယာ နှင့် စတင်တွေ့သည့်နေရာကို ပြန်ရောက်နေပြီဖြစ်သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၁၉ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၁၉)] – ဆံပင်ဖြူမိန်းမပျို

ယန်ယဲ့က နေရာတွင်
မတ်တပ်ရပ်လိုက်ကာသူရောက်နေသောပတ်ဝန်းကျင်ကို
စိုက်ကြည့်လိုက်သည်။
 ဒီအချိန်တွင် သူက တစ်စုံတစ်ခုပျောက်ဆုံးသွားသလို
ခံစားနေရသည်။
ထိုခံစားချက်ကလမ်းကြောင်းပျောက်နေခြင်းမဟုတ်ပေ၊သူ့
နှလုံးသားတစ်ခုပျောက်ဆုံးသွားခြင်းပါ ။

သူ၏စိတ်ထဲတွင် ရည်မှန်းထားသောတစ်သက်တာစိတ်ဆန္ဒက
အလွန်ရိုးရှင်းသည်။
သူ့မိသားစုနှင့် အတူတူနေထိုင်ရန်သာ၊ ထို့အပြင် သူ၏မိသားစုကို
သက်တောင့်သက်သာဘဝတွင်နေထိုင်ခွင့်ပေးပြီး
ချစ်ခင်နှစ်သက်သူများ ထာဝရပျောက်ရှင်စွာနေထိုင်ရန်ပါ။

ကမ္ဘာလောကကို လွှမ်းမိုးချုပ်ကိုင်ပြီးအရှင်သခင်နေရာကိုရယူရန်၊ များစွာသော

အလှတရားများနှင့် ပျော်ပါးနေရန်လား၊ သို့တည်းမဟုတ် ဂုဏ်သိက္ခာအဆင့်အတန်းလား? သူ့စိတ်ထဲတွင် တစ်ကြိမ်တစ်ခါမှမတွေးဖူးသောအရာများဖြစ်သည်။

မှန်ပါသည်။ ယန်ယဲ့ဟာ အစကတည်းက သူ့ကိုယ်သူ သိပ်ပြီး မျှော်လင့်မထားခဲ့ပေ။ သူသည် သာမာန်ဘဝကိုသာ ဖြတ်သန်းချင်ခဲ့သည်။

သို့သော် တကယ်တမ်းတွင် သူ့နှလုံးသားထဲရှိ ရိုးရှင်းသောဆန္ဒက ကောင်းကင်ဘုံသို့တက်လှမ်းရန်ထက်ပင် ခဲယဉ်းကြောင်းသဘောပေါက်ထား၏။

ကံကောင်းထောက်မစွာဖြင့် ဒီသဘောတရားအားလုံးကို သူ ကောင်းကောင်းကြီးနားလည်ထားပါသည်။

အခုအချိန်တွင် သူ့နှလုံးသားတစ်ခုလုံးက
ပျောက်ဆုံးသွားပြီဖြစ်သည်။

နောက်ဆုံးတော့၊ သူ့တွင် လက်တလော

ရွေးချယ်စရာတစ်ခုသာ ကျန်တော့၏။

ထိုအရာက သူ့လက်ထဲတွင်ကိုင်ထားသောဓားကိုအသုံးပြုကာ
သာမန်ဘဝတစ်ခုဆီသို့သွားရာလမ်းတွင်
ပိတ်ရပ်နေသောလူအားလုံးကို သတ်ဖြတ်ပစ်ရန်ပါ။

ထိုကဲ့သို့ လူများ ဘယ်လောက်ပင်များပြားနေပါစေ သူ့အတွက်
လုံးဝအရေးမကြီးတော့ပေ။

လက်ရှိ ဤကမ္ဘာလောကတွင်လူနှစ်မျိုးသာရှိ၏။
ကိုယ်တိုင်ချစ်ခင်သောလူများ နှင့် ထာဝရမဟာရန်သူများ ဖြစ်သည်။

သူ ချစ်မြတ်နိုးသောလူများကို အကာအကွယ်ပေးရန်အတွက်
ရန်သူများကိုတစ်ယောက်မကျန်သတ်ဖြတ်ပစ်ရမည်မှာသဘာဝနိ
ယာမပင်။

ကမ္ဘာလောကတစ်ခုလုံးသာသူ၏ရန်သူဖြစ်နေပါက
ကမ္ဘာလောကတစ်ခုလုံးကို ဖျက်ဆီးပစ်ရန်သာတတ်နိုင်သည်။

သို့သော် ထိုအရာများ၏ကြိုတင်သတ်မှတ်ချက်မှာ
ပြီးမြောက်အောင်လုပ်ဆောင်ရန်အကြွင်းမဲ့ခွန်အား
ပိုင်ဆိုင်ရမည်ဖြစ်သည်။

ထိုကဲ့သို့မဟုတ်ဘဲ သူ့တွင် ခွန်အားမရှိပါကအရာအားလုံး
အချည်းနှီးသာဖြစ်သွားပါလိမ့်မည်။

ယန်ယဲ့သည် အချိန်တော်တော်တော်ကြာ တုံ့ဆိုင်းနေပြီးနောက်တွင်
တစ်စုံတစ်ခုကိုပြတ်သားစွာဆုံးဖြတ်လိုက်လိုက်ပါပြီ။

အခုအချိန်တွင် သူက တောင်ပိုင်းနယ်မြေကို
ပြန်သွားရန် မရွေးချယ်နိုင်ခဲ့ပေ။

လက်ရှိ သူ့စိတ်ထဲတွင် ပန်းနန်းတော်၏ အဖွဲ့ဝင်တိုင်းကို
တစ်ယောက်မကျန် ဖျက်ဆီးပစ်ရန်ထက်
ဘာကိုမှမလိုလားပေ။သို့သော်ငြားသူသာ

တောင်ပိုင်းနယ်မြေကိုပြန်သွားခဲ့ပါက
သူ့အမေကိုမကယ်တင်နိုင်ရုံသာမက၊
သူကိုယ်တိုင်ပင်သေဆုံးသွားရလိမ့်မည်။ ဒီအချက်ကို သူ့စိတ်ထဲ
ကောင်းစွာနားလည်ထား၏။

သူ၏လက်ရှိစွမ်းအားက အလွန်မြင့်တက်လာသည့်တိုင်
ပန်းနန်းတော်သည် လက်ရှိ သူရင်ဆိုင်နိုင်သော
တည်ရှိမှုမျိုးမဟုတ်ခဲ့ပေ။

ယန်ယဲ့သည် သူ၏ညာလက်ပေါ်မှသွေးစီးကြောင်းကို
တစ်ချက်ကြည့်လိုက်ပြီးနောက် အသက်ပြင်းပြင်းရှူကာ
ပြင်းထန်သော သတ်ဖြတ်ခြင်းစိတ်ဆန္ဒကိုဖိနှိပ်လိုက်သည်။

ရုတ်တရက် သူသည် နဝမငရဲအေးမီးတောက်ကို
ရှာဖွေရန်ဆုံးဖြတ်လိုက်ပြီး၊ အနောက် တောင်ဖက်တည့်တည့်သို့
လျင်မြန်စွာ ပျံသန်းသွားခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာတည်းက နဝမငရဲအေးမီးတောက်ကို ဤနေရာတွင် မြှုပ်နှံထားသောကြောင့် ငရဲနတ်ဘုရားသင်္ချိုင်းဟု လည်းခေါ်ဆိုကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၀,၀၀၀ ခန့်က ရှေးဟောင်းစစ်မြေပြင်တွင် ကြီးမားသောတိုက်ပွဲကြီးတစ်ခု ဖြစ်ပွားခဲ့သည်။

ထိုတိုက်ပွဲအတွင်း ဆန်းကြယ်တိုက်ကြီးမှ မရေမတွက်နိုင်သော အဆင့်မြင့်ပညာရှင်များသေဆုံးသွားခဲ့ကြ၏။

ငရဲနတ်ဘုရားသည်လည်း ရှေးဟောင်းစစ်မြေပြင်တွင် သေဆုံးသွားခဲ့သော အဆင့်မြင့်ပညာရှင်များထဲမှ တစ်ဦးဖြစ်သည်။

ငရဲနတ်ဘုရားသေဆုံးခဲ့သောနေရာကနေ အဆုံးမဲ့သေခြင်းချီစွမ်းအင်များ စိမ့်ထွက်လာပြီးနောက် ပတ်ဝန်းကျင် ကီလိုမီတာ ၅၀၀ အကျယ် ဧရိယာသည် သေခြင်းနယ်မြေအဖြစ် ချက်ချင်းပြောင်းလဲသွားတော့သည်။

ထို ကီလိုမီတာ ၅၀၀ ကျယ်ဝန်းသောဧရိယာက လက်ရှိ နဝမမြောက်ငရဲဘုံ ဟုခေါ်သောနေရာပင်ဖြစ်သည်။

ပုန်းကွယ်နေသောနဂါးစေတီကို ဖွင့်လှစ်တိုင်း
မရေမတွက်နိုင်သောကျွမ်းကျင်သူများက
လေ့ကျင့်ရန်အကောင်းဆုံးနေရာတစ်ခုဖြစ်သော
နဝမမြောက်ငရဲဘုံသို့ ဦးတည်သွားကြသည်။

ဤနေရာတွင် တည်ရှိနေသော လေအေးများက ကျင့်ကြံသူတစ်ဦး၏
ဆန်းကြယ်ချီစွမ်းအင်ကို သိပ်သည်းစေရုံသာမကဘဲ၊

ရုပ်ခန္ဓာခွန်အားကိုပါမြှင့်တင်နိုင်ပေသည်။

အရေးအကြီးဆုံးမှာ နဝမမြောက်ငရဲဘုံ တွင်

နတ်ဘုရားစိတ်ဝိညာဉ်များစွာ ရှိနေခြင်းပင်။

ထိုဝိညာဉ်များသည်
ငရဲနတ်ဘုရား၏ရုပ်အလောင်းမှစိမ့်ထွက်လာသော သေခြင်းချီ

စွမ်းအင်မှ မွေးဖွားလာခြင်းဖြစ်သည်။

ထိုဝိညာဉ်များကို စုပ်ယူဝါးမြိုလိုက်ပါက ကျင့်ကြံသူ၏ စိတ်အာရုံအသိကို မူလထက်အဆပေါင်းများစွာ သန်မာလာစေသည်။

ထို့ကြောင့် ပုန်းကွယ်နေသောနဂါးစေတီမဖွင့်လှစ်ခင်အချိန်ထိ ရှေးဟောင်းစစ်မြေပြင်ကိုရောက်လာသော ကျင့်ကြံသူတိုင်းက နဝမမြောက်ငရဲဘုံသို့ အပြေးအလွှားသွားရောက်ကြသည်။

ရုတ်တရက်။

ယန်ယဲ့၏ မျက်လုံးများရှေ့တွင် မီးလောင်ကျွမ်းသွားသလို ထင်ရသည့် အကန့်အသတ်မဲ့ကျယ်ဝန်းသော ဖုန်းဆိုးမြေကြီးတစ်ခုကိုမြင်တွေ့လိုက်ရသည်။

လက်ရှိအချိန်သည် နေမွန်းတည့်ရုံသာရှိသေးသော်ငြား၊ မြေပြင်၏ အထက် ကောင်းကင်ယံတွင် အနက်ရောင်တိမ်တိုက်များဖုံးလွှမ်းနေပေသည်။

အနက်ရောင်တိမ်တိုက်များက ထူးဆန်းသောချိစွမ်းအင်များ
ဖြာထွက်နေပြီး၊ နေစက်ဝန်းမှဖြာကျလာသော
အလင်းရောင်ခြည်ကိုပင်ကာဆီးထား၏။

ဟမ်။ ရုတ်တရက် လေအေးတစ်ချက်က
မျက်နှာကိုတိုက်ခတ်သွားကာ
စိတ်ဝိညာဉ်ထဲမှစူးရှရှခံစားချက်ကြောင့် ယန်ယွဲ့၏မျက်လုံးများက
ချက်ချင်းပင် မျက်မှောင်ကြုတ်သွားခဲ့သည်။

ဤနေရာတွင်တိုက်ခတ်နေသော လေအေးများက
ခန္ဓာကိုယ်ကိုဦးတည်ချက်မထားဘဲ၊စိတ်ဝိညာဉ်ကိုသာပစ်မှတ်ထား
နေပုံရ၏။

ထို့နောက် ယန်ယွဲ့သည် ပေါ့ပေါ့တန်တန် မနေဝံ့တော့ဘဲ၊
စိတ်ဆန္ဒတစ်ခုကိုထုတ်လွှတ်လိုက်သည်။
ဓားချီကြိုးတစ်ချောင်းထွက်ပေါ်လာပြီးနောက်
သူ့ပတ်ဝန်းကျင်မှလေအေးများကို ဖိနှိပ်ပစ်လိုက်ပါသည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့၏အမူအရာက အလွန်လေးနက်လာခဲ့သည်။

"ဖြစ်နိုင်တာ..... ဒီလေအေးတွေက နဝမမြောက်ငရဲဘုံကနေထွက်လာတာဖြစ်နိုင်မလား? အဲ့ဒီကနေ ထွက်ပေါ်လာတဲ့လေထုကတောင် အရမ်းကြောက်စရာကောင်းနေရင် နဝမမြောက်ငရဲဘုံက ဘယ်လောက်တောင်ကြောက်စရာကောင်းလိုက်မလဲ?"

ထားလိုက်ပါ.....၊ နဝမမြောက်ငရဲဘုံက

ဘယ်လောက်ပဲ ကြောက်စရာကောင်းနေပါစေ ငါယန်ယွဲ့ နဝမငရဲအေးမီးတောက်ကို မရရအောင်ရှာပြမယ်! ယန်ယွဲ့သည် အသက်ပြင်းပြင်းရှူလိုက်ပြီး၊ သူ၏လှုပ်ရှားမှုနည်းစနစ်ကို ထုတ်ဖော်လိုက်ကာ အဝေးဆီသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

သူသည် နဝမငရဲအေးမီးတောက်ကို ရယူချင်ပါက အလွန်အေးစက်သောလေအေးများတည်ရှိနေသည့် နဝမမြောက်ငရဲဘုံ၏ အတွင်းပိုင်းနယ်မြေသို့ ဝင်ရောက်ရန်သာရှိသည်။

ချီး......။ ဒါက ဘာတုန်းဟ။

ရုတ်တရက် သူ့ရှေ့တွင် အစိမ်းရောင်တောက်ပနေသော အလင်းလုံးတစ်ခုပုံျသန်းလာသောကြောင့် ယန်ယွဲ့၏ခန္ဓာကိုယ်က ချက်ချင်းတောင့်တင်းသွားလေသည်။

အစိမ်းရောင်အလင်းလုံးက အရွယ်ရောက်လူတစ်ဦး၏ ဦးခေါင်းအရွယ်အစားခန့်ရှိကာ လုံးဝကို စိမ်းမြနေသော အစိမ်းရောင်ဖြစ်သည်။

ထို့အပြင် အစိမ်းရောင်အလင်းလုံးထဲတွင်ပါဝင်နေသော စွမ်းအင်များက ယန်ယွဲ့၏ နှလုံးသားကို ထူးဆန်းစွာ ခံစားမိစေသည်။

ထို ထူးဆန်းသောစိတ်ဆန္ဒက အကြောင်းအရင်းမရှိဘဲ ထွက်ပေါ်လာခြင်းဖြစ်သည်။

အမ်။ ဒါက......။ ယန်ယွဲ့က အလွန်အံ့သြနေခဲ့၏။ အစိမ်းရောင်အလင်းလုံးကိုမြင်တွေ့လိုက်သည်နှင့် တစ်ပြိုင်နက်

အတွင်းထဲရှိစွမ်းအင်များက သူ့အတွက် အကျိုးရှိကြောင်း ခံစားလိုက်ရသောကြောင့်ပင်။

ဘန်း!

ထိုအချိန်တွင်၊ ဆေဘာချီကြိုးတစ်ချောင်းကရုတ်တရက် ထွက်ပေါ်လာပြီးနောက် အစိမ်းရောင်အလင်းလုံးကို ပိုင်းဖြတ်ပစ်လိုက်သည်။

အလင်းလုံးကို ခွဲချလိုက်သည်နှင့်တစ်ပြိုင်နက် အစိမ်းရောင်အလင်းတန်းတစ်ခု

ထွက်ပေါ်လာခဲ့၏။

မရေမတွက်နိုင်သော အစိမ်းရောင်အလင်းစက်များက လေထုထဲတွင် ပျံ့လွင့်သွားသည်။

ထို့နောက် ဆံပင်ဖြူမိန်းမပျိုတစ်ဦးက အစိမ်းရောင်အလင်းလုံးဆီသို့ ရုတ်ချည်းပေါ်လာပြီး ပါးစပ်ကိုဖွင့်ဟကာ အစိမ်းရောင်အလင်းစက်များကို ပါးစပ်ထဲသို့ စုပ်သွင်းလိုက်သည်!

ရုတ်တရက် မိန်းမပျိုက ခေါင်းအနည်းငယ် မူးဝေသွားပုံရပြီး၊ ခဏအကြာတွင် အသက်ပြင်းပြင်းရှူထုတ်လိုက်သည်။

အနည်းငယ်ကြာပြီးနောက် သူမဘေးနားတွင်လူတစ်ယောက်ရှိနေသည်ကို သတိထားမိသွားပုံရပြီး မျက်လုံးများကို ပြန်ဖွင့်ကာ ယန်ယဲ့ကို စိုက်ကြည့်လိုက်ပါသည်။ "နင် ဒီကိုပထမဆုံးအကြိမ် ရောက်တာလား?"

ယန်ယဲ့က ချက်ချင်း သတိပြန်ဝင်လာပြီးပြန်မဖြေနိုင်သေးဘဲ ဆံပင်ဖြူမိန်းမပျိုကိုငေးကြည့်နေမိ၏။

မိန်းမပျိုက အသက် ၂၀ ဝန်းကျင်သာရှိပြီး အလွန်လှပသော မျက်နှာသွင်ပြင်ကိုပိုင်ဆိုင်ထားသည်။

သူမ၏ခေါင်းပေါ် ရှိဖြူဖွေးနေသောဆံပင်များက သူမပိုင်ဆိုင်သော အလှကို လျော့ပါးစေခြင်းမရှိသည့်အပြင် တစ်မျိုးတစ်ဖုံလှပနေစေသည်။

ထူးခြားချက်မှာ
သူမ၏ခါးထက်တွင်ဓားပျော့တစ်ချောင်းကိုပတ်ထားခြင်းဖြစ်သည်။
ဓားပျော့က အလွန်ပါးလွှာရုံသာမက
အနည်းငယ်ပင်တိုတောင်းနေသောကြောင့် ဓားမြှောင်အချို့နှင့်
တူညီနေသေး၏။

ဆံပင်ဖြူမိန်းမပျိုက ယန်ယဲ့ကိုမြင်တွေ့ပြီးနောက် လက်က
သူမ၏ခါးထက်မှဓားပေါ်တွင်သာရှိနေခဲ့သည်။

ခဏအကြာတွင်တော့ ယန်ယဲ့ကိုသူမကိုပြန်ဖြေလိုက်ပါသည်။
"အမှန်ပဲ! ငါ အခုမှဒီကိုရောက်ဖူးတာ။"

ထိုစဉ် မိန်းမပျိုက နောက်ထပ်မေးခွန်းတစ်ခုမေးလိုက်၏။ "နင်က
ရှေးဟောင်းဒိုမိန်းမြို့ကကနေ လာတာလား။"

ယန်ယဲ့က ခေါင်းညိတ်ပြီး "မင်းရဲ့မေးခွန်းနှစ်ခုကို ငါဖြေပြီးပြီမို့
မေးခွန်းတစ်ခုလောက် ပြန်မေးလို့ရမလား?"

“မေး!” ဆံပင်ဖြူမိန်းမပျိုက ယန်ယဲ့ကို
စိုက်ကြည့်ကာ စူးစူးရဲရဲပြောလိုက်သည်။

"အဲဒါဘာလဲ?" ယန်ယဲ့က အစိမ်းရောင်အလင်းလုံးကိုညွှန်ပြပြီး
မေးလိုက်၏။

"ဝိညာဉ်တစ်ခု!"

"ဝိညာဉ်လား?" ဒါက တကယ်ပဲ ဝိညာဉ်လား?" ယန်ယဲ့က
မျက်မှောင်ကြုတ်ကာ ထပ်မေးလိုက်သည်။

ဆံပင်ဖြူမိန်းမပျိုက ယန်ယဲ့ကို ဂရုမစိုက်ဘဲ
စိုက်ကြည့်လိုက်ပါသည်။ "ဒါ ဒုတိယမေးခွန်းပဲ!"

ယန်ယဲ့က စကားမပြောနိုင်လောက်အောင်စွံ့အသွား၏။

မိန်းမပျိုက ထပ်မေးလိုက်ပြန်သည်။

"နှင် ရှေးဟောင်းဒိုမိန်းမြို့ကလာတာဆိုတော့၊အဲဒီမှာ ယန်ယဲ့လို့ခေါ်တဲ့ လူတစ်ယောက်ရှိတယ်။ နှင်သူ့ကိုသိလား?" မိန်းမပျို၏ ပါးစပ်မှထွက်လာသောမေးခွန်းကြောင့်ယန်ယဲ့ဟာအတော်လေးတုန် လှုပ်သွားလေတော့သည်။

သူက အလွန်လေးနက်သောအမူအရာဖြင့်ဆံပင်ဖြူမိန်းမပျိုကို တစ်ချက်ကြည့်လိုက်ကာ သူမကိုလုံးဝမသိကြောင်းအတည်ပြုလိုက်ပါသည်။ "ဖြစ်နိုင်တာ.....၊ ငါ့ရဲ့ဂုဏ်သတင်းက အရမ်းကြီးနေလို့များလား?"

ဆံပင်ဖြူမိန်းမပျိုက ယန်ယဲ့ထိတ်လန့်သွားသည်ကိုမြင်သောအခါ အနည်းငယ် မျက်မှောင်ကြုတ်ပြီး၊ သူမ၏ မေးခွန်းကို ထပ်ခါတလဲလဲ ပြောလိုက်သည်။ "နှင်သူ့ကိုသိနေတာလား?"

ယန်ယဲ့သည် သူ့ရှေ့မှမိန်းမပျိုကိုထူးဆန်းသောအမူအရာဖြင့် စိုက်ကြည့်ပြီးနောက် ခေါင်းညိတ်လိုက်၏။ “ငါသိနေတယ်။ ဒါပေမယ့် မင်း သူ့ကို ဘာလို့ရှာနေတာလဲ?"

"သူ့ကိုသတ်ဖို့!" ဆံပင်ဖြူမိန်းမပျိုက ချက်ချင်းပြန်ဖြေသည်။

ချီး......။ ယန်ယဲ့က အလွန်တုန်လှုပ်သွား၏။

"ဘာကြောင့်?"

အခုအချိန်တွင် ယန်ယဲ့က အတော်လေးမတရားသလို ခံစားလိုက်ရသည်။

မှန်ပါသည်၊ ဒီမိန်းမပျိုကို သူလုံးဝ မသိခဲ့သလို သူမလည်း သူ့ကို လုံးဝ မသိဟုယုံကြည်ခဲ့သည်။

သို့မဟုတ်ပါက သူမရှေ့တွင်ရပ်နေသောသူ့ကို ချက်ချင်းမှတ်မိသွားပါလိမ့်မည်။

"သေစမ်းဟ! အရင်ပြဿနာတွေတောင်မပြီးသေးဘူး။
နောက်ပြဿနာတစ်ခု ပေါ်လာပြန်ပြီ။ သောက်ကျိုးနည်း,
ဒီမိန်းမပျိုက ဘာလို့ငါ့ကိုသတ်ချင်နေရတာလဲ?"

သို့သော် ဆံပင်ဖြူမိန်းမပျိုက ယန်ယွဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး ဘာမှပြန်မပြောဘဲနဲ့လှည့်ထွက်သွား၏။

သူမ၏အမူအရာကိုမြင်လိုက်တဲ့အခါ
ယန်ယွဲ့ကအနည်းငယ်အံ့သြသွားမိသည်။"ဒီမိန်းကလေးကအေးတိ
အေးသက်အမူအရာနဲ့ဆိုတော့ စိတ်ဝေဒနာသည်များဖြစ်နေမလား?"

ယန်ယွဲ့က တွန့်ဆုတ်မနေဘဲ၊ မိန်းမပျို၏
နောက်ကိုဆက်လိုက်သွားရန်ဆုံးဖြတ်လိုက်သည်။

နောက်ဆုံးတော့ သူလည်း ဒီကိစ္စကို
တိတိကျကျသိမထားဘူးမဟုတ်ပါလား။

သူသည် ပြဿနာကိုကြောက်သော်ငြား၊ အကြောင်းပြချက်မရှိပါဘဲ အခြားသူများနှင့် ပြဿနာမဖြစ်လိုပေ။

ထို့အပြင် အခု သူနှင့် ပြဿနာရှာလိုသော ဆံပင်ဖြူမိန်းမပျိုက အဆင့်မြင့်ကျွမ်းကျင်သူဖြစ်နေပေသည်။

ယန်ယဲ့က မိန်းမပျိုနှင့်စကားပြောနေရင်းသူမထံမှ အဆင့် ၅ ဆေဘာစိတ်ဆန္ဒ ထက်ကျော်လွန်နေသော ဆေဘာစိတ်ဆန္ဒကိုအာရုံခံမိလိုက်သည်။

ဆံပင်ဖြူမိန်းမပျိုက ရပ်တန့်လိုက်ပြီး ယန်ယဲ့ကို လှည့်ကြည့်လာသည်။ "နင်က ဘာလုပ်နေတာလဲ?"

ယန်ယဲ့သည် သူမ၏မေးခွန်းကြောင့် လုံးဝအံ့အားသင့်သွားပြီး အချိန်အတော်ကြာပြီးနောက်မှသာ လက်ရှိအခြေအနေကိုသတိပြန်ဝင်လာခဲ့သည်။

“အင်း၊ ငါမေးချင် မင်းက ဘာလို့ ယန်ယဲ့ကို သတ်ပစ်ချင်နေတာလဲ?

စောစောကပြောခဲ့တဲ့စကားတွေကို အခြေခံလိုက်ရင် နှစ်ယောက်လုံးက တစ်ယောက်နဲ့တစ်ယောက် မသိကြပုံပဲလေ။ ဒီတော့ နားလည်မှုလွဲတာမျိုးရှိနေလို့လား?”

ဆံပင်ဖြူမိန်းမပျိုက ခေါင်းခါလိုက်သည်။“ငါ သူ့ကိုမသတ်ရင် သူနဲ့လက်ထပ်ရမယ်။ ငါ သူ့ကို လက်မထပ်ချင်ဘူး ၊ ငါ သူ့ကိုသတ်ပစ်ဖို့ပဲ တတ်နိုင်တယ်။ ”

"ဘာကြောင့်လဲ?" ယန်ယဲ့က အလွန်အံ့အားသင့်သွားကာ နှလုံးသားတစ်ခုလုံးပင် ခုန်ထွက်လုမတတ် ထိတ်လန့်သွားသည် “ငါ့ကို လက်ထပ်ရမှာလား? ချီး....ဘယ်လိုဟာသလဲ?...ဘာ...” အခုအချိန်တွင် ယန်ယဲ့သည် မိန်းမပျိုပြောလိုက်သော စကားများကိုလိုက်မှီနိုင်စွမ်းမရှိတော့သလို ခံစားလိုက်ရ၏။

"အဲဒါ ငါ့အဖေကြောင့်ပဲ!" ဆံပင်ဖြူမိန်းမပျိုက ဆက်ပြောလိုက်သည်။ “ငါ့အဖေကပြောလိုက်ရင် ဘယ်တော့ပဲဖြစ်ဖြစ် အရာအားလုံးမှန်နေတယ်။

ဒါပေမယ့် ငါ သူ့ကို တကယ်လက်မထပ်ချင်ဘူး။

နင်က ဘာကြောင့် ရှေးဟောင်းဒိုမိန်းမြို့ကိုပြန်သွားပြီး အဲ့ဒီယန်ယဲ့ကို ပုန်းကွယ်နေသောနဂါးစေတီမှာမပါဝင်ဖို့ မတောင်းဆိုရတာလဲ?

သွား......။ နင်ပြန်သွားတာနဲ့ သူ့ကို တောင်ပိုင်းနယ်မြေကို အမြန်ပြန်ခိုင်းလိုက်။ပြီးတော့ ရှေးဟောင်းဒိုမိန်းမြို့ကို ဘယ်တော့မှ ပြန်မလာဖို့ ပြောလိုက်ပါ၊

ဒီစကားကြောင့် ယန်ယဲ့က ပို၍ပက် မှင်တက်သွားပါသည်။

ရုတ်တရက် သူ့ကိုယ်သူ ဓားဖြင့်ခုတ်ပိုင်းချင်လိုက်ပါတော့သည်။

"ဟုတ်ပြီ၊ အခုတော့ ငါ နည်းနည်း နားလည်သွားပြီ။ မင်းရဲ့အဖေက မင်းကို ယန်ယဲ့နဲ့လက်ထပ်စေချင်လို့ သူ့ကိုသတ်ချင်တာမဟုတ်လား။ တစ်ဖက်မှာ မင်းက ယန်ယဲ့ကိုအတင်းအကြပ် လက်ထပ်ရမှာကြောက်လို့ သူ့ကိုသတ်ချင်နေတာ.... ဟုတ်တယ်မလား"

မိန်းမပျိုက ခေါင်းညိတ်လိုက်သည်။

"မင်းအဖေက ဘာလို့ ယန်ယဲ့ကို လက်ထပ်ခိုင်းရတာလဲ?"

ဒီအချိန်တွင် ယန်ယဲ့က ရယ်ရမလား ငိုရမလားပင် မသိတော့ပေ။

"တစ်စုံတစ်ယောက်က သူ၏သမီးဖြစ်သူကိုသူနှင့် လက်ထပ်စေချင်နေသောကြောင့်ပါ။

သောက်ကျိုးနည်း၊ ဒီလိုသဘောကောင်းလွန်းတဲ့လူက ဘယ်လိုလူစားမျိုးဖြစ်နိုင်လဲ?"

ဆံပင်ဖြူမိန်းမပျိုက "တကယ်တော့ ယန်ယဲ့ကို လက်ထပ်ဖို့ မလိုပါဘူးလေ။ အဖေက ဒီမျိုးဆက်ရဲ့ဓားအင်ပါယာ နဲ့ လက်ထပ်ရမယ်ဆိုတဲ့ စကားလေးပဲ ပြောခဲ့တယ်။

အဲ့ဒီ ယန်ယဲ့က အဆင့် ၅ ဓားစိတ်ဆန္ဒ နဲ့ ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားတယ်လေ ... ။ "

"ဒါပေမယ့် ယန်ယဲ့က ဒီမျိုးဆက်ရဲ့ဓားအင်ပါယာမဖြစ်နိုင်ရင် ဘယ်လိုလုပ်မလဲ?" ယန်ယဲ့က ဆက်ပြောလိုက်၏။ "ဒီလိုဆိုရင် မင်းက လူမှားသတ်ခဲ့တာဖြစ်မသွားဘူးလား?

ဒီလိုလုပ်မိလို့ အပြစ်ရှိမှာမဟုတ်ဘူးလား?”

“ဒါပေမယ့် သူ့မှာ ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားတယ်…”

“ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်တာက ဓားအင်ပါယာဖြစ်လာလိမ့်မယ်လို့ ဘယ်သူပြောလဲ?” ယန်ယဲ့က မိန်းမပျို၏စကားကို ကြားဖြတ်ပြောလိုက်ပါသည်။
“ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားသူက ဓားအင်ပါယာလို့ မင်းအဖေပြောခဲ့တာလား? သူက ဖြစ်နိုင်တာမှမဟုတ်တာ။ ဒါ့အပြင် ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားသူက ဓားအင်ပါယာ ဖြစ်လာနိုင်ရင် မင်းရဲ့အဖေက ဓားအင်ပါယာနဲ့ လက်ထပ်ဖို့ တိုက်ရိုက်ပြောခဲ့တာ မဟုတ်လား?

ဆံပင်ဖြူမိန်းမပျိုက ယန်ယဲ့၏စကားကြောင့်တစ်စုံတစ်ခုကိုတွေးမိသွားပုံဖြင့် မျက်မှောင်ကြုတ်လိုက်သည်…။

ယန်ယွဲ့က ရုတ်တရက် ပြောလိုက်၏ "မှန်တယ်။ ငါတစ်ခုလောက်မေးလို့ရမလား? မင်းရဲ့အဖေက ဘယ်သူလဲလို့လေ။"

ဆံပင်ဖြူမိန်းမပျိုက ယန်ယွဲ့၏မေးခွန်းကြောင့် ရုတ်တရက် စိုက်ကြည့်လိုက်ကာ သူမ၏ခန္ဓာကိုယ်ကနေ ပြင်းထန်သော ဆေဘာစိတ်ဆန္ဒအငွေ့အသက်များပျံ့လွင့်လာသည်။

သို့သော်လည်း ယန်ယွဲ့ရှေ့သို့ရောက်သွားစဥ်မှာပဲ ဆေဘာစိတ်ဆန္ဒဖိအားက သူမ၏ခန္ဓာကိုယ်ထဲသို့ ရုတ်တရက်ပြန်ဝင်သွားခဲ့သည်။

ထိုမြင်ကွင်းကို မြင်လိုက်ရတဲ့အခါ ယန်ယွဲ့၏ အမူအရာက နောက်တစ်ကြိမ် ပြောင်းလဲသွားပါတော့သည်။

"ဉာဏ်နည်းနည်းထိုင်းနေတာလား? ဒီမိန်းကလေးက ဘယ်သူလဲ?"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၂၀ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၂၀)] – အဆင့် ၆ ဆေဘာစိတ်ဆန္ဒ

"အဲဒါတော့ မပြောနိုင်ဘူး!" ဆံပင်ဖြူမိန်းမပျိုက စကားပြောပြီး ယန်ယဲ့ကိုတစ်ချက်ကြည့်ကာ နောက်ပြန်လှည့်ထွက်သွားတော့သည်။

ဒီတစ်ကြိမ်တွင် သူမက ယန်ယဲ့ကိုဆက်မပြောချင်တော့သည့်အလား အရှိန်ပြင်းပြင်းနှင့် မီတာ ၃၀ ကျော်အကွာထိပင်ရောက်ရှိသွားလေသည်။

ယန်ယွဲ့က ခဏတာတုံ့ဆိုင်းသွားပြီးနောက်
လေလှိုင်းခြေလှမ်းကိုအမြင့်ဆုံးအထိထုတ်ဖော်လိုက်ကာ
ဆံပင်ဖြူမိန်းမပျို၏နောက်ကိုလိုက်ပါသွားရန်သာဆုံးဖြတ်လိုက်ပါ
သည်။

သူက မိန်းမပျိုကို အနှောင့်အယှက်မပေးလိုသည့်တိုင်
လက်ရှိအဖြစ်အပျက်ကအလွန်ထူးဆန်းနေပြီး
သူ့အပေါ်မထင်မှတ်ထားသောအန္တရာယ်များကျရောက်လာနိုင်ကြော
င်းခံစားမိလိုက်လေသည်။

လေလှိုင်းခြေလှမ်း နှင့် ပျံသန်းရေးအဆောင်၏
စွမ်းအားဖြင့်ပင်ယန်ယွဲ့နှင့်ဆံပင်ဖြူမိန်းမပျိုအကြား
အကွာအဝေးမှာလျော့ကျသွားခြင်းမရှိပေ၊
ပို၍ပင်ဝေးကွာသွားလေသည်။

အစောပိုင်းက မီတာ ၃၀ လောက်သာကွာခြားခဲ့သော်လည်း
အခုအချိန်တွင် မီတာ ၁၀၀ နီးပါးအထိပင် ဝေးကွာလာခဲ့၏။

ဒီမိန်းကလေးက ဘယ်သူဖြစ်နိုင်လဲ?

သူမက သူ့ကို မတိုက်ခိုက်ခဲ့သည့်တိုင် သူမ၏ စွမ်းအားသည် ဗဟိုနယ်မြေ၏ ပါရမီရှင် သုံးဦးထက် လုံးဝ နိမ့်ကျမနေကြောင်းသိသာလှသည်။

"ဖြစ်နိုင်တာ ဒီမိန်းကလေးက သူတို့သုံးဦးထက်တောင် ပိုပြီးအားကောင်းနေဦးမယ်။

ဒါအပြင် သူပြောနေတဲ့ အဖေက ဘယ်သူလဲ? ဘာကြောင့် သူမကို ဓားအင်ပါယာ နဲ့ လက်ထပ်စေချင်တာလဲ? ငါက ဓားအင်ပါယာလား? ဒါမှမဟုတ် ငါမဟုတ်ဘူးလား။

ငါက ဓားအင်ပါယာ မဟုတ်ရင် ကောင်းပါတယ်၊ ဒါပေမယ့် ငါသာဖြစ်နေခဲ့ရင်.... ဟူး! သူမရဲ့ရည်ရွယ်ချက်က ဘာလဲ?"

အချိန်အတော်ကြာသည့်တိုင်အောင် ယန်ယွဲ့က အဖြေကို လုံးဝ မရှာနိုင်ခဲ့ပေ။

ထို့ကြောင့် သူက ခေါင်းကိုအသာယမ်းကာ
ဆက်တွေးမနေတော့ရန်ဆုံးဖြတ်လိုက်၏။

ယန်ယဲ့က သူ နှင့် အတော်ဝေးဝေးထိ ရောက်ရှိသွားသော
ဆံပင်ဖြူမိန်းမပျိုကို စိုက်ကြည့်ရင်း
အသက်ပြင်းပြင်းရှူလိုက်မိသည်။

"ငါသာ တခြားနည်းလမ်းကိုမစဉ်းစားဘဲနဲ့
ဒီအတိုင်းဆက်သွားနေမယ်ဆိုရင် သူမကို ဘယ်လိုမှ
လိုက်မမီနိုင်လောက်ဘူး။"

ဒီအချက်ကို တွေးမိလိုက်တဲ့အခါ ယန်ယဲ့ကတစ်စုံတစ်ခုကို
လေးလေးနက်နက် စဉ်းစားနေလိုက်၏။

ရုတ်တရက် သူ့မျက်လုံးများက ဖျတ်ခနဲ တောက်ပလာသည်။

"အိုက်ယား....။ ငါအတော်လေးကို မေ့တတ်တာပဲ။ ငါ့ရဲ့
ဓားထိန်းချုပ်ခြင်းအနုပညာက ဓားကို ထိန်းချုပ်ပြီး
ပျံသန်းလို့ရတာပဲလေ။"

"မထူးပါဘူးလေ.....၊ တစ်ခါတည်းစမ်းကြည့်လိုက်တာပေါ့။"

တစ်ချိန်တည်းမှာပင်
ယန်ယွဲ့ကိုဓားတစ်လက်ကိုထုတ်ယူလိုက်ပြီးကောင်းကင်ထက်သို့ပစ်လွှတ်လိုက်၏။

ထို့နောက် သူ့ခန္ဓာကိုယ်ကို မြေပြင်မှခုန်တက်လိုက်ကာ ဓားပေါ်သို့နင်းချလိုက်သည်။

သူ့နှလုံးသားထဲမှ စိတ်ဆန္ဒတစ်ခုပျံ့လွင့်လာပြီးနောက်
ဓားကိုထိန်းချုပ်လိုက်ကာရှေ့တည့်တည့်သို့ ပျံသန်းစေလိုက်၏။

ဝှီး......၊ ဘုန်း.....!

ချီး.....၊ သောက်ကျိုးနည်းပြီဟ!

ဓားပျံက ရုတ်တရက် အရှိန်မြင့်တက်လာသောကြောင့်
ယန်ယွဲ့၏ခန္ဓာကိုယ်က အချိန်မီ မတုံ့ပြန်နိုင်ဘဲ
မြေပြင်ပေါ်သို့ပြုတ်ကျလာလေတော့သည်။

အုန်း။

သူ့ခန္ဓာကိုယ်က မြေပြင်ပေါ်သို့ ပြင်းထန်စွာပြုတ်ကျလာပြီးနောက် လူသားပုံစံတွင်းနက်ကြီးတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

.........

အချိန်တော်တော်ကြာပြီးနောက်တွင် ယန်ယွဲ့သည် ဓားပျံပေါ်တွင် တည်ငြိမ်စွာဖြင့်လိုက်ပါလာခဲ့၏။

ဟမ်! ဒါက.....ဒါက.....

ရုတ်တရက် သူက ဓားပျံပေါ်တွင် စီးနင်းနေသည်ကိုသတိပြန်ဝင်သွားကာ ချက်ချင်းထခုန်လုမတတ် ဝမ်းသာသွားသည်။

အစောပိုင်းတွင် ဓားပျံပေါ်မှ ခဏခဏပြုတ်ကျနေသည်မှာ
ဓားပျံကိုစီးနင်းနေကြမဟုတ်သောကြောင့်ပင်ဖြစ်သည်။

ဤသို့ဖြင့် နောက်ထပ် နှစ်နာရီနီးပါးခန့်ထပ်မံကုန်ဆုံးသွား၏။

ယန်ယွဲ့သည် ထပ်ခါထပ်ခါ ပြုတ်ကျနေသော်လည်း၊
ဆံပင်ဖြူမိန်းမပျိုနှင့်ကြားရှိအကွာအဝေးက တဖြည်းဖြည်း
လျော့ကျလာကြောင်းသတိပြုမိခဲ့သည်။

ရုတ်တရက် ဆံပင်ဖြူမိန်းမပျိုကရပ်တန့်သွားပြီး
နောက်ပြန်လှည့်ကာ ဓားပျံပေါ်မှပြုတ်ကျလုနီးပါးဖြစ်နေသော
ယန်ယွဲ့ကို စူးစိုက်ကြည့်လိုက်ပါသည်။

သူမ၏မျက်လုံးထဲတွင် အံ့သြတုန်လှုပ်မှုနှင့် စူးစမ်းလိုစိတ်များ
ထင်ရှားစွာ ထွက်ပေါ်လာပါသည်။

ထိုအချိန်တွင် ယန်ယွဲ့က
သူမနှင့်နီးကပ်လာကြောင်းသတိပြုမိပြီးနောက် စကားစလိုက်သည်။

“နင့်ရဲ့ဓားပျံကို ထိန်းချုပ်တဲ့နည်းလမ်းက အတော်လေး အဆင့်မြင့်နေပုံပဲ။ ဒီနည်းလမ်းက ဖြစ်နိုင်တာ နင့်နှလုံးသားထဲကနေ ထိန်းချုပ်ထားပုံရတယ်။”

ယန်ယွဲ့က အသက်ပြင်းပြင်းရှုရင ခေါင်းညိတ်ပြလိုက်ပါသည်။
"တကယ်ပဲ! မင်းက ခန့်မှန်းနိုင်ပါပေတယ်။"

မိန်းမပျိုက ခေါင်းညိတ်ပြီး ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ကာ "နင့်ရဲ့အင်အားက မဆိုးပါဘူး၊ ဒါပေမယ့် ငါ့နောက်ကို ဆက်မလိုက်သင့်ဘူး။

ငရဲနတ်ဘုရားရဲ့သင်္ချိုင်းဂူက ဒီနေရာနဲ့သိပ်မဝေးတော့လို့ပဲ။ အဲဒီနေရာမှာရှိတဲ့ လေအေးတွေက ဒီထက် ပိုပြီးအားကောင်းတယ်။ နင့်ရဲ့စိတ်ဝိညာဉ်က  ငရဲနတ်ဘုရားသင်္ချိုင်းထဲမှာရှိတဲ့ လေအေးတွေကို ခုခံနိုင်မှာမဟုတ်ဘူး။ ဒါ့အပြင်၊ အခုလောက်ဆို ငရဲနတ်ဘုရားသင်္ချိုင်းထဲမှာ သူတို့တွေရောက်နေလောက်ပြီ။ နင့်ရဲ့ လက်ရှိခွန်အားနဲ့ဆိုရင်ဘာမှတောင်လုပ်ချိန်မရဘဲ အသတ်ခံရလိမ့်မယ်။”

"မင်းက သူတို့ကို မကြောက်ဘူးလား?" ယန်ယွဲ့က မိန်းမပျိုကို ငေးကြည့်နေရင်း မေးလိုက်၏။

မိန်းမပျိုက ခေါင်းခါပြီး ပြန်ဖြေသည်။ “ကြောက်ရမှာလား? သူတို့က ငါ့ကို အနိုင်မယူနိုင်ဘူးလေ!”

ယန်ယွဲ့သည် စကားမပြောနိုင်လောက်အောင် စွံ့အသွား၏။

ဆံပင်ဖြူမိန်းမပျိုက ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ရင်း ထွက်သွားရန်ပြင်လိုက်ပြီးမှရုတ်တရက် လှည့်ကြည့်လာခဲ့သည်။

ထိုအချိန်တွင် ယန်ယွဲ့က ကမန်းကတန်းပြောလိုက်သည်။ " ငါတို့ အတူတူ ခရီးဆက်လို့ရမလား ။ မင်းသိတဲ့အတိုင်း ငါ ဒီကိုရောက်တာ အခုမှ ပထမဆုံးအကြိမ်ဖြစ်နေတယ်၊ ဒီတော့ ကြံ့ညလိုသွားလာနေရင် အရမ်းအန္တရာယ်များမှာလေ။"

"နင်က နည်းနည်းလေး အားနည်းနေတယ်!"

ဆံပင်ဖြူမိန်းမပျိုက ပွင့်ပွင့်လင်းလင်းပြောလိုက်ပါသည်။

“အဲဒီ့နယ်မြေကလူတွေနဲ့တွေ့ရင် ငါတောင် နင့်ကို ကယ်နိုင်မှာမဟုတ်ဘူး။ ဒီတော့ ရှေးဟောင်းဒိုမိန်းမြို့ကို ပြန်သွားပါ။ မဟုတ်ရင် တခြားလူသားကျွမ်းကျင်သူတွေနဲ့အဖွဲ့ဖွဲ့ဖို့ လိုက်ရှာကြည့်လိုက်!”

ယန်ယဲ့၏ မျက်နှာက ချက်ချင်း ရှုံ့မဲ့သွားတော့သည်။

" ငါအားနည်းနေတာလား? ကောင်းပြီ၊ ငါယန်ယဲ့က လူတော်တော်များများရဲ့အမြင်မှာ အားနည်းနေတယ်။ ဒါပေမယ့် ငါယန်ယဲ့က လူငယ်မျိုးဆက်တွေထဲမှာတော့ အရမ်းကြီး ပျော့ညံ့သူမဟုတ်ပါဘူး။"

ယန်ယဲ့က မိန်းမပျိုကိုမော့ကြည့်ကာ တစ်ခုခုပြောရန်ပြင်လိုက်၏။ ရုတ်တရက် မိန်မပျိုက မျက်မှောင်ကြုတ်ပြီး သူမ၏လက်ထဲကနေ အေးစက်စက်အလင်းရောင်တစ်ချက်တောက်ပသွားလေသည်။

ကလန်!

အနည်းငယ်ကြွယ်လောင်သော ကွဲအက်သံတစ်ခုက
ပတ်ဝန်းကျင်တွင် ပဲ့တင်ထပ်သွား၏။

အမွှေးအမျှင်ကဲ့သို့ ပါးလွှာနေသော
ရွှေရောင်အပ်ပါးလေးသုံးချောင်းက
ယန်ယဲ့၏ရှေ့သို့ပြုတ်ကျလာခဲ့သည်။

သူ့ရှေ့သို့ပြုတ်ကျလာသော ရွှေအပ်များကို
စိုက်ကြည့်ရင်း ယန်ယဲ့၏မျက်နှာက သိသိသာသာပျက်ယွင်းသွားပြီး၊
ဘေးနားမှ ရုတ်ချည်း ထွက်ပေါ်လာသော
မိန်းမလှတစ်ဦးကိုမြင်တွေ့လိုက်ရသည်။

" ရှောင်ယု့ရှီ! မင်းက ငါ့အကြံအစည်တွေကို ဖျက်ပစ်လိုက်ပြန်ပြီ!"
အမည်မသိမိန်းမပျို၏
ဘေးတွင်လူငယ်တစ်ဦးထွက်ပေါ်လာပြီးနောက်
ဆံပင်ဖြူမိန်းမပျိုကိုစူးစိုက်ကြည့်ကာ အေးစက်စက်လေသံဖြင့်
ပြောလိုက်သည်။

ဆံပင်ဖြူမိန်းမပျိုက အထင်အမြင်သေးစွာနှာခေါင်းရှုံ့လိုက်သည်။
“မိုကွမ်း! ငါတို့အားလုံးက လူသားတွေပဲ။ ဒီလိုလုပ်ဖို့ လိုလို့လား?”

"ကိုယ့်အသက်ကိုပဲ ဂရုစိုက်ပါ!" မိုကွမ်း၏ ဘေးနားရှိ မိန်းမလှက ရုတ်တရက် စူးရှသော အသံဖြင့် ပြောလိုက်၏။ " ရှောင်ယူရှီ! နင့်ရဲ့ရှောင်ကလန် နဲ့ မိုကလန်တို့က တစ်ယောက်နဲ့တစ်ယောက် လုပ်ငန်းတွေကိုအနှောင့်အယှက်မဖြစ်အောင် အမြဲတမ်း ရှောင်ခဲ့တယ်။ ဒါပေမယ့် ရှေးဟောင်းစစ်မြေပြင်ကို ရောက်တာနဲ့နင် ငါတို့ကို အကြိမ်ကြိမ် တားဆီးခဲ့တယ်။ ဒီအဓိပ္ပာယ်က ဘာလဲ?”

ဆံပင်ဖြူမိန်းမပျိုက သူမရှေ့ရှိလူငယ်နှင့်မိန်းမပျိုကို တစ်ချက်ကြည့်လိုက်ကာ လေးလေးနက်နက်စဉ်းစားနေပုံရသည်။
“နင်တို့နှစ်ယောက်က ငါ့ကိုသတ်ချင်ရင် ဘာလို့ဒီလိုအဓိပ္ပါယ်မဲ့တဲ့အကြောင်းပြချက်တွေရှာနေတာလဲ? ကောင်းပြီ၊ နင်တို့က ဒီမှာ အကူအညီတချို့

စုဆောင်းထားပြီးပြီဖြစ်မယ်။ အခုသူတို့ကို
ဘာလို့ထွက်မလာခိုင်းသေးတာလဲ?”

"ဟားဟား!!" ဒီအချိန်မှာပဲ လက်ထဲတွင်
ဓားရှည်တစ်ချောင်းကိုင်ထားသော လူငယ်တစ်ယောက်က
ကျယ်လောင်စွာရယ်မောသံနှင့်အတူ ရုတ်တရက်
ထွက်ပေါ်လာသည်။ လူငယ်က ရှောင်ယူ့ရှီကို
အထက်အောက်စစ်ဆေးကြည့်လိုက်ရင်း “ဟူး....
၊ ရှောင်ကလန်ရဲ့လူတစ်ယောက်က မျှော်လင့်ထားသလိုပါပဲ။ မင်း
ငါတို့ကို သတိထားမိတာ တော်တော်ကြာပြီထင်တယ်။
ဆန်းကြယ်တဲ့ ဒူ! မရဏာသွေးသခင်! မင်းတို့တွေ ဆက်ပြီး
ဖုံးကွယ်စရာ မလိုတော့ဘူး!”

သူပြောပြီးသည်နှင့် အစိမ်းရောင်ဝတ်လူငယ်တစ်ဦး နှင့်
အနက်ရောင်ဝတ်လူငယ်တစ်ဦးက
ဆံပင်ဖြူမိန်းမပျို၏နောက်ကျောဖက်တွင်ပေါ်လာသည်။

အစိမ်းရောင်ဝတ်လူငယ်၏ မျက်လုံးထဲမှ တဏှာရာဂအရိပ်အယောင်များတောက်ပလာပြီး "ဟီး, ဟီး. မင်းက တကယ့်ကို နတ်သမီးတစ်ပါးလိုပဲ။ မိုကလန်ရဲ့ လူနှစ်ယောက်! ငါတို့တွေ သဘောတူပြီးပြီနော်။သူမရဲ့အလောင်းက ငါ ပိုင်တယ်။ ဟားဟား!!"

"လျှပ်စီးဓား ပိုင်ဖန်း၊ ဆန်းကြွယ်တဲ့ ဒူ! မရဏသွေးသခင်..." ရှောင်ယူ့ရှီက ရုတ်တရက်ထွက်ပေါ်လာသောလူသုံးဦးကို ကြည့်လိုက်ပြီး "နင်တို့ သုံးယောက်ပါ ပူးပေါင်းထားလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဘူး။"

ဤလူငယ်သုံးဦး၏ ဂုဏ်သတင်းသည် ဗဟိုနယ်မြေ၏ ပါရမီရှင်သုံးဦးနှင့် တန်းတူဖြစ်သည်ဟု ဆိုနိုင်သော်လည်း၊ သူတို့ကနာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည်။

ရှောင်ယူ့ရှီ၏ အမူအရာက ပြိုင်ဖက်များကိုမြင်တွေ့ပြီးနောက် အလွန် လေးနက်သွားပါသည်။

တစ်ဖက်တွင်မူ ယန်ယဲ့သည် ထိုလူများအားလုံးကို သိမနေသောကြောင့် အလွန်ငြိမ်သက်နေ၏။

မည်သို့ပင်ဆိုစေ
သူ့ကိုတိုက်ခိုက်လာလျှင်ပင်ကြောက်လန့်နေမည်မဟုတ်ပေ။

"ငါ တကယ်ကို သိချင်မိတယ်။ နင်တို့သုံးယောက်ကို ခေါ် နိုင်ဖို့အတွက် သူတို့ဘယ်လောက်ပေးဆပ်ခဲ့တာလဲ!" ရှောင်ယုရှီက မေးသလိုလိုနှင့် ရေရွတ်လိုက်ပါသည်။

"ဟဟ! ဒါက သဘာဝအတိုင်း ငါတို့လိုချင်တဲ့ အရာပဲလေ!" ပိုင်ဖန်းက အေးစက်စွာ ရယ်မောလိုက်၏။ "နတ်သမီးရှောင်! လူတိုင်းက မင်းကို ဆန်းကြယ်တိုက်ကြီးရဲ့အနာဂတ် ဆေဘာသူတော်စင်လို့ ပြောနေကြတယ်။ အမှန်တိုင်းပြောရရင် ငါ ဒါကို ဘယ်လိုမှလက်မခံနိုင်ဘူး။

ဒါကြောင့် ငါ မင်းကို အချိန်အတော်ကြာတည်းက တိုက်ခိုက်ချင်နေတာ။ ဘယ်သူကအနာဂတ်မျိုးဆက်ရဲ့

ဆေဘာသူတော်စင်ဖြစ်နိုင်မလဲဆိုတာ အတိအကျကြည့်ချင်မိတယ်။ အခုနောက်ဆုံးတော့ ငါအခွင့်အရေးရပြီလေ!"

"ပိုင်ဖန်း! သူနဲ့ပြိုင်ဖို့ မင်းကို ငှားထားတာမဟုတ်ဘူးနော်။" ထိုအချိန်တွင် မိုကွမ်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။ “မင်းက ကိုယ့်ကိုယ်ကို အတော်လေးဂုဏ်ယူနေတယ်ဆိုတာ ငါသိတယ်။ မင်းရဲ့ဓားပညာက ဘယ်သူ့ထက်မှ နိမ့်ကျမနေဘူးလို့ ငါ ပြောနိုင်တယ်။ ဒါပေမယ့် မင်းကိုပြောချင်တာတစ်ခုက သူမရဲ့ ဆေဘာစိတ်ဆန္ဒက လွန်ခဲ့တဲ့ တစ်နှစ်တည်းက အဆင့် ၆ အထွတ်အထိပ်ကို ရောက်နေပြီ ။ မဟုတ်ရင် မင်းတို့သုံးယောက်ကို ငှားဖို့ ဒီလောက်ကြီးမားတဲ့တန်ကြေးပေးချေစရာတောင်မလိုဘူး။"

မိုကွမ်၏ စကားကို ကြားလိုက်တဲ့အခါ ပတ်ဝန်းကျင်ရှိ လူတိုင်း၏ အမူအရာကပြောင်းလဲသွားပါသည်။

ယန်ယွဲ့သည်ပင် အလွန်ထိတ်လန့်တုန်လှုပ်သွား၏။

"ဒီ ထုံထိုင်းပုံရတဲ့မိန်းမပျိုက တကယ်ကိုကြောက်စရာကောင်းတာပဲ။ လွန်ခဲ့တဲ့တစ်နှစ်တည်းက အဆင့် ၆ အထွတ်အထိပ် ဆေဘာစိတ်ဆန္ဒကို ရောက်နေတာလား?"

ဒီအချက်ကို တွေးကြည့်လိုက်တော့ ယန်ယွဲ့က အနည်းငယ်ရှက်ရွံ့သွားသလို ခံစားလိုက်ရသည်။

"ဟူး.....၊ အစောပိုင်းတုန်းက ငါ့ကိုအားနည်းနေတယ်လို့ပြောခဲ့တာ အံ့သြစရာမရှိပါဘူး။ဒီလိုဆိုတော့ သူမက ငါ့ကိုနှိမ့်ချလို့ရတာပဲ။"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၂၁ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၂၁)] ရှောင်ကလန်၊ ရှောင်ယုရှီ

မိုကွမ်း၏သတိပေးစကားသံက ပိုင်ဖန်း၏
ဝင့်ကြွားနေသောအမူအရာကိုဆိုးရှားသွားစေခဲ့သည်။
နှစ်ပေါင်းများစွာကြာသည့်တိုင်အောင်သူ၏ ဆေးဘာစိတ်ဆန္ဒက
အဆင့် ၅ အထွတ်အထိပ်သာရှိနေသေးသည်။
အခြားတစ်ဖက်တွင်မူ သူ၏ပြိုင်ဖက်က အဆင့် ၆
အထွတ်အထိပ်ကိုပင်ရောက်ရှိနေပြီဖြစ်သည်။
"လွန်ခဲ့တဲ့တစ်နှစ်တည်းက အဆင့် ၆ အထွတ်အထိပ်
ဆေးဘာစိတ်ဆန္ဒလား?

"ဟူး.....၊ အနာဂတ် ဆေးဘာသူတော်စင်က
မျှော်လင့်ထားတဲ့အတိုင်းပါလား!"မရဏသွေးသခင်က ရုတ်တရက်
အသံတိုးတိုးဖြင့် ပြောလိုက်သည်။ “အစကတော့ မင်းနဲ့ရန်သူဖြစ်ဖို့
ငါမရည်ရွယ်ခဲ့ဘူး။ ကံမကောင်းစွာပဲ၊ သူတို့ပေးခဲ့တဲ့ တန်ကြေးကို ငါ
ငြင်းပယ်လို့မရခဲ့ဘူး။ ဒီလိုဆိုမှတော့ မင်းသေသင့်တယ်!"

စကားဆုံးသည်နှင့် မရဏသေွးသခင်က
ရုတ်ချည်းပင်ပျောက်ကွယ်သွား၏။
တစ်ချိန်တည်းမှာပင် ရှောင်ယုရှီ၏ရှေ့၌ ပြန်ပေါ်လာခဲ့သည်။
သို့သော် ဒီအခိုက်အတန့်တွင် အေးစက်သော အလင်းရောင်တစ်ခု
ဖျတ်ခနဲတောက်ပသွားသည်ကိုမြင်လိုက်ရ၏။

ဝှစ်!

မရဏသွေးသခင်၏ပုံရိပ်က
စောပိုင်းတွင်ရပ်နေသောနေရာကိုပြန်ရောက်သွားကာသူ့လည်ပင်းတွ
င် သွေးစီးကြောင်းတစ်ခုပေါ်လာခဲ့သည်။
ထိုမြင်ကွင်းကို သတိပြုမိသောအခါ ပတ်ဝန်းကျင်ရှိလူတိုင်း၏
အမူအရာများက ထပ်မံ၍ ပြောင်းလဲသွားပြန်သည်။အထူးသဖြင့်
ပိုင်ဖန်း၏ မျက်နှာက သိသိသာသာကို ပျက်ယွင်းနေပေသည်။
ရှောင်ယုရှီ၏
ဆေဘာအမြန်နှုန်းကသူ့ထက်ပင်ပို၍မြန်ဆန်နေသည်မဟုတ်ပါလား။

ရှောင်ယုရှီက မိုကလန်၏မောင်နှမနှစ်ဦးကို

စိုက်ကြည့်ပြီးနောက် တစ်ဖန် ယန်ယဲ့ကို လက်ညှိုးထိုးပြလိုက်သည်။ "ဒီရန်ငြိုးက ငါတို့ ကလန်တွေကြားက ကိစ္စဆိုတော့၊ သူ့ကို လွှတ်ပေလို့ရမလား?""

“မရဘူး!” ပိုင်ဖန်းက အေးစက်စက်ပြောလိုက်သည်။ သူ့မျက်နှာက မှုန်ကုပ်ကုပ်အမူအရာဖြင့် “လူတိုင်း၊ ငါတို့ငါးယောက်က မိန်းကလေးတစ်ယောက်ကို ပူးပေါင်းတိုက်ခိုက်တယ်လို့ သတင်းပြန့်သွားရင် ဒီတိုက်ကြီးမှာ ငါတို့ ဘယ်လိုဆက်နေမလဲ။ ဒါဆို ဒီလူက သေရမှာပေါ့! ဟုတ်တယ်မလား?”

"တကယ်ပါပဲ!" ဆန်းကြယ်သော ဒူက သဘောတူဟန်ဖြင့် ခေါင်းညိတ်သည်။

“ငါတို့က ဒီလူကို လွှတ်ပေးလို့မရဘူး။ မဟုတ်လို့ မိုကလန်က ရှာတွေ့ခဲ့မယ်ဆိုရင် ငါတို့ရဲ့လက်ကျန်တဲ့ဘဝတစ်လျှောက်လုံး အဆုံးမဲ့ အမဲလိုက်ခံရလိမ့်မယ်!”

မရဏသေွးသခင်က ဘာမှပြန်မပြောဘဲ ယန်ယွဲ့ကိုသာ စိုက်ကြည့်နေသည်။

ရှောင်ယုရှီက မျက်မှောင်ကြုတ်ကာ ယန်ယွဲ့ကို စိုက်ကြည့်လိုက်ပါသည်။ “နင့်ကို ဒီအထဲဆွဲခေါ် မိတဲ့အတွက် ငါ တောင်းပန်ပါတယ်။ အခွင့်အရေးရရင် ထွက်ပြေးလိုက်။ နင်ပိုင်ဆိုင်ထားတဲ့ အဆင့်မြင့် ဓားထိန်းချုပ်နည်းစနစ်နဲ့ဆို သေချာပေါက် ထွက်ပြေးဖို့ အခွင့်အရေးကောင်းရှိနိုင်တယ်!”

ယန်ယွဲ့က အံ့အားသင့်သောအမူအရာဖြင့် မေးလိုက်သည်။ "မင်းက သူတို့ငါးယောက်လုံးကို တစ်ပြိုင်နက်တည်း တိုက်ခိုက်ဖို့ ရည်ရွယ်ထားတာလား?"

သူ၏အမြင်အရ ထိုလူအားလုံးက သိုင်းဘုရင်အထွတ်အထိပ်အဆင့်ကျွမ်းကျင်သူများဖြစ်ကြသည်။

ထို့ပြင် လူငယ်မျိုးဆက်များသာဖြစ်နေသောကြောင့် အဆင့်ကျော်တိုက်ခိုက်နိုင်သည်မှာမလွဲပေ။

"ဒီလို အဆင့်တူကျွမ်းကျင်သူ ၅ ဦးကို သူမက တစ်ယောက်တည်းနဲ့ တိုက်ခိုက်ချင်တာလား? အဆင့် ၆ ဆေးဘာစိတ်ဆန္ဒကိုနားလည်ထားရင်တောင် ဒီလောက်မိုက်မဲနေလို့ဖြစ်မှာလား?"

"ဓားပညာရှင်တွေ နဲ့ ဆေးဘာပညာရှင်တွေက တိုက်ပွဲကို ဘယ်လိုနည်းနဲ့ ရှုံးနိမ့်နိုင်မှာလဲ?"

ရှောင်ယူ့ရှီက မျက်ခုံးပင့်တင်ကာ ပြောလိုက်သည်။

ယန်ယွဲ့က သူမကို လေးစားမှုအပြည့်နှင့် ပြန်ပြောလိုက်၏။

"မင်းရဲ့လုပ်ရပ်တွေကို ငါသဘောမတူပေမယ့် ဒါတွေအားလုံးက အတော်ကို လေးစားစရာကောင်းတယ်ဆိုတာတော့ ဝန်ခံပါတယ်။"

ထို့နောက် ယန်ယွဲ့က မိုက္ကဝမ်ကို စိုက်ကြည့်ကာ “အခုနတုန်းက ရွှေအပ်သုံးချောင်းနဲ့တိုက်ခိုက်ခဲ့တာ မင်း မဟုတ်လား?"

"ဒီလိုဆိုတော့ကော ဘာဖြစ်လဲ?" မိုကွမ်က အေးစက်ခက်ထန်သော အသံဖြင့် ပြောလိုက်သည်။ "ဟေး! ဘာလဲ.....မင်းငါ့ကိုသတ်ချင်နေလို့လား?"

"တကယ်ပါပဲ!" ယန်ယဲ့က ခေါင်းညိတ်ပြပြီး "သိုင်းဘုရင်အဆင့် ၅ ခွန်အားနဲ့ မင်းကို တစ်ယောက်ချင်း တိုက်ခိုက်ဖို့ စိန်ခေါ်တယ်။ မင်းလက်ခံရဲလား?"

ယန်ယဲ့၏ စိန်ခေါ်လိုက်သောစကားကြောင့် လူတိုင်း အံ့သြသွားကြသည်။

မိုကွမ်သည်ပင် ထိတ်လန့်တုန်လှုပ်သွားရာမှ သတိပြန်ဝင်လာပြီး ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

သူက အချိန်တော်တော်ကြာအထိ ရယ်မောပြီးမှ... “မင်းက တကယ်ပဲ ငါနဲ့ ပြိုင်ချင်နေတာလား? သိုင်းဘုရင်အဆင့် ၅ အမှိုက်တစ်စက ငါ့ကို တစ်ဦးချင်း တိုက်ခိုက်ချင်နေတာလား? ဟေး!

မင်းကိုယ်မင်း ငါနဲ့ယှဉ်ပြိုင်ရအောင် ထိုက်တန်တယ်
များထင်နေသလား?"

"မင်းမှာ သတ္တိရှိလား? မပြိုင်ရဲဘူးလားပဲပြောလိုက်!" ယန်ယွဲ့က
ဘာခံစားချက်မှ မရှိသောလေသံဖြင့် ပြောလိုက်သည်။

မိုကွမ်၏ မျက်လုံးထဲတွင်
ပြင်းထန်သောသတ်ဖြတ်ခြင်းအငွေ့အသက်များထွက်ပေါ်လာခဲ့သည်
။

သူက လှုပ်ရှားရန် ပြင်လိုက်စဉ်မှာပဲ ဘေးနားရှိ မိန်းမပျိုက
ရုတ်တရက် ရှေ့ကို လှမ်းတက်လာသည်၊ "အစ်ကိုကြီး၊ နင်က
သိုင်းဘုရင်မဆင့် ၅ ကျွမ်းကျင်သူ တစ်ယောက်ကို
ကိုယ်တိုင်တိုက်ခိုက်စရာ မလိုဘူး!"

မိန်းမပျိုက စကားပြောနေရင်းဖြင့် ယန်ယွဲ့၏ရှေ့သို့
ချက်ချင်းရောက်ရှိလာပြီး တိုက်ခိုက်လိုက်ပါတော့သည်။

သို့သော် သူမက ရုတ်တရက် တိုက်ခိုက်နေရာကနေရပ်တန့်လိုက်ပြီး၊ ထူးဆန်းသောပုံစံဖြင့် ကခုန်လိုက်သည်။

သူမ၏အကသည် အလွန်လှပနေပြီး ကခုန်နေချိန်မှာ သူမ၏ခန္ဓာကိုယ်အချိုးအစားကိုတမင်လှစ်ဟပြနေပါသည်။

ထိုမြင်ကွင်းကြောင့် ပတ်ဝန်းကျင်ရှိ လူတိုင်း၏ အမူအရာက သိသိသာပြောင်းသွားကာ ခန္ဓာကိုယ်တစ်ခုလုံးမှသွေးများပွက်ပွက်ဆူလာသလို ခံစားလိုက်ရသည်။

မှန်ပါသည်။ အနှိမ်မိန်းမပျို၏ အကသည် သာမန် ရိုးရှင်းသော အကတစ်ခု မဟုတ်ပေ။

မိန်းမပျို၏ ကပြနေသောအသွင်ပြင်ကိုကြည့်ကာ ယန်ယဲ့၏ မျက်လုံးများက ပြောင်းလဲသွားပါသည်။

"သူ့အမြင်အာရုံထဲတွင် အဝတ်စားလစ် အကမယ်များဖြင့်ပြည့်နေသော ဧမ်ခံခန်းမကြီးတစ်ခု ပေါ်လာခဲ့၏။ ထိုခန်းမကြီးထဲတွင်

များပြားသောလူအုပ်ကြီးလည်းရှိနေကာ
အရက်သောက်လိုက်၊ စကားများဆူညံစွာပြောဆိုနေလိုက် နှင့်
ချွေးတရွှဲရွှဲကပြနေသောအကမယ်များကို
ပျော်ရွှင်စွာကြည့်နေကြသည်။"

ကောင်းကင်ဘုံနတ်ဆိုးအက။

ဤအကကိုမြင်သောအခါတွင် ပတ်ဝန်းကျင်ရှိလူတိုင်း၏
အမူအရာမှာ ချက်ချင်း လေးနက်သွားပါတော့သည်။

ဤအကသည် အတိတ်တစ်ချိန်က
ကေရာဇ်အဆင့်စွမ်းအားရှင်တစ်ဦးကို ပုံရိပ်ယောင်ထဲသို့
ကျရောက်စေခဲ့သည်။

ကေရာဇ်အဆင့်စွမ်းအားရှင်။ ကေရာဇ်အဆင့်သို့
တက်လှမ်းနိုင်ခဲ့သော ပညာရှင်များက ပျော့ညံ့သော စိတ်ဆန္ဒနှင့်
စိတ်အာရုံအသိကို မည်သို့ပိုင်ဆိုင်နိုင်မည်နည်း။

သို့သော်၊ ထိုကဲ့သို့ အထွတ်အထိပ်ပညာရှင်တစ်ဦးက ကောင်းကင်ဘုံနတ်ဆိုးအကအောက်တွင် အသိစိတ်အာရုံကိုဆုံးရှုံးသွားခဲ့ရသည်။

ရှောင်ယုရှီပင် မိန်းမပျိုကပြနေသော အက၏ မူလဇစ်မြစ်ကို အသိအမှတ်ပြုလိုက်သည်။ တစ်ချိန်တည်းတွင် ယန်ယွဲ့၏ မျက်လုံးများက သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့လာကြောင်း သတိပြုမိသောအခါ ချက်ချင်း မျက်မှောင်ကြုတ်သွားခဲ့သည်။

ရွှစ်!

သူမက ယန်ယွဲ့ကို ကူညီရန်ပြင်လိုက်စဉ်မှာပဲ ရုတ်တရက် အလင်းတန်းတစ်ခု လင်းလက်လာပြီး အနှီမိန်းမပျို၏ ခေါင်းက လေထုထဲတွင် ပျံတက်သွားသည်ကို မြင်တွေ့လိုက်ရသည်။

ထိုမြင်ကွင်းကြောင့် လူတိုင်း ခဏတာ အံ့သြတုန်လှုပ်သွားကြ၏။

ယန်ယဲ့သည် မျက်လုံးများပြူးကျယ်နေသောမိန်းမပျို၏ ခေါင်းပြတ်ကို စိုက်ကြည့်ရင်း အသာ ခေါင်းယမ်းလိုက်ပါသည်။

ထိုမိန်းမပျိုသည် သူ့အတွက် ဘယ်အရာက ကောင်းသည်ကို နားမလည်သောကြောင့်ပင်။

သူမက ဓားပညာရှင်တစ်ဦး၏ရှေ့တွင် ပုံရိပ်ယောင်နည်းစနစ်ကို အသုံးပြုခဲ့သည်မဟုတ်ပါလား။

အဆင့် ၆ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ နှင့် ဉာဏ်အလင်းရဓားနှလုံးသားကိုပိုင်ဆိုင်ထားသော ယန်ယဲ့အတွက် သူမ၏ လှည့်ဖြားမှုကအကျိုးသက်ရောက်မှုမရှိပေ။

ထိုအချိန်တွင် ရှောင်ယူ့ရှီက စကားမပြောဘဲ၊ယန်ယဲ့ကိုသာ စူးစူးရဲရဲ စိုက်ကြည့်ကာ တိတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့သည် လက်ထဲက ဓားကို ဝှေ့ယမ်းလိုက်ပြီး မိုကွမ်ကို စိုက်ကြည့်ရင်း "အရင်က ငါ့ရဲ့ကမ်းလှမ်းချက်က ရှိနေတုန်းပဲ။

ဒီလိုဆိုတော့ ငါတို့က တစ်ယောက်နဲ့ တစ်ယောက်
တိုက်ခိုက်ကြမလား? ဘယ်လိုထင်လဲ?”

"မိုယု!" မိုကွမ်က သားရဲတစ်ကောင်လို ရုတ်တရက် ဒေါသတကြီး
အော်ဟစ်လိုက်သည်။ "မင်း....မင်း ငါ့ညီမလေးကို
သတ်ပစ်လိုက်တယ်။ အား! မင်းရဲ့မိသားစုတစ်ခုလုံးကို
ငါသတ်မယ်!" စကားဆုံးသည်နှင့် မိုကွမ်၏ ပုံရိပ်က ယန်ယဲ့ဆီသို့
တရကြမ်းခုန်ဝင်လာခဲ့ပါသည်။

ယန်ယဲ့၏အကြည့်များက ရေခဲကမ္ဘာတစ်ခုကဲ့သို့ ချက်ချင်း
အေးစက်သွားသည် ။

သူ့ဘဝတွင် အမုန်းဆုံးအရာမှာ အခြားသူများက သူ၏မိသားစုကို
ခြိမ်းခြောက်လာခြင်းပင်။"ဒီမိုကွမ်! ဒီလိုဆိုမှတော့ မင်း ဒီနေ့
သေရမယ်။"

ယန်ယဲ့က တုံ့ဆိုင်းမနေဘဲ၊ သူ့လက်ထဲက ဓားကို ဆွဲထုတ်ကာ
လျှပ်တစ်ပြက် ခုတ်ပိုင်းချလိုက်သည်။

ရှိ။

ရွှေရောင်ဓားချိုကြိုးတစ်ချောင်းက လေထုထဲတွင်
ပေါက်ကွဲထွက်လာပြီး လျှပ်စီးလက်သလို အမြန်နှုန်းဖြင့် မိုကွမ်၏
ရင်ဘတ်သို့
တိုးဝင်သွားတော့သည်။

အဆင့် ၅ ဓားစိတ်ဆန္ဒ။

ပိုင်ဖန်း၏ အမူအရာက နောက်တစ်ကြိမ် ပြင်းထန်စွာ
ပြောင်းလဲသွားလေသည်။
"သိုင်းဘုရင်အဆင့် ၅ ကျွမ်းကျင်သူတစ်ဦးက အဆင့် ၅
ဓားစိတ်ဆန္ဒကို နားလည်ထားတာလား? ချီး......၊ ဒါက
ငါဘယ်လိုမှကိုမျှော်လင့်မထားတဲ့အရာတွေဘဲ!"

တစ်ဖက်တွင် ရှောင်ယုရှီ၏ မျက်လုံးများကရုတ်တရက်
မှေးမှိန်သွားသည်။ လူတိုင်းက သူမ
တွေးတောနေသည့်အရာများကိုမသိနိုင်ပေ။

ဤတိုက်ခိုက်မှုကို မြင်သောအခါ ယန်ယဲ့၏ ရှေ့သို့ တဟုန်ထိုး ခုန်ဝင်လာသော မိုကွမ်သည်ပင် အလွန် အံ့သြတုန်လှုပ်သွားသည်။

တစ်ချိန်တည်းမှာပဲ သူ၏အရှိန်ကို သပ်လိုက်ကာ လက်တစ်ဖက်ကိုဆန့်ထုတ်ပြီး ရွှေရောင်ဓားချိကြိုးကို ဖြတ်ရိုက်ချလိုက်သည်။

ဘန်း!

ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာ၏။

ထို့နောက် ပိုင်ဖန်း၊ မရဏသွေးသခင် နှင့် ဆန်းကြယ်သော ဒူ တို့၏ အမူအရာများကချက်ချင်း ပြောင်းလဲသွားကြသည်။

သူတို့အားလုံးက မိုကွမ်၏ ဘယ်ဖက်ရင်အုံတွင် ဓားဒဏ်ရာပေါက်တစ်ခု ပေါ်လာသည်ကိုသတိထားမိလိုက်သောကြောင့်ပါ။

"မင်း.....မင်းက အတိအကျ ဘယ်သူလဲ?" မိုက္ကမ်သည် အသံတိုးတိုးဖြင့် ပြောလိုက်ရင်းယန်ယဲ့ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်။

"မင်းကိုယ်တိုင်မှန်းဆကြည့်လိုက်!" ယန်ယဲ့က ပေါ့ပေါ့ပါးပါး ရယ်မောရင်း ပြောလိုက်သည်။

ယင်းကြောင့် မိုက္ကမ်၏အမူအရာသည် သိသိသာပျက်ယွင်းသွားကာ သူ့ကိုယ်သူမထိန်းနိုင်ဘဲ ယန်ယဲ့ကို တရကြမ်းပြေးဝင်တိုက်ခိုက်ချင်စိတ်ပင် ပေါ်လာ၏။

“ကောလဟာလတွေအရ၊ အကြိုဓားအင်ပါယာက တောင်ပိုင်းနယ်မြေမှာ ထွက်ပေါ်လာခဲ့တယ်။ သူက အဆင့် ၅ ဓားစိတ်ဆန္ဒ နဲ့ အသက် ၂၀ မတိုင်ခင်မှာပဲ ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားပြီ။ " ထိုအချိန်တွင် မရဏသွေးသခင်က ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားပုံဖြင့် "ဒီတော့

မင်းက အဲဒီ ဓားအင်ပါယာလို့ ငါထင်တယ်။ဘာလို့လဲဆိုတော့ မိုယုက ညဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားတဲ့ မင်းရှေ့မှာ ကောင်းကင်ဘုံနတ်ဆိုးအကလို လှည့်စားခြင်းနည်းစနစ်ကိုတောင် အသုံးပြုခဲ့သေးတယ်။ ဟားဟား! သူမက သေသွားတာတောင် ကိုယ့်ကိုယ်ကို ဘာဖြစ်မှန်းသိလိုက်မယ်မထင်ဘူး!"

"မင်းက အဲ့ဒီ ယန်ယွဲ့လား?" မိုကွမ်က အံ့အားသင့်သော လေသံဖြင့် ပြောလိုက်သည်။

ယန်ယွဲ့က သူ့ရှေ့မှ လူအားလုံးကို တစ်ချက်ကြည့်လိုက်ပြီးနောက် "တကယ်တော့ ငါယန်ယွဲ့က ပြဿနာတွေကို တကယ်ပဲမကြိုက်ဘူး၊ တခြားသူတွေရဲ့ရန်ငြိုးကို ငါဝင်မစွက်ဖက်ချင်ဘူး။

ဒါပေမယ်လို့ အခုတော့ ဘယ်လိုမှရှောင်မရတော့ဘူးလေ။ ဒီလူ မိုကွမ်က စကားတစ်ခွန်းမှ မပြောဘဲ ငါ့ကို အသေသတ်ချင်နေသလိုပဲကျန်တဲ့လူတွေအားလုံးက နှုတ်ဆိတ်နေကြတယ်။ဒါပေမယ့် ကျန်တဲ့လူတွေကလည်းငါ့ကိုသတ်ပစ်ချင်နေကြမှာပဲလေ။

ဒီလိုမျိုးဆိုမှတော့ မင်းတို့အားလုံးကိုသတ်ပစ်ဖို့ကလွဲလို့ ငါ့မှာ ရွေးချယ်စရာမရှိတော့ဘူး!"

"ဘယ်လောက်တောင် မာနကြီးလိုက်သလဲ!"

ပိုင်ဖန်းက အေးစက်စွာပြောလိုက်သည် "ယန်ယွဲ့! မင်းကိုယ်မင်း ဘယ်သူထင်လို့လဲ။ မင်းက နိမ့်ကျတဲ့အမှိုက်နယ်မြေက ဓားပညာရှင်တစ်ယောက်သာသာပဲ။

မင်းက တကယ်ပဲ မရှုံးနိမ့်နိုင်ဘူးလို့ ထင်နေတာလား။ မင်းရဲ့ခွန်အားက အဆင့်ကျော်တိုက်ခိုက်နိုင်သလို ငါတို့အားလုံးလည်းအတူတူပဲဆိုတာသိထားသင့်တယ်။ ဒါကိုတောင် မင်းက အဆင့်ကျော်ပြီး ငါတို့အားကိုသတ်ပစ်ဖို့ရည်ရွယ်နေတာလား။ မင်းကတကယ်အိပ်မက်မက်နေတာပဲ!"

ဆန်းကြွယ်သော ဒူက ရယ်မောလိုက်၏။ "ဟီးဟီး! ဘယ်လောက်တိုက်ဆိုင်နေတာလဲ? အကြိုဓားအင်ပါယာ နဲ့ ဆေဘာသူတော်စင်!

တကယ်ပဲ နှစ်ယောက်စလုံး အတူတူထွက်ပေါ်လာကြတယ်။

ဟားဟား......။ ကောင်းတယ်...... မင်းတို့နှစ်ယောက်ကိုသတ်ပြီးတာနဲ့ ငါ့ရဲ့နာမည်က တိုက်ကြီးတစ်ခုလုံးမှာ ကျော်ကြားလာမှာ သေချာတယ်။ ဟားဟား!!"

ယန်ယွဲ့က မထူးခြားဟန်ဖြင့် ပုခုံးတွန့်လိုက်ပြီး ရှောင်ယုရှီကို စိုက်ကြည့်ကာ "မိန်းကလေး! ငါတို့ကြားက ကိစ္စကို နောက်မှ ဆက်ရှင်းရအောင်။ လောလောဆယ် ရှေ့ကပြဿနာကို အရင်ဆုံး လက်တွဲဖြေရှင်းကြတာပေါ့။"

ရှောင်ယုရှီက ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ပြသည်။ "ကောင်းပြီလေ!"

"အတူတူတိုက်ခိုက်ကြ!" ထိုအချိန်တွင် မိုကွမ်က ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

“အိုး!” ယန်ယွဲ့က ရုတ်တရက် သက်ပြင်းတစ်ချက်ချလိုက်လေသည်။ “မင်းတို့အားလုံးကို တစ်ယောက်ချင်းတိုက်ခိုက်ဖို့

ငါတောင်းဆိုခဲ့ပေမယ့် အခု မင်းတို့ကငြင်းဆန်ပြီး
အုပ်စုလိုက်တိုက်ခိုက်ဖို့ တွန်းအားပေးခဲ့တယ်။ ဒီလိုဆိုမှတော့
ငါလည်း ထိန်းမထားတော့ဘူး။ကလေးတွေ! ဒီကို ထွက်လာခဲ့ကြ!"

ယန်ယဲ့က စကားဆုံးသည်နှင့်တစ်ပြိုင်နက်
ညာလက်ကို ဝှေ့ယမ်းလိုက်ရာ သိုင်းဘုရင်အထွတ်အထိပ်အဆင့်
အမှောင်မှော်သားရဲ ၇ ကောင် ချက်ချင်းပေါ်လာခဲ့၏။

အာဝူး....!

အမှောင်မှော်သားရဲများက တညီတညွတ်တည်း
ဟိန်းဟောက်လိုက်သည်။
မိုကွမ် နှင့် အခြားသူများကို စိုက်ကြည့်ရင်း ၎င်းတို့၏
မျက်လုံးများထဲတွင် ပြင်းထန်သော တောက်ပမှုများ
ထုတ်လွှတ်လိုက်ကြသည်။

ဒီအခြေအနေကို မြင်လိုက်ရတဲ့အခါ မိုကွမ်နှင့်ကျန်လူများအားလုံး အကြီးအကျယ်တုန်လှုပ်သွားရုံသာမက ဘေးနားတွင်ရှိနေသော ရှောင်ယုရှီလည်း သိသိသာတုန်လှုပ်သွားပါတော့သည်။

“သတ်!” ယန်ယဲ့က တွန့်ဆုတ်မနေဘဲ၊ အမှောင်မှော်သားရဲ ၇ ကောင်ကို ချက်ချင်းအမိန့်ပေးလိုက်၏။

အမိန့်ပေးသံဆုံးသည်နှင့် သိုင်းဘုရင်အထွတ်အထိပ်အဆင့် အမှောင်မှော်သားရဲ
၇ ကောင်က မိုကွမ် နှင့် လူတိုင်းဆီသို့တရကြမ်း ခုန်ဝင်သွားကြသည်။

"ဟားဟား! ကောင်းပြီ။ ငါဆန်းကြယ်သော ဒူက မင်းတို့အားလုံးနဲ့ လိုက်ပြီးမသေနိုင်ဘူး။
နှုတ်ဆက်ပါတယ်!" ရုတ်တရက် ဆန်းကြယ်သော ဒူက ကျယ်လောင်စွာရယ်မောရင်း  အဝေးသို့ ပျံသန်းသွားလေတော့သည်။

ထိုစကားကို ကြားသောအခါ မိုကွမ်သည် ဒေါသတကြီးအမူအရာများဖြင့် ပါးစပ်ကနေသွေးအန်ထွက်လုမတတ် ခံစားလိုက်ရသည်။

သို့သော်လည်း ထိုအချိန်တွင် ပိုင်ဖန်းက လက်နှစ်ဖက်ကိုစုကာ ရုတ်တရက် "အစ်ကိုမို၊ ဒီကိစ္စမှာ မင်းကို ကူညီဖို့ ငါ အင်အားမရှိတော့ဘူး။ ငါအရင်ဆုံးထွက်သွားမယ်၊ နောက်နေ့ကျရင် အစ်ကိုမိုကို လာပြီး တောင်းပန်ပါဦးမယ်!"

တစ်ချိန်တည်းမှာပဲ ပိုင်ဖန်း၏ ပုံရိပ်က တဖျပ်ဖျပ်တောက်ပလာကာ အဝေးဆီသို့ ခုန်ထွက်သွားခဲ့သည်။

 မိုကွမ်၏အမူအရာက သိသိသာသာ ဆိုးရွားလာပြီး၊ တစ်ဦးတည်းကျန်နေသော မရဏသွေးသခင်ကို လှမ်းကြည့်လိုက်ပါသည်။ "မင်းကော ထွက်သွားမှာလား!?"

မရဏသေွးသခင်က ခေါင်းညိတ်ပြပြီးနောက်
တဖျပ်ဖျပ်တောက်ပကာ နေရာမှာပင် ပျောက်ကွယ်သွား၏။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၂၂ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၂၂)] – ငါ နင်နဲ့အတူရှိနေမယ်။

....

....

သို့သော် ယန်ယဲ့သည် လိုက်ပါသွားခြင်းမရှိပေ။
သူတို့ပိုင်ဆိုင်ထားသော ခွန်အားများနှင့်လက်ရှိတိုက်ပွဲကို
အနိုင်မယူနိုင်သည့်တိုင်
လွတ်မြောက်နိုင်ပါသေးသည်။

ထိုအချိန်တွင် ယန်ယဲ့က အမှောင်မှော်သားရဲ
၇ ကောင်ကို အမိန့်ပေးလိုက်ကာ
နောက်ဆုံးတစ်ယောက်တည်းကျန်နေခဲ့သော
မိုကွမ်းကိုဝိုင်းရံထားကြသည်။

"ဟားဟား!!" မိုကွမ်းက ရုတ်တရက် ရယ်မောသံဖြင့်
ဟိန်းဟောက်လိုက်ပြီးနောက် ရှောင်ယူရှီကို စိုက်ကြည့်ကာ "ငါသာ
မင်းနေရာမှာဆိုရင် အခုချက်ချင်း ဆန်းကြယ်သော ဒူကို
လိုက်သတ်လိုက်မှာပဲ။ အဲဒါကို
မင်းသတိမထားမိသေးတာထင်တယ်....ဟုတ်တယ်မလား? သူက
ထွက်ပေါ်လာတဲ့အချိန်မှာ စိတ်ဝိညာဉ်ထိန်းချုပ်ခြင်းအဆိပ်မှုန့်ကို
လေထဲမှာတိတ်တဆိတ်ဖြန့်ထားခဲ့တယ်လေ။ နတ်သမီးရှောင်!

မင်းက စိတ်ဝိညာဉ်ထိန်းချုပ်ခြင်းအဆိပ်မှုန့် ဆိုတာကို ကြားဖူးတယ် မဟုတ်လား? ဟားဟား!"

မိုကွမ်း၏ စကားကို ကြားလိုက်တဲ့အခါရှောင်ယုရှီ၏ အမူအရာက ပြောင်းလဲသွားပြီး မျက်လုံးကို အနည်းငယ်မှိတ်ထားလိုက်သည်။

ခဏအကြာတွင် သူမ၏ မျက်လုံးများကရုတ်တရက် ပွင့်လာပြီး မျက်လုံးထဲတွင် သတ်ဖြတ်ခြင်းအငွေ့အသက်များနှင့်အတူဆေဘာချီကြိုးတစ်ချောင်း ပေါက်ကွဲထွက်လာခဲ့သည်။

ထို့နောက် သူမ၏ ဆေဘာကိုဆွဲထုတ်ပြီး ခုတ်ပိုင်းလိုက်ကာ နှင်းဖြူရောင်ဆေဘာချီကြိုးတစ်ချောင်းက အာကာသပြင်ထဲသို့ထိုးဖောက်သွားကာ မိုကွမ်း၏ရင်ဘတ်ကိုပိုင်းချသည်။

ထိုမြင်ကွင်းကြောင့် ယန်ယွဲ့၏ အမူအရာသည်လည်း ပြင်းထန်စွာ ပြောင်းလဲသွားပါသည်။

မိုကွမ်း၏ မျက်လုံးများက အလွန်ပြူးကျယ်နေကာ မသေဆုံးခင်မှာ မယုံနိုင်သောလေသံဖြင့် တိုးညှင်းစွာရေရွတ်သွားခဲ့သည်။

“အဆင့် ၇ ဆေဘာစိတ်ဆန္ဒ....”

ရှောင်ယုရှီက မိုကွမ်းကို တစ်ချက်တည်းဖြင့်အဆုံးသတ်ပြီးနောက် တဖျပ်ဖျပ်တောက်ပလာကာ ဆန်းကြယ်သော ဒူ ပြေးထွက်သွားသောလမ်းကြောင်းအတိုင်း ပျံသန်းသွားလေတော့သည်။

ထိုအချိန်တွင် ယန်ယွဲ့က ညာလက်ကိုဝှေ့ယမ်းကာ မိုကွမ်း နှင့် မိုယုတို့၏ သိုလှောင်လက်စွပ်များကိုဆွဲယူလိုက်သည်။

ထို့နောက် သူ့ခန္ဓာကိုယ်က တဖျပ်ဖျပ်တောက်ပလာပြီး ရှောင်ယုရှီ၏နောက်သို့လိုက်ပါသွားလေသည်။

ရှောင်ယုရှီ
ထွက်သွားချိန်တွင် ထူးထူးခြားခြားပြောင်းလဲသွားသောအမူအရာ နှင့်

မိုကွမ်းမသေဆုံးခင်ပြောခဲ့သောစကားကိုဆက်စပ်လိုက်တဲ့အခါယန်ယဲ့သည်လည်းသူနောက်ကိုလိုက်ရန် တုံ့ဆိုင်းမနေတော့ပေ။

ယန်ယဲ့၏ အရှိန်သည် အလွန်လျင်မြန်သည်ဟု ဆိုနိုင်သော်လည်း သူသည် ဓားပျံကိုစီးနင်းမှသာ ရှောင်ယူရှီကို အမြန်လိုက်မှီခဲ့သြည်။
ရုတ်တရက် သူ့အမူအရာက ချက်ချင်းပြောင်းလဲသွားကာ ဓားပျံပေါ်ကနေခြေကားယားလက်ကားယားပြုတ်ကျလာတော့၏။
နောက်တစ်ကြိမ်ပြောင်းသွားသည်!

အဘယ်ကြောင့်ဆိုသော် ဆန်းကြယ်သော ဒူ က ရှောင်ယူရှီ၏ ရှေ့တွင် အလွန်အမင်းနာကျင်စွာ အော်ဟစ်နေသောကြောင့်ပင်။

တစ်ချိန်တည်းတွင် ၎င်း၏ခြေလက်များ တိတိရိရိ ပြုတ်တောက်နေကာ ရှောင်ယူရှီက ရပ်တန့်ခြင်းမရှိဘဲ ဆေဘာကိုအဆက်မပြတ်ဝှေ့ယမ်းနေဆဲဖြစ်သည်။

သူမ၏လက်ထဲက ဆေဘာကိုတစ်ချက်ယမ်းလိုက်တိုင်း ဆန်းကြယ်သော ဒူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု ပြတ်ကျလာသည်။

အချိန်အနည်းငယ်အတွင်းမှာပဲ ၎င်း၏ ခန္ဓာကိုယ်ပေါ်တွင် ဆံချည်မျှင်ကဲ့သို့သေးငယ်သောဒဏ်ရာများစွာရှိနေခဲ့သည်။

ယန်ယွဲ့သည်လည်း ရှောင်ယုရှီကို စိုက်ကြည့်လိုက်ရင်း စိတ်ထဲတွင် ထိတ်လန့်သွားမိသည်။

ရက်စက်ကြမ်းကြုတ်စွာ ပြုမူရသောအချိန်တွင် ဒီမိန်းမပျိုက သူ့ထက် နိမ့်ကျနေခြင်းမရှိပေ။

သူကြည့်နေစဉ်မှာပဲ ရှောင်ယုရှီ၏လက်က ခဏတာရပ်သွားသည်။

သူမက မျက်နှာတစ်ခုလုံး ဒဏ်ရာ၊ အမာရွတ်များ အပြည့်ဖုံးလွှမ်းနေသော "ဆန်းကြယ်ဒူ"ကို စိုက်ကြည့်ကာ လက်ဖြန့်လိုက်၏။

"ဖြေဆေးပေး!"

“ဖြေဆေးမရှိဘူး! ခွေးမ! မင်းတတ်နိုင်ရင် ငါ့ကိုသတ်လိုက်! အား.....အား..!!!" ဆန်းကြယ်ဒူက စူးစူးဝါးဝါးအော်ဟစ်သံဖြင့် ရုန်းကန်နေပါသည်။

ဝှစ်။

ရုတ်တရက် လေထုထဲတွင် အေးစက်သော အလင်းတန်းတစ်ခု လင်းလက်သွား၏။

ဆန်းကြယ်သော ဒူ ၏ မျက်လုံးများကချက်ချင်းပင် ကြက်သွေးရောင်ပြောင်းသွားသည်...။

"အား!!" မျက်လုံးများကို ထိုးဖောက်ခံရသောအခါ ဒေါသတကြီးအသံဖြင့် ချက်ချင်းဟိန်းဟောက်လိုက်ပြန်သည်။

"ခွေးမ! ခွေးမ!! မင်းတတ်နိုင်ရင်
ငါ့ကိုသတ်လိုက်! ငါ့ကိုတစ်ခါတည်းသတ်ပစ်လိုက်!!"

ရှောင်ယုရှီ၏ မျက်လုံးထဲတွင် အေးစက်စက်အလင်းတန်းတစ်ခု
လင်းလက်လာပြီးနောက်၊ ဆန်းကြယ်သော ဒူ ၏ နားရွက်တစ်ဖက်က
ချက်ချင်းဆိုသလို လှီးဖြတ်ခံလိုက်ရသည်။

အာ....! ထိုမြင်ကွင်းကိုမြင်လိုက်ရသောအခါ
ယန်ယဲ့၏ပါးစပ်ထောင့်များ အဆက်မပြတ် တုန်လှုပ်သွားသည်။

"တော်တော်လေကို ပြတ်ပြတ်သားသား လုပ်တတ်တဲ့
မိန်းကလေးပဲ!"

ဆန်းကြယ်သော ဒူ ထံမှ အလွန်အမင်းနာကျင်ဖွယ်ရာ
ငိုကြွေးသံတစ်ခု ထပ်မံ ထွက်ပေါ်လာ၏။ ခဏအကြာတွင်တော့
ရုတ်တရက် ထအော်လိုက်သည်။ "
စိတ်ဝိညာဉ်ထိန်းချုပ်ခြင်းအဆိပ်မှုန့်က မှော်ဆေးပညာရှင် ၁၀၀၀ က

အဆင့်မြင့် စိတ်ဝိညာဉ်ဆေးပင် ၁၀၀ ကျော်ကို ဖန်တီးဖော်စပ်ထားတာ။

ယင် နဲ့ ယန်က တခြား ဆန့်ကျင်ဖက်လိင်ကလွဲလို့ ကုသဖို့နည်းလမ်းမရှိဘူး။

ဟားဟား! နတ်သမီးရှောင်! မင်းက ရေခဲလို ဖြူစင်ပြီး အေးစက်နေတော့ ယောကျ်ားတစ်ယောက်နဲ့ တစ်ခါမှ အတူမနေဖူးဘူး.... ဟုတ်တယ်မလား ။ ဟားဟား! ဒီနေ့တော့ မင်းက ယောကျ်ားတစ်ယောက်နဲ့ တွေ့ကြုံရလိမ့်မယ်။ ဟားဟား!!"

ရှစ်!

ဆန်းကြယ်သော ဒူ ၏ ခေါင်းပြတ်ကြီးက လေထဲတွင် ပျံတက်သွားကာ သွေးများဖြန်းခနဲစီးကျလာခဲ့သည်။

ထို့နောက် ရှောင်ယုရှီ၏ မျက်လုံးများက မှိတ်ထားကာ သူမ၏ခန္ဓာကိုယ်ထဲကနေပြင်းထန်သော

ဆေဘာစိတ်ဆန္ဒများပုံ့လွင့်လာပြီး ဆေဘာချီကြိုးများ
အဆက်မပြတ် ပေါက်ကွဲထွက်လာသည်။

ဒီမြင်ကွင်းကိုမြင်လိုက်ရသောအခါ ယန်ယဲ့ကချက်ချင်း
မျက်မှောင်ကြုတ်လိုက်မိသည် ။

အစောပိုင်းက ဆန်းကြယ်သော ဒူကို သာအာရုံစိုက်နေသောကြောင့်
ရှောင်ယူ့ရှီကိုသတိမထားမိခဲ့ပေ။

အခု သူမကို သတိပြုမိလိုက်ချိန်မှာတော့
ရှောင်ယူ့ရှီ၏အခြေအနေက အလွန်ဆိုးရွားနေကြောင်း
မြင်တွေ့လိုက်ရသည်။

သူမ၏မျက်နှာသည် မီးလျှံများလောင်ကျွမ်းလုမတတ်နီရဲနေပြီး
နူးညံ့သိမ်မွေ့သောခန္ဓာကိုယ်လေးက
တဆတ်ဆတ်တုန်ခါစပြုနေပြီဖြစ်သည်။

"ဘာမှားလို့လဲ?" ယန်ယဲ့က နားမလည်နိုင်စွာဖြင့် ရှောင်ယူရှီကို မေးလိုက်၏။

အမ်! ထိုအချိန်တွင် ရှောင်ယူရှီက မျက်လုံးများကို အမြန်ပြန်ဖွင့်လိုက်သည်။ "နင်.... နင်က ဘာမှမဖြစ်ဘူးလား?" တစ်ချိန်တည်းမှာပဲသူမက ယန်ယဲ့ကို ထူးဆန်းသောအမူအရာဖြင့်စိုက်ကြည့်နေလိုက်သည်။

"မင်း ဘာကိုဆိုလိုတာလဲ?" ယန်ယဲ့က အနည်းငယ် တွေဝေသွား၏။

"နင် ဘာလို့ အဆိပ်မမိသေးတာလဲ!" ရှောင်ယူရှီက တိုးညှင်းသော အသံဖြင့် ပြောသည်။

ထိုအခါမှသာ ယန်ယဲ့က ရုတ်တရက် သတိပြန်ဝင်လာတောလသည်။ " ဟုတ်သားပဲ...., ဒါနဲ့ နေပါဦး။ ငါဘာလို့ အဆိပ်မမိတာလဲ။ ဘာလို့အဆင်ပြေနေသေးတာလဲ။"

သိပ်မကြာခင်မှာပဲ သူကဖြစ်နိုင်ချေတစ်ခုကိုတွေးမိသွား၏။
"ဒီတော့ဆန်းကြယ်ရွှေချီကန်ရှိနေလို့ပဲဖြစ်ရမယ်။"

ထိုစဉ် ရှောင်ယုရှီက ရုတ်တရက် ကျယ်လောင်စွာ
အော်ဟစ်လိုက်၏။

"နင် ဒီကနေထွက်သွားတော့!"

ယန်ယွဲ့သည် အစောပိုင်းက ဆန်းကြယ်သောဒူ ပြောခဲ့သည့်စကားကို
ပြန်သတိရပြီး သက်ပြင်းမချမီ သူမကို တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် သူက နောက်ပြန်လှည့်ကာ
အဝေးသို့ပျံသန်းသွားလေတော့၏။
မကြာခင်မှာပဲရှောင်ယုရှီ၏အမြင်အာရုံကနေပျောက်ကွယ်သွားခဲ့သ
ည်။

ရှောင်ယုရှီ၏ မျက်လုံးထဲတွင် ကြည်လင်နေသောအမူအရာက
ယန်ယွဲ့ထွက်ခွာသွားပြီးနောက်တွင် ချက်ချင်း
ပျောက်ကွယ်သွားလေသည်။

လက်ထဲတွင် ဆုပ်ကိုင်ထားသော ဆေဘာက ရုတ်တရက်
မြောက်တက်လာပြီး သူမ၏ လည်ပင်းဆီသို့
အလင်းတန်းတစ်ခုအသွင်ဖြင့်ပိုင်းချလိုက်တော့သည်။

"ဟူး....၊ ဒီမိန်းကလေးက ကိုယ့်ကိုယ်ကို
သတ်သေနိုင်မယ့်အထိတောင် ပြတ်သားတာလား?"

......

လှျို့ဝှက်လှိုဏ်ဂူတစ်ခုထဲတွင်။

ယန်ယွဲ့သည် ခေါင်းယမ်းကာ ပြုံးရင်း ရှောင်ယူ့ရှီကို
စိုက်ကြည့်ပြီးနောက် အသံတိုးတိုးဖြင့်
ရေရွတ်လိုက်ပါသည်။ "ငါယန်ယွဲ့ တစ်နေ့မှာ
လူကောင်းဖြစ်လာလိမ့်မယ်လို့ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။"

သူက ရှောင်ယူ့ရှီ၏ အထင်ကြီးလောက်စရာ
ပြတ်သားသောလုပ်ရပ်ကိုပြန်တွေးမိပြီးခေါင်းကိုခါယမ်းလိုက်သည်။

ထို့နောက် သူမဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားရင်း နာကျင်မှုကို အံကြိတ်ခုခံနေသည့်မျက်နှာလှလှလေးကို စိုက်ကြည့်ရင်း အသက်ရှူရပ်သွားမတတ်ခံစားလိုက်ရသည်။

ရှောင်ယုရှီကို အနီးကပ်သေချာကြည့်မိသောအခါမှသာ သူမ၏မျက်နှာသွင်ပြင်က စုချင်းရှီထက် နိမ့်ကျမနေကြောင်းသတိထားမိခဲ့သည်။

ယန်ယွဲ့သည် သူ၏စိတ်ခံစားချက်များကိုမျိုသိပ်လိုက်ရင်း လက်ကိုဆန့်ထုတ်ကာရှောင်ယုရှီကို ဝမ်းဗိုက်ပေါ်သို့ကပ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ သူ၏ခန္ဓာကိုယ်အတွင်းရှိဆန်းကြယ်ချီစွမ်းအင်များက တဟုန်ထိုးမြင့်တက်လာကာ ရှောင်ယုရှီ၏ခန္ဓာကိုယ်ထဲသို့ ဖြည်းညှင်းစွာ စီးဝင်သွားလေတော့သည်။

အချိန်နှစ်နာရီခန့်ကြာပြီးနောက် ရှောင်ယုရှီက မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်သည်။

သူမက ပထမဆုံး အံ့အားသင့်သွားပြီး နောက်
မတ်တပ်ထရပ်လိုက်ကာ ခန္ဓာကိုယ်ကို
အမြန်စစ်ဆေးကြည့်လိုက်၏။

သူမ၏အဝတ်အစားများ မပျက်စီးကြောင်းကို
သတိပြုမိသောအခါမှသာတွင် သက်ပြင်းချလိုက်ပါသည်။

ထို့နောက် မြေပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော ယန်ယဲ့ ကို
စိုက်ကြည့်ကာ မေးလိုက်၏။ "နင် ငါ့ကို ကယ်တင်ခဲ့တာလား?"

ယန်ယဲ့က သူမကို
ညင်သာစွာပြုံးပြလိုက်သည်။ "ဒီ့အပြင်နောက်ထပ်ဘယ်သူဖြစ်နိုင်မှာ
လဲ?"

"ကျေးဇူးတင်ပါတယ်!" ရှောင်ယူရှီက
ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ခဏတာတုံ့ဆိုင်းသွားပြီး
ဆက်မေးလိုက်သည်။ "နင် ငါ့ကို ဘယ်လို ကယ်လိုက်တာလဲ?"

"ဒါက ငါ့ရဲ့လျှို့ဝှက်ချက်ပဲ!" ယန်ယဲ့က အသာအယာ ပြုံးကာ "ဒီနည်းလမ်းက ငါ့ရဲ့လျှို့ဝှက်နည်းစနစ်တစ်ခုလေ။ ဘယ်သူ့ကိုမှ ပြောလို့ရဘူး။

ဘာပဲဖြစ် အခု မင်းအဆင်ပြေနေပြီမဟုတ်လား? ဘယ်သူမှ မင်းကို အခွင့်ကောင်းမယူခဲ့ဘူး။ ဒါအရေးကြီးဆုံးမဟုတ်လား?"

ရှောင်ယုရှီက ခေါင်းညိတ်ပြပြီးနောက် ယန်ယဲ့ရှေ့သို့ လျှောက်လာကာ သူ့ကို စိုက်ကြည့်နေသည်။

သူမ၏အပြုအမူက ယန်ယဲ့ကို ဒါက အနည်းငယ် စိတ်မသက်မသာဖြစ်သွားစေသည်။ "မိန်းကလေး! ငါ့ကိုဘာလို့စိုက်ကြည့်နေတာလဲ။ ငါ့မျက်နှာမှာ တစ်ခုခုရှိနေသလား?"

ရှောင်ယုရှီက ခေါင်းခါလိုက်၏ "မဟုတ်ဘူး၊ ငါ့အဖေက ငါ့ကို လက်ထပ်စေချင်တဲ့လူက ဘယ်လိုလူလဲဆိုတာ အတိအကျ သိချင်တာ။နင့်ရဲ့ရုပ်ရည်က သိပ်ကောင်းတာမဟုတ်ပေမယ့်

ငါ့ရဲ့အခြေအနေကိုအခွင့်ကောင်းမယူတဲ့အတွက် နင့်ရဲ့စရိုက်က မဆိုးပါဘူး!"

"ငါ့ရုပ်သွင်က တကယ်ကို မလှဘူးလို့ ဆိုလိုက်တာလား?" ယန်ယဲ့က မျက်လုံးပြူးသွားသည်။ "ဒီမိန်းကလေးက နည်းနည်းတော့ မလွန်ဘူးလား?"

ယန်ယဲ့က “မင်းရဲ့အဖေအကြောင်းထပ်ခါတလဲလဲ ပြောနေတာပဲ။ မင်းရဲ့အဖေကဘယ်သူလဲဆိုတာ ငါတကယ်သိချင်မိတယ်။ မင်းကဘာကြောင့် ဓားအင်ပါယာကို လက်ထပ်ရမှာလဲ? ဒါနဲ့ ငါ့ကိုကြိုပြောခွင့်ပြုပါ၊ ငါ ယန်ယဲ့က ဓားအင်ပါယာမဖြစ်နိုင်ဘူးလို့တစ်စုံတစ်ယောက်ကပြောခဲ့တယ်။ ဒီလိုဆိုတော့ မင်းလက်ထပ်ရမယ့်လူက ငါလုံးဝမဖြစ်နိုင်ဘူး!"

"နင်က အဆင့် ၆ ဓားစိတ်ဆန္ဒကို ရောက်နေပြီမဟုတ်လား?" ရှောင်ယုရှီက မေးလိုက်သည်။

ယန်ယဲ့က သူမကို ဖုံးကွယ်မထားဘဲ ခေါင်းညိတ်ပြလိုက်၏။

ရှောင်ယုရှီက နောက်ထပ်ဆက်မေးလာခဲ့သည်။ "ဒါ့အပြင် နင်က ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားတယ်မဟုတ်လား?"

ယန်ယဲ့က နောက်တစ်ကြိမ် ခေါင်းညိတ်လိုက်ပြန်သည်။

"ဒါဆို မှန်တယ်!" ရှောင်ယုရှီက "ငါသိတဲ့ ဓားပညာရှင်အချို့ရဲ့ ဓားစိတ်ဆန္ဒက နင့်ထက်ထက်သာလွန်ပေမယ့် သူတို့က ဉာဏ်အလင်းရဓားနှလုံးသားကို မပိုင်ဆိုင်ထားဘူးလေ။ ဒီလိုဆိုမှတော့ နင်က ဒီမျိုးဆက်ရဲ့ ဓားအင်ပါယာ ဖြစ်မှာ သေချာတယ်။

ငါ့အဖေက ဘယ်သူလဲဆိုတာနဲ့ ပတ်သက်ရင်တော့...။ တောင်းပန်ပါတယ် ဒါပေမယ့် မပြောနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီလို ဟောကိန်းထုတ်တဲ့လူကို သိချင်တာက နင့်အတွက် အန္တရာယ်ဖြစ်စေနိုင်တယ်!”

ယန်ယဲ့က ဘာမှပြန်မပြောပေ၊ ပုခုံးတွန့်လိုက်ပြီး သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကို ထုတ်လွှတ်လိုက်သည်။

ယန်ယဲ့၏ခန္ဓာကိုယ်မှ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ ပျံ့လွင့်လာသည်ကို သတိပြုမိသောအခါ ရှောင်ယုရှီ၏ မျက်လုံးများတွင် အံ့သြနေသောအမူအရာများပေါ်လာခဲ့သည်။ သူမက အလွန်အံ့သြတုန်လှုပ်နေသောအမူအရာဖြင့် “ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ။နင်က ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားပေမယ့် သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကို ဘယ်လိုလုပ်ပြီး ပိုင်ဆိုင်နိုင်တာလဲ? အတိအကျ ဘာတွေဖြစ်နေတာလဲ"

"တစ်ခြားဘာများ?" ယန်ယဲ့က သူ့ကိုစိုက်ကြည့်ရင်း “ဒီတော့ ငါယန်ယဲ့က ဒီမျိုးဆက်ရဲ့ဓားအင်ပါယာ မဟုတ်ဘူးဆိုတာ သက်သေပြနေတယ်။ ဒီလိုဆို ငါ့ကို သတ်စရာမလိုတော့ဘူးမဟုတ်လား။"

"ငါမလုပ်ရင်တောင် တခြားသူတွေက နင့်ကိုသတ်ပစ်လိမ့်မယ်!" ရှောင်ယုရှီက "ဒီအချိန်မှာ နင်က မိုကလန်ရဲ့မောင်နှမနှစ်ယောက်ကို သတ်လိုက်တာကို ငါတို့သိထားပြီးသားပဲ။

သူတို့က ရှေးဟောင်းစစ်မြေပြင်ကို နောက်ထပ် အဆင့်မြင့်ပညာရှင်တွေစေလွှတ်လိုက်တာ ဖြစ်နိုင်တယ်!"

"ဒါဆိုလည်းဖြစ်ဖြစ်ပေါ့!" ယန်ယွဲ့က စိတ်မဝင်စားသောအမူအရာဖြင့် ပြန်ပြောလိုက်၏။

“ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်မဟုတ်သရွေ့ငါ့အတွက် ကြောက်စရာမလိုပါဘူးလေ။”

ထိုအချိန်တွင် ရှောင်ယုရှီက ရုတ်တရက် မေးလိုက်သည်။ "ငါ့ခွန်အားကို နင်ဘယ်လိုထင်လဲ?"

ယန်ယွဲ့က လေးနက်သောအမူအရာနှင့်အချိန်တော်တော်ကြာစဉ်းစားပြီးမှ

“နင်က အရမ်းအားကောင်းတယ်ဆိုတာပဲ။ ဟွင်းယု နဲ့ မိုခေးကလွဲရင် နင့်ရဲ့ခွန်အားက အသန်မာဆုံးပဲ။”

“သူတို့စေလွှတ်တဲ့ ပညာရှင်တွေက ငါ့ထက် အားကောင်းမှာ သေချာတယ်။” ရှောင်ယုရှီက ဆက်ပြောသည်။
"တိမ်မြုပ်နေသောကလန်ရဲ့အရင်းအမြစ်တွေ နဲ့ အရန်အင်အားတွေက နင်စိတ်ကူးကြည့်လို့တောင် မရဘူး!"

"တိမ်မြုပ်နေသောကလန်?"
ယန်ယဲ့က  မျက်မှောင်ကြုတ်ပြီးပြောလိုက်သည် "အဲဒါက ဘာလဲ။ အဆင့် ၉ မဟာဂိုဏ်းတွေထက်

အားကောင်းသလား?"

ရှောင်ယုရှီက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "အဆင့် ၉ မဟာဂိုဏ်းတွေထက်ပိုပြီးသန်မာတယ်လို့ ပြောလို့မရပေမယ့် အားနည်းတယ်လို့လည်း ပြောလို့မရပါဘူး။သွေးမျိုးဆက်တွေ နဲ့ ခွန်အားတွေအကြောင်း နင် ကြားဖူးတယ်မဟုတ်လား?”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ ခရမ်းရောင်မင့်ခ်ကလေးကို ပိုင်ဆိုင်ထားသောကြောင့်
ထိုအကြောင်းအရာများကိုကောင်းစွာသိရှိထား၏။

"တိမ်မြုပ်နေတဲ့ကလန်က သူတော်စင်တစ်ပါးရဲ့ သွေးမျိုးဆက်ကိုပိုင်ဆိုင်ထားတဲ့မျိုးနွယ်စုတစ်ခုလေ။" ရှောင်ယုရှီက အလွန်လေးနက်သောအသံဖြင့် "သူတော်စင်တစ်ပါးဖြစ်သွားပြီဆိုရင် အဲ့ဒီလူရဲ့သွေးအဆီအနှစ်စွမ်းအင်က အသွင်ပြောင်းလဲသွားလိမ့်မယ်။ ပြီးတော့ခန္ဓာကိုယ်သွေးကြောထဲမှာ အထူးစွမ်းရည်တစ်ခုကိုတောင် ပိုင်ဆိုင်သွားမယ်။ ဒါ့အပြင်အဲ့ဒီလူရဲ့ မျိုးဆက်တွေက သာမန်လူတွေထက် မြန်မြန်ဆန်ဆန်လေ့ကျင့်နိုင်ကြတယ်။”

"ဒါဆို သူတို့က ဘာလို့ ပျော့ညံ့နေကြတာလဲ?" ယန်ယဲ့က အနည်းငယ် အံ့သြသွားသည်။ "အစောပိုင်းကတိုက်ပွဲကိုပြန်တွေးကြည့်လိုက်။ ငါ မိုယုကို ဓားတစ်ချက်နဲ့ ထိုးသတ်ပစ်လိုက်တယ်။ သူတို့ရဲ့ သွေးကြောတွေက သိပ်ပြီးမသန်မာသလိုပဲ!"

ရှောင်ယူ့ရှီ၏ မျက်ခွံများက တဆတ်ဆတ်လှုပ်ယမ်းသွားပြီးနောက် ပြန်ပြောလိုက်လေသည်။  "ဒါ သူတို့က သတိလက်လွတ်ဖြစ်သွားလို့ပဲ။ ပြီးတော့ သူတို့က မိုကလန်ရဲ့ တိုက်ရိုက်မျိုးဆက်တွေ မဟုတ်ဘူး။ ဒီတော့ သူတို့ပိုင်ဆိုင်ထားတဲ့ သွေးမျိုးဆက်က မသန့်စင်ဘူး။ မဟုတ်ရင် သူတို့ရဲ့မွေးရာပါ သွေးမျိုးဆက်စွမ်းရည်ကိုတောင် နားမလည်တဲ့ အတိုင်းအတာအထိ ဖြစ်သွားမှာ မဟုတ်ဘူး။”

ယန်ယွဲ့က ခေါင်းခါပြီး "ကောင်းပြီ၊ ငါ့ကိုယ်ငါကြိုတင်ပြင်ဆင်လို့ရအောင် သူတို့စေလွှတ်လိုက်တဲ့လူက ဘယ်လောက် ခွန်အားကြီးမယ်ဆိုတာ ငါ့ကိုပြောပြလို့ရမလား?"

"ငါ နင် နဲ့အတူရှိနေမှာမို့ စိတ်ပူစရာမလိုပါဘူး!" ရှောင်ယူ့ရှီက ယန်ယွဲ့ကို စိုက်ကြည့်ကာ တိုးတိုးလေးပြောလိုက်ပါတော့သည်။

အမ်။ ယန်ယဲ့သည် ဘာမှပြန်မပြောနိုင်တော့ပေ၊ နေရာမှာ
အံ့အားသင့်နေခဲ့၏။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၂၃ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၂၃)] – တစ်ယောက်မကျန်သတ်ခြင်း

...

...

ရှောင်ယုရှီက
သူမပြောလိုက်သောစကားများအဓိပ္ပါယ်လွဲသွားသည်ကိုသတိပြုမိ
ပြီးမျက်နှာတစ်ပြင်လုံးနီရဲသွားလေသည်။

ခဏအကြာ သူတို့နှစ်ဦးကြားက လေထုတစ်ခုလုံး အနည်းငယ်
ရှက်စရာကောင်းနေချိန်မှာပဲ “မိုကလန်က မိုချင်းယု ကို စေလွှတ်ဖို့
အလားအလာ အရမ်းများတယ်။ နင်တစ်ယောက်တည်းရှိနေချိန်မှာ
သူမနဲ့တွေ့ရင် လုံး၀ ရန်စလို့မရဘူး။ သူက အရမ်းသန်မာတယ်!”

"မင်းထက်တောင် သန်မာတာလား?" ယန်ယွဲ့က
အနည်းငယ်အံ့သြသွားပုံပါ။

ရှောင်ယုရှီကခေါင်းကို ခါလိုက်ပြီး "ငါမသိဘူး၊ ငါ သူမနဲ့ တစ်ကြိမ်ပဲ
တိုက်ဖူးတယ်၊ ငါတို့ နှစ်ယောက်လုံး အဲဒီတိုက်ပွဲမှာ အနိုင်မရခဲ့ဘူး။
ဒါ့အပြင် သူမက ဘယ်လောက်တောင် သန်မာနေမှန်း
ငါလည်းမသိဘူး။

သူမရဲ့အဓိကအားသာချက်က ညာဘက်လက်ပဲ။ ပြီးတော့ သူမရဲ့ ဓားစိတ်ဆန္ဒကလွန်ခဲ့တဲ့နှစ်တွေတည်းက အဆင့် ၇ အထွတ်အထိပ်ကိုရောက်နေပြီလေ။

အရေးကြီးဆုံးအချက်ဟာ မိုချင်းယုက လေစိတ်ဆန္ဒကိုနားလည်ထားတယ်ဆိုတာပဲ။

သူမ၏လှုပ်ရှားမှုနည်းနစ်နဲ့ ဓားအမြန်နှုန်းအရမ်းကြောက်စရာကောင်းတယ်!”

ယန်ယဲ့၏ ပါးစပ်ထောင့်များ တဆတ်ဆတ် လှုပ်ယမ်းသွားသည်။

ဤအခိုက်အတန့်တွင် သူသည် 'တစ်တောင်ထက်တစ်တောင်ပိုမြင့်သည်' ဟူသော စကားကို နားလည်သဘောပေါက်သွား၏။

အတိတ်ကာလ၌ ဓားတာအိုတွင် သူ၏ စွမ်းရည်များက အလွန်မြင့်မားနေပြီဟုခံစားမိခဲ့သည်။ သို့သော် ယခုမှသာ သူကရေတွင်းအောက်ခြေရှိဖားတစ်ကောင်သာဖြစ်နေကြောင်းသဘောပေါက်သွားလိုက်သည်။

ယန်ယဲ့၏ မျက်နှာအမူအရာကိုသတိထားမိလိုက်ရာ ရှောင်ယူ့ရှီက သူ့ယုံကြည်မှုထိခိုက်သွားသည်ဟု ထင်လိုက်ပုံဖြင့် ပေါ့ပေါ့ပါးပါး ပြောလာခဲ့သည်။

"ကိုယ့်အရည်အချင်းကို လျှော့တွက်ဖို့ မလိုပါဘူးလေ။ နင့်ရဲ့ ဓားစိတ်ဆန္ဒက သူ့လောက်မမြင့်ပေမယ့် ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားတယ်။ ဒါတစ်ခုတည်းကတင် နင်က မျိုးဆက်တူတွေကြားထဲမှာ မယုံကြည်နိုင်တဲ့ အဆင့်အတန်းတစ်ခုကိုရောက်နေပြီလို့ဆိုနိုင်တယ်။"

ယန်ယဲ့က ပြုံးလိုက်သည်။ "အဲဒါကို ဆက်မပြောပါနဲ့။ ဟုတ်တယ်၊ မိုကလန်က မောင်နှမတွေက မင်းကိုသတ်ဖို့ ဘာကြောင့်ကြိုးစားနေတာလဲ။"

ကြောက်စရာကောင်းသော ရန်သူကိုဖိတ်ခေါ် မိသော်လည်း၊ ယန်ယဲ့ကလုံးဝကိုကြောက်ရွံ့မနေပေ။

" အဆင့် ၇ ဓားစိတ်ဆန္ဒ လား?" သူသည် မကြောက်လန့်ရုံသာမက သူမကို တိုက်ခိုက်ရန် ပင် အနည်းငယ် စိတ်ဝင်စားနေမိသည်။

အဘယ်ကြောင့်ဆိုသော် သူသည် ဓားတာအိုပါရမီရှင်တစ်ဦးနှင့် တိုက်ခိုက်ပါက ကြီးမားသော အကျိုးအမြတ်ကိုရရှိနိုင်မည်ဖြစ်သည်။

ရှောင်ယုရှီက ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "နင့်ကိုပြောပြရင် ဒုက္ခပေးသလိုပဲဖြစ်နေလိမ့်မယ်!"

"ဒါဆို ငါ့ကို မပြောနဲ့!" ယန်ယွဲ့က ပြုံးရင်းဆက်ပြောလိုက်၏။

“ကောင်းပြီ၊ အခု ငါ မင်းကို တစ်ခုခုမေးဖို့ လိုတယ်။ နဝမငရဲအအေးမီးတောက်က ဘယ်နေရာမှာလဲဆိုတာ မင်းသိလား?"

သူ၏အမေဖြစ်သူခံစားနေရသည့်အခြေအနေကိုတွေ့မြင်ပြီးနောက် ယန်ယွဲ့ဟာ သူ့ကိုယ်သူအမြန်ဆုံး သန်မာလာစေရန်သာ ဆုံးဖြတ်ထားခဲ့သည်။

အခုအချိန်တွင် သူသည် သန်မာသောခွန်အားရှိခြင်း၏နိယာမက အရာအားလုံးကိုပိုင်ဆိုင်ခြင်းနှင့် ညီမျှသည် ဟု နားလည်သွားပါပြီ။

အခုတော့ သူ့နှလုံးထဲမှ အဖြစ်ချင်ဆုံးဆန္ဒမှာ ပိုပြီးသန်မာလာစေရန်ပင်။

ရှောင်ယုရှီက မျက်မှောင်ကြုတ်သည်။ "ဒါကို နင် ဘယ်လိုသိတာလဲ!"

ယန်ယဲ့က သူမကိုစိုက်ကြည့်ကာ “ငါ့မှာလည်း သဘာဝအတိုင်း ကိုယ်ပိုင်နည်းလမ်းတွေရှိတာပဲလေ။ မင်းသိလား မသိဘူးလား ဆိုတာပဲ ပြောပြပါ!"

ရှောင်ယုရှီက အေးစက်စက်ပြန်ဖြေလိုက်သည်။ "အေးစက်တဲ့လေတွေအားလုံးက ဂူသင်္ချိုင်းအတွင်းပိုင်းထဲကနေ ပျံ့လာတဲ့အတွက် ငရဲနတ်ဘုရားသင်္ချိုင်းထဲမှာရှိနေမှာပေါ့!"

ထို့နောက် သူမက ယန်ယဲ့ကို စူးစူးရဲရဲစိုက်ကြည့်လိုက်ပါတော့သည်။ "နင် ဒါကိုရယူဖို့စဉ်းစားနေတာတော့ မဟုတ်ပါဘူးနော်.... ဟုတ်တယ်မဟုတ်လား?"

ယန်ယဲ့က သူ၏ရည်ရွယ်ချက်ကို ဖုံးကွယ်မထားပေ၊ ခေါင်းညိတ်လိုက် "အမှန်ပဲ၊ နဝမငရဲအေးမီးတောက်က ငါ့အတွက် အရမ်းလိုအပ်နေတယ်!"

ရှောင်ယုရှီက အံ့ဩတုန်လှုပ်စွာ ပြန်ပြောလိုက်၏။ “မရဘူး၊ နင်သေလိမ့်မယ်! နဝမမြောက်ငရဲဘုံက သိပ်သည်းလွန်းတဲ့ယင်ချီဓာတ်တွေနဲ့ ပြည့်နေသလို၊ နဝမငရဲ အေးမီးတောက်ကလည်း သဘာဝလွန်ယင်ချီရတနာတစ်ခုပဲ။

နင် ဒါကို ကိုင်လိုက်တာနဲ့ ယင်ချီဓာတ်က နင့်ရဲ့ခန္ဓာကိုယ်ကို အေးခဲသွားလိမ့်မယ်။ဒါ့အပြင် စိတ်ဝိညာဉ်ကိုပါ ပျက်စီးစေနိုင်တယ်။

အဲဒါကို နင် အနိုင်ယူဖို့ လုံးဝမဖြစ်နိုင်ဘူး!

မဟုတ်ဘူး၊ နင်က အနားကိုတောင် လုံးဝ မချဉ်းကပ်နိုင်ဘူးလို့ ပြောရမယ်!"

သို့သော် ယန်ယဲ့က ပြုံးရုံသာ၊ "ဘာပဲဖြစ်ဖြစ်

ငါ အဲဒါကို စမ်းကြည့်ရမှာပဲလေ။ ဒီလိုမှမဟုတ်ရင် ငါ့နှလုံးသားထဲမှာ ဘယ်တော့မှ ကျေနပ်နိုင်မှာ မဟုတ်ဘူး!"

ရှောင်ယုရှီက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။ "ဘာပဲဖြစ်ဖြစ် နောက်ပြန်မဆုတ်တော့ဘူးလား?"

ယန်ယွဲ့က ချက်ချင်းပင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ဒီလိုဆို ငါတို့အတူတူသွားကြမယ်!"

ယန်ယွဲ့က အနည်းငယ် အံ့အားသင့်သွား၏၊ “ဘာလို့လဲ” သူမကို စိုက်ကြည့်ရင်း ပဟေဠိဆန်သောအမူအရာဖြင့် ပြောလိုက်သည်။

"ဘာလို့လဲဆိုတော့ ငရဲနတ်ဘုရားသင်္ချိုင်းသွားတဲ့လမ်းကို နင် မသိလို့လေ" ရှောင်ယုရှီက ယန်ယွဲ့ကို ငုံ့ကြည့်ရင်း မတ်တပ်ထရပ်ကာ ဂူထဲမှ ဖြည်းညှင်းစွာ ထွက်လာခဲ့သည်။

ယန်ယဲ့က

အတော်လေးအံ့အားသင့်နေဟန်ဖြင့်ရေရွတ်လိုက်မိသည်။" အဲဒါက

ဘယ်လိုကြောင့်လဲ?"

ထို့နောက် ဆက်တွေးမနေတော့ဘဲ၊ အသာ ခေါင်းယမ်းကာ

ရှောင်ယုရှီ၏နောက်သို့ လိုက်ပါသွားခဲ့သည်။

သူတို့နှစ်ဦး လှိုဏ်ဂူထဲမှ ထွက်လာချိန်တွင် ဂူအပြင်ဖက်၌

လူသားကျွမ်းကျင်သူ ၁၀၀ နီးပါး စုရုံးနေသောကြောင့်

ယန်ယဲ့၏စိတ်ထဲ

အံ့သြသွားပြန်သည်။

သေချာစစ်ဆေးကြည့်လိုက်မှသာ

လူသားကျွမ်းကျင်သူများသာမကဘဲ၊ နတ်ဆိုးနယ်မြေ၏ လူငယ် ၃၀

ကျော်ပါရှိနေကြောင်းသတိထားမိလိုက်သည်။

ထို့အပြင် မြေပြင်ပေါ်၌

လဲလျောင်းနေသောအလောင်းအချို့ပင်ရှိနေပေသည်။

ထိုအလောင်းများထဲတွင် နတ်ဆိုးမျိုးနွယ်ဝင်များပါဝင်နေသော်ငြား၊ အများစုမှာ လူသားကျွမ်းကျင်သူများဖြစ်သည်။

ယန်ယဲ့ နှင့် ရှောင်ယုရှီကို သတိပြုမိသောအခါ နတ်ဆိုးမျိုးနွယ်မှ လူငယ်များ၏ အမူအရာက ချက်ချင်းပြောင်းလဲသွားသည်။

သူတို့က ရှောင်ယုရှီကို မသိသော်ငြား၊ ယန်ယဲ့ကိုမြင်လိုက်သည်နှင့်တန်းပြီးမှတ်မိသွားပုံပါ။

သူတို့ရှေ့မှလူငယ်သည် နတ်ဆိုးမျိုးနွယ်၏ ထိပ်တန်းပါရမီရှင် မိုခေးကို အဆင့်တူရင်ဆိုင်နိုင်သော ကျွမ်းကျင်သူတစ်ယောက်ဖြစ်နေသည်မဟုတ်ပါလား။

သူတို့က လူသားများကို အထင်အမြင်သေး နှိမ့်ချသော်လည်း၊ လက်ရှိသူတို့အားလုံးပူးပေါင်းလျှင်ပင် ယန်ယဲ့ကို ယှဉ်နိုင်မည်မဟုတ်ကြောင်း ဝန်ခံရန်မှတစ်ပါး ရွေးချယ်စရာမရှိပေ။

တစ်ဖက်တွင်မူ၊ နတ်ဆိုးမျိုးနွယ်၏ လူငယ်များက ရုတ်တရက်ထွက်ပေါ်လာသောယန်ယဲ့ကို ကြောက်လန့်နေသောကြောင့်လူသားကျွမ်းကျင်သူများအားလုံးအတော်လေးဝမ်းသာသွားကြသည်။

ယန်ယဲ့က သူ့ရှေ့မှမြင်ကွင်းကြောင့်အနည်းငယ်စိတ်ရှုပ်ထွေးစွာဖြင့်ရှောင်ယုရှီကိုမေးမြန်းလိုက်ပါသည်။ "ဒီမှာဘာဖြစ်နေတာလဲ? မင်းသိသလား?"

ရှောင်ယုရှီက လူသားကျွမ်းကျင်သူအုပ်စုကို တစ်ချက်ကြည့်လိုက်ပြီး "သူတို့က ဒီနေရာမှာရှိတဲ့ ဝိညာဉ်တွေအတွက် တိုက်ခိုက်နေတာဖြစ်နိုင်တယ်!"

“အိုး” ယန်ယဲ့က အံ့အားသင့်စွာ ရေရွတ်လိုက်၏။

ထို့နောက် "သွားကြရအောင်!"

သူပြောပြီးသည်နှင့် ယန်ယွဲ့က လူအုပ်စုကိုရှောင်လိုက်ကာ ဘေးဖက်ကနေကွေ့ပတ်သွားလေတော့သည်။

"လူသားကျွမ်းကျင်သူတွေကို ကူညီရမှာလား? ငါယန်ယွဲ့က လူမိုက်မှမဟုတ်တာ!ထိုလူများ၏ သေခြင်း၊ရှင်ခြင်း ကံကြမ္မာက သူနှင့် လုံး၀ မသက်ဆိုင်ပေ။

ထို့အပြင် ရှေးဟောင်းဒိုမိန်းမြို့၌ လူသားကျွမ်းကျင်သူများ မည်သို့လုပ်ဆောင်ခဲ့သည်ကို သူ မမေ့ခဲ့ပါ။

ရှောင်ယုရှီက ယန်ယွဲ့ကို တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် ဘာမှပြန်မပြောဘဲ သူ့နောက်ကိုသာ လိုက်ပါလာခဲ့၏။

ယန်ယွဲ့က လူသားကျွမ်းကျင်သူများကိုမကူညီဘဲ၊ နောက်ပြန်လှည့်ကာ ထွက်သွားကြောင်းသတိပြုမိလိုက်စဉ် သူမစိတ်ထဲ

အနည်းငယ် အံ့သြသွားမိသည်။

အကြောင်းအရင်းမှာ သူမ၏ ပင်ကိုယ်စရိုက်ဆိုပါက လက်တစ်ဖက်ယမ်းရုံဖြင့် လူသားကျွမ်းကျင်သူအားလုံးကို ကယ်တင်နိုင်ပါသည်။

တစ်ဖက်တွင်၊

ယန်ယွဲ့ နှင့် ရှောင်ယုရှီတို့နှစ်ဦးစလုံး ထိုကဲ့သို့ ထွက်ခွာသွားကြသည်ကို မြင်လိုက်ရသော အခါ နတ်ဆိုးမျိုးနွယ်နှင့် လူသားမျိုးနွယ် နှစ်ခုလုံး အလွန်အံ့အားသင့်သွားကြသည်။

"ဘယ်လို..... သူတို့က ဒီအတိုင်းပဲ ထွက်သွားကြတာလား?"

"အစ်ကို ယန်၊ ခဏစောင့်ပါ!" ယန်ယွဲ့နှင့်ရှောင်ယုရှီ ထွက်သွားကြောင်းမြင်တွေ့လိုက်တဲ့အခါ လူသားကျွမ်းကျင်သူများ၏မျက်နှာက ကြောက်ရွံ့မှုများကြောင့် ဖြူရော်သွားပါတော့သည်။

ထိုအချိန်တွင် လူသားကျွမ်းကျင်သူတစ်ဦးက

လျှင်မြန်စွာ ရှေ့သို့ တိုးလာပြီး ယန်ယဲ့ကို ခေါ်လိုက်သည်။ “အစ်ကို ယန်! ငါက လင်းဖုန်း။ အရှေ့ပိုင်းတိုက်ကြီးရဲ့အဆင့် ၄ မဟာဂိုဏ်းဖြစ်တဲ့ ကောင်းကင်ဘုံကျောင်းတော်ရဲ့ လူငယ်တပည့်တစ်ဦးပါ။

မိတ်ဆွေတချို့နဲ့ ပူးပေါင်းပြီး နဝမမြောက်ငရဲဘုံမှာ လေ့ကျင့်ဖို့ရည်ရွယ်ချက်ထားပေမယ့် ဒီလိုတွေဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။”

ထိုအချိန်တွင် ယန်ယဲ့က လင်းဖုန်း ဟုခေါ်သော လူငယ်ကို ရုတ်တရက် လှည့်ကြည့်လိုက်ကာ ထူးဆန်းစွာပြုံးလိုက်၏။

"အခု မင်းဆိုလိုတာ...... မင်းတို့အားလုံးကို ကူညီပေးစေချင်တာမဟုတ်လား?"

လင်းဖုန်းက အံ့အားသင့်သွားပြီးနောက် အလွန်ပျော်ရွှင်သွားဟန်ဖြင့်

“အမှန်ပဲ။ အစ်ကိုယန်ကို ဒီအတိုင်းအကူအညီတောင်းမှာ မဟုတ်ပါဘူး။ ဒီတိုက်ပွဲပြီးတဲ့အခါ ကျေနပ်လောက်တဲ့လျော်ကြေးတွေပေးမယ်။”

"အိုး?" ယန်ယဲ့က ပီပီပြင်ပြင်ပြုံးလိုက်ကာ
မျက်ခုံးပင့်လာသည်။ "ဆိုစမ်းပါဦး! ဘယ်လိုလျော်ကြေးလဲ?"

လင်းဖုန်း နှင့်
သူ့နောက်ရှိလူငယ်များကယန်ယဲ့၏စိတ်ဝင်စားနေသည်ကိုသတိပြုမိ
ကာ ဝမ်းသာနေသောအမူအရာများပေါ်လာခဲ့ကြသည်။

လင်းဖုန်းက "အလယ်အလတ်အဆင့်အဆောင် ၁၀ ခု နဲ့
စွမ်းအင်ကျောက်တုံး ၁,၀၀၀.... အဆင်ပြေရဲ့လား?"

လင်းဖုန်း၏ စကားသံကြောင့် နောက်ကွယ်ရှိလူငယ်အုပ်စုက
ချက်ခြင်းစိတ်ပျက်သွားဟန်များပေါ်လာကြသည်။

စွမ်းအင်ကျောက်တုံး ၁၀၀၀ ဟူသောပမာဏသည်
သူတို့အားလုံးစုပေါင်းထုတ်ယူနိုင်သောကြောင့်
ကြီးကြီးမားမားကိစ္စမဟုတ်ပေ။သို့သော်
အလယ်အလတ်အဆင့်အဆောင် ၁၀ ခုက

သူတို့အားလုံးစုပေါင်းလိုက်လျှင်ပင်မတတ်နိုင်သောအရာများဖြစ်သည်။

နောက်ဆုံးတွင် သူတို့အားလုံးက မဟာဂိုဏ်းကြီးများ နှင့် မျိုးနွယ်စုအသီးသီးမှ တပည့်များဖြစ်ခဲ့သော်လည်း၊ အလယ်အလတ်အဆင့်အဆောင် ၁၀ ခုက အလွန်အဖိုးတန်လှသည်။

အလယ်အလတ်အဆင့်အဆောင် ၁၀ ခု ဟူသောစကားကိုကြားပြီးနောက်လူတိုင်း နာကျင်မှုကို ခံစားလိုက်ရသည်။

"ဘယ်လို! အလယ်အလတ်အဆင့်အဆောင် ၁၀ ခု နဲ့ စွမ်းအင်ကျောက်တုံး ၁၀၀၀......။ ချီး! ဒီလင်းဖုန်းက သူတောင်းစားတစ်ယောက်ကို လှူနေတာလား?" သို့သော်ယန်ယဲ့က မပြောသေးခင်မှာဘဲ လူငယ်တစ်ဦးက ရှေ့သို့လျှောက်လာကာ ကျိန်ဆဲသံကိုကြားလိုက်ရလေသည်။

"ယန်ယဲ့! ငါတို့အားလုံးက လူသားတွေဖြစ်လို့

အချင်းချင်းစည်းလုံးရမယ်။ တခြားသူတွေကို ကယ်တင်ဖို့ လျှော်ကြေးတောင်းတာ မရှက်ဘူးလား?”

“အတိအကျပဲ။ ငါတို့အားလုံးက လူသားတွေပါ။ ယန်ယဲ့…အခု ငါတို့ကိုကူညီရင် တစ်ချိန်ကျ မင်းကိုပြန်ပြီးကူညီပေးမယ်!”

"ဟားဟား! အစ်ကို ယန်၊ ဒီမှာ ကိစ္စတွေပြီးတာနဲ့ ငါတို့ ရှေးဟောင်းဒိုမိန်းမြို့ရဲ့"ထာဝရ အိပ်မက်"စားသောက်ဆိုင်မှာ မမူးမချင်း သောက်ကြရအောင်။ အဆင်ပြေလား?"

“ဟီးဟီး……၊ ဒီလိုဆို ပြေလည်သွားပြီထင်တယ်။ ဒီနတ်မျိုးနွယ်ရဲ့ အမှိုက်တွေကိုကိုင်တွယ်ဖြေရှင်းပြီးတာနဲ့ မူးပြီးလဲကျတဲ့အထိ အဝသောက်ပစ်လိုက်မယ်။ ဟားဟား!"

လူသားကျွမ်းကျင်သူအုပ်စုထံမှထွက်ပေါ်လာသော စကားသံကြောင့်
နတ်ဆိုးမျိုးနွယ်၏ လူငယ်များက
သိသိသာသာတုန်လှုပ်သွားကြသည်။

အစောပိုင်းက ဤလူသားများသည် ၎င်းတို့ရှေ့တွင်
အလွန်ကြောက်လန့်နေခဲ့ကြ၏။

သို့သော် အခုအချိန်တွင် လူသားများသည် နတ်ဆိုးနယ်မြေမှ
၎င်းတို့အားလုံးကို
ကျိန်းသေပေါက်သတ်ဖြတ်ပစ်နိုင်သကဲ့သို့အလွန်ပျော်ရွှင်စွာ
အော်ဟစ်နေကြသည်။

အကယ်၍ ဘေးနားတွင် ရပ်နေသော ယန်ယွဲ့ကိုသာ
သတိထားမနေပါက
အခုအချိန်တွင်ထိုလူသားကျွမ်းကျင်သူများကိုတိုက်ခိုက်နေပြီးဖြစ်လိမ့်မည်။

ရှောင်ယုရှီလည်း ယန်ယဲ့ နှင့်
လူသားကျွမ်းကျင်သူအုပ်စုကိုကြည့်လိုက်ပြီးနောက်
ဘာမှပြောချင်ပုံမရပေ၊ ခပ်ဆိတ်ဆိတ်သာနေလိုက်သည်။
သူမက ဘာမှပြန်မပြောသော်လည်း၊ မျက်လုံးထဲတွင်
အထင်အမြင်သေးမှုများသိသိသာသာထွက်ပေါ်လာ၏။

ယန်ယဲ့သည်ပင် စကားမပြောနိုင်လောက်အောင် စွံ့အနေပေသည်။

လူသားမျိုးနွယ်ကြားတွင် ထိုကဲ့သို့အရှက်ကင်းမဲ့သောလူများ
အများအပြားရှိနေမည်ဟုသူ မမျှော်လင့်ထားပေ။
"ဒီကောင်တွေက ငါ့ကို အရူးတစ်ယောက်လို့ထင်နေတာလား?
ဒါမှမဟုတ် သူတို့ကိုယ်တိုင်က လူမိုက်တွေလား?

ခဏအကြာတွင် ယန်ယဲ့က ရှောင်ယုရှီကိုကြည့်ကာ
ပြောလိုက်၏။"သွားရအောင်! ဒီမှာ ငါတို့လုပ်စရာ ဘာမှမရှိဘူး။"

သူ့စိတ်ထဲတွင် ဒီလူငယ်ကျွမ်းကျင်သူအုပ်စုကို
နတ်ဆိုးမျိုးနွယ်ဝင်များနှင့်အပြင်းအထန်တိုက်ခိုက်ရင်း
သေဆုံးသွားစေလိုသည်။

ရှေးဟောင်းဒိုမိန်းမြို့မှ အဖြစ်အပျက်များကြောင့်
၎င်းတို့အပေါ်အထင်အမြင်ကောင်းများရှိမနေခဲ့ပေ။

ယန်ယွဲ့ နှင့် ရှောင်ယူ့ရှီတို့ ဒီအတိုင်းထွက်ခွာသွားသည်ကို
မြင်သောအခါ လင်းဖုန်း၏ မျက်လုံးထဲတွင်
မှုန်ကုပ်ကုပ်အမူအရာပေါ်လာခဲ့သည်။ ထို့နောက်
နတ်ဆိုးမျိုးနွယ်ဝင်များကို စူးစိုက်ကြည့်ကာ "ငါတို့အဖွဲ့နှစ်ဖွဲ့လုံး
ဒဏ်ရာရသွားတဲ့အထိ
တိုက်ခိုက်မှာကိုစောင့်နေတယ်ဆိုတာသိသာတယ်။
အဲ့ဒီအချိန်ရောက်တာနဲ့ ဒီဝိညာဉ်လုံးတွေကို ယန်ယွဲ့က သေချာပေါက်
သိမ်းယူလိမ့်မယ်။

ဒီလိုဆိုမှတော့ ငါတို့အချင်းချင်း မတိုက်ခင် အကျိုးတူပူးပေါင်းပြီး
သူ့ကိုသတ်ရအောင်။

မင်းတို့ဘယ်လိုထင်လဲ?"

လင်းဖုန်း၏ ကောက်ကျစ်သောစကားက နတ်ဆိုးမျိုးနွယ်ဝင်များကို ချက်ချင်းဆွဲဆောင်သွားစေသည်။

သူတို့က လက်ရှိလူသားကျွမ်းကျင်သူအုပ်စုထက်စာရင် ယန်ယွဲ့ကိုသာကြောက်ရွံ့ကြသည်။

အကယ်၍ ယန်ယွဲ့သာ သူတို့အဖွဲ့နှစ်ဖွဲ့လုံး အပြင်းအထန်ဒဏ်ရာရသည့်ထိတိုက်ခိုက်ပြီးနောက်မှ ပြန်ရောက်လာခဲ့လျှင် သူတို့အားလုံးတစ်ယောက်မကျန်သေဆုံးသွားပါလိမ့်မည်။

ဒီဖြစ်နိုင်ချေကို တွေးမိလိုက်တဲ့အခါ နတ်ဆိုးမျိုးနွယ်ဝင် လူငယ်များ၏ အဖွဲ့ခေါင်းဆောင် လူငယ်က ခေါင်းညိတ်သည် "ကောင်းပြီလေ၊ ဒီလိုဆိုလည်း စလိုက်ကြတာပေါ့။"

ထိုအချိန်တွင် ယန်ယွဲ့သည် ရှေ့ဆက်သွားနေရာမှရပ်ပြီး နောက်ပြန်လှည့်ကြည့်လိုက်သည်။

သူက အဖွဲ့နှစ်ဖွဲ့ကို စုပေါင်းထားသည့် နတ်ဆိုးနယ်မြေမှ လူငယ်များနှင့် လူသားများကျွမ်းကျင်သူများကို စိုက်ကြည့်ကာ ပြောလိုက်သည်။ “ငါ ယန်ယဲ့က တကယ်ကံမကောင်းဘူးလို့ ပြောရလိုဖြစ်နေပြီ။ လက်ကို ချေးငှားတာက ငါ့ကို ဒုက္ခဖြစ်စေတယ်၊ ဒါပေမယ့် လက်ကိုမချေးငှားပြန်ရင်လည်း ဒုက္ခဖြစ်စေတယ်။ ဟူး….. မင်းတို့ အမှိုက်ကောင်တွေ! ငါယန်ယဲ့ကိုအနိုင်ကျင့်နိုင်တယ်လို့များထင်နေသလား?"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် ယန်ယဲ့၏ပုံရိပ်က ချက်ချင်းဆိုသလိုပင် ပျောက်ကွယ်သွား၏။ ထို့နောက် ဓားကိုလျှပ်တစ်ပြက်ဆွဲထုတ်ရင်း လင်းဖုန်း၏ရှေ့သို့ ချက်ချင်းရောက်ရှိလာတော့သည်။

ယန်ယဲ့က ရုတ်တရက် တိုက်ခိုက်လိုက်သည်ကိုမြင်တဲ့အခါ ပတ်ဝန်းကျင်ရှိလူတိုင်း
အံ့အားသင့်သွားကြသည်။

ရှင်းရှင်းပြောရလျှင် လူအင်အားအများကြီးနှင့်ရင်ဆိုင်နေရသည့်တိုင် ယန်ယဲ့က သူတို့ကို
အရင်ဦးဆုံးတိုက်ခိုက်ဝံ့လိမ့်မည်ဟုမထင်ထားကြပုံပင်။

ယန်ယဲ့က သူ့ရှေ့သို့ရောက်လာကြောင်းမြင်လိုက်ရသောအခါ
လင်းဖုန်း၏မျက်နှာက ထိတ်လန့်မှုကြောင့် ဖြူရော်သွားခဲ့သည်။

ယန်ယဲ့၏ အရှိန်သည် အမှန်တကယ်ပင် မြန်ဆန်လွန်းသောကြောင့် သူ့ရှေ့သို့
ဘယ်လိုရောက်လာသည်ကိုပင်သတိမပြုမိလိုက်သောကြောင့်ပါ။

လင်းဖုန်းက နောက်ပြန်လှည့်ကာ ထွက်ပြေးရန်ပြင်လိုက်ပါသည်။

သို့သော်ငြား၊ ရုတ်တရက် သူ့လည်ပင်းကနေ အေးစက်သွားသလို ခံစားလိုက်ရသည်။ တစ်ချိန်တည်းမှာပဲ သွေးများ
ဖြန်းခနဲစီးကျနေသော ခေါင်းပြတ်တစ်ခုက
ကောင်းကင်ကိုပျံတက်သွားပါတော့သည်။

ထို့နောက် ယန်ယဲ့က တုံ့ဆိုင်းမနေဘဲ၊ အဆင့် ၅ ဓားစိတ်ဆန္ဒကို
ထုတ်ဖော်ကာ ကျန်လူအုပ်စုကို အဆက်မပြတ်
ပိုင်းချလိုက်လေသည်။

သူတို့ကို သတ်ပစ်ရန် ကြံစည်လိုက်ကတည်းက ထိုလူအားလုံးကို
တစ်ယောက်မကျန်သတ်ပစ်ရုံသာရှိတော့သည်။

သူရည်ရွယ်ထားသည့်အတိုင်းပင်၊
အသက်ရှူတစ်ရှိုက်စာအတွင်းမှာပဲ ကျန်လူအားလုံး
တစ်ယောက်မကျန်သေဆုံးသွားခဲ့ပြီဖြစ်သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၂၄ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၂၄)] –တစ်စုံတစ်ယောက်အကြောင်း မေးမြန်းခြင်း။

....

....

ပတ်ဝန်းကျင်ရှိ လူတိုင်း အံ့သြသွားကြသည်။"သူက ဘာလုပ်ဖို့ကြိုးစားနေတာလဲ?

လူသားအားလုံးရဲ့ဘုံရန်သူဖြစ်လာမှာကို မကြောက်ဘူးလား?"

သို့သော် ယန်ယဲ့၏ ဓားက အဆက်မပြန်တုန်ခါနေသောကြောင့် လူတိုင်းဆက်တွေးနေရန်အချိန်မရှိတော့ပေ။

အသက်ရှူတစ်ရှိုက်စာအတွင်းမှာပဲ လူသားကျွမ်းကျင်သူ ၃၀ ကျော်၏ ခေါင်းပြတ်များက လေထုထဲတွင်ပျံ့တက်သွားကြသည်။

ယန်ယဲ့၏ ဓားတစ်ချက်တည်းဖြင့် လူသားကျွမ်းကျင်သူ အယောက် ၃၀ ကျော်အသတ်ခံလိုက်ရပြီးနောက် လူသားကျွမ်းကျင်သူများအားလုံး သတိပြန်ဝင်လာကြသည်။ ထို့နောက်ပတ်ဝန်းကျင်ဆီသို့လူခွဲကာကမန်းကတန်း ထွက်ပြေးကြသည်။

ယန်ယဲ့သည် အခုအချိန်တွင် သေမင်းနတ်ဘုရားတစ်ပါးအလားဖြစ်နေသလို၊ တစ်ယောက်မကျန်သတ်ဖြတ်နေသောကြောင့် လူတိုင်း ပူးပေါင်းပြီးတိုက်ခိုက်ရန်ဟူသောအတွေးများပင် ပျောက်ကွယ်သွား၏။

တစ်ဖက်တွင် နတ်ဆိုးမျိုးနွယ်မှလူငယ်များသည်လည်း သူတို့ရှေ့မှမြင်ကွင်းကြောင့် ငေးကြောင်ကြည့်နေမိကြသည်။

လူသားကျွမ်းကျင်သူများကို ရက်စက်ကြမ်းကြုတ်စွာသတ်ဖြတ်နေသော ယန်ယဲ့ကိုကြည့်နေရင်း

နတ်ဆိုးမျိုးနွယ်ဝင်များ၏မျက်နှာထက်တွင်
ကြောက်ရွံ့ထိတ်လန့်သော အမူအရာများ ပေါ်လာခဲ့သည်။

ယန်ယဲ့၏ ရက်စက်ကြမ်းကြုတ်မှု နှင့် ကြောက်မက်ဖွယ် စွမ်းအားက
၎င်းတို့ကို
အလွန်အမင်းကြောက်ရွံ့သွားစေကြောင်းသိသာနေပေသည်။

ရှောင်ယုရှီက ယန်ယဲ့ကို လေးလေးနက်နက်
တစ်ချက်ကြည့်လိုက်သည်။

နောက်ဆုံးတွင် သူမက သူ၏စရိုက်ကို
အနည်းငယ်နားလည်သွားပြီဖြစ်သည်။

သူမရှေ့မှ လူငယ်ဟာ ဘယ်သောအခါမှ အလျှော့မပေးဘဲ
ပြတ်ပြတ်သားသား လုပ်ဆောင်တတ်ကြောင်း
သဘောပေါက်လိုက်သောကြောင့်ပင်။

ယန်ယဲ့သည် ထွက်ပြေးနေသောလူသားကျွမ်းကျင်သူများကို ကြည့်နေရင်း နတ်ဆိုးမျိုးနွယ်၏လူငယ်များကို စိုက်ကြည့်နေလိုက်သည်။

ထိုအချိန်မှာပဲ။

"ယန်ယဲ့ မင်း....မင်းတော့သေသွားပြီ။ မင်းသေပြီ။ မင်းက လူသားအားလုံးရဲ့ဘုံရန်သူ ဖြစ်လာလိမ့်မယ်။ မင်းသေပြီ!"

“အား! ငါ့ရဲ့ဂိုဏ်းက မင်းကို ငါ့အတွက် လက်စားချေလိမ့်မယ်။ မင်းစောင့်နေလိုက်ယန်ယဲ့! မင်းစောင့်နေလိုက်။ မင်းအတွက် သေတာထက် ပိုဆိုးအောင် လုပ်ပေးလိမ့်မယ်...”

"ယန်ယဲ့! ဒီအတွက် မင်းကို အဆတစ်ရာလောက် ငါ ပြန်ဆပ်မယ်!"

ယန်ယဲ့က ဘာမှပြန်မပြောဘဲ၊
ထွက်ပြေးနေသောလူငယ်များကိုကြည့်ရင်း အထင်အမြင်သေးစွာ ပြုံးလိုက်ပါသည်။

အကယ်၍ သူသည် နဝမငရဲအေးမီးတောက်ကို ရှာဖွေရန်သာရည်ရွယ်မထားပါက ဒီလူသားကျွမ်းကျင်သူများကိုတစ်ယောက်မကျန်လိုက်လံသတ်ဖြတ်ပစ်မည်ဖြစ်သည်။

အချိန်တော်တော်ကြာပြီးနောက် နတ်ဆိုးမျိုးနွယ်၏ လူငယ်များကိုလှည့်ကြည့်လိုက်ရင်းလက်ထဲမှဓားကိုဖြည်းညှင်းစွာချလိုက်ကာ သူ့မျက်လုံးထဲတွင် အေးစက်သောအလင်းတန်းတစ်ခု တောက်ပလာသည်။

ဤအခိုက်အတန့်တွင် နတ်ဆိုးမျိုးနွယ်၏ လူငယ်ခေါင်းဆောင်က လက်ချောင်းများကို အနည်းငယ်လှုပ်လိုက်ရင်း ယန်ယဲ့၏ရှေ့ကိုလျှောက်လာခဲ့သည်။

လူငယ်၏ သိုလှောင်လက်စွပ်ထဲမှ

အစိမ်းရောင်ဝိညာဉ်အလင်းလုံး ၅၀ ခန့် ပျံသန်းထွက်လာပြီး ယန်ယွဲ့၏လက်ဝါးပေါ်သို့ရောက်ရှိလာသည်။

ထို့နောက် ခေါင်းဆောင်လူငယ် နှင့် နတ်ဆိုးမျိုးနွယ်၏ အခြားလူငယ်အားလုံးသည် ယန်ယွဲ့ကို ချက်ချင်း စိုက်ကြည့်လိုက်ကြသည်။

ဒီအချိန်တွင် သူတို့၏မျက်လုံးထဲ၌ ကြောက်ရွံ့ထိတ်လန့်ခြင်းများရှိမနေဘဲ၊ သိလိုစိတ်များသာ ရှိတော့သည်။

သူတို့က ဝိညာဉ်အလင်းလုံးများကို ပေးအပ်လိုက်သောကြောင့် ယန်ယွဲ့သာ ဆက်လက်

သတ်ပစ်ရန် ရည်ရွယ်နေပါက အားလုံးပူးပေါင်းကာ သေခြင်း၊ရှင်ခြင်းတိုက်ခိုက်ရပါလိမ့်မည်။

ယန်ယဲ့သည် အရောင်တဖျပ်ဖျပ်တောက်ပနေသည့်
အစိမ်းရောင်ဝိညာဉ်အလင်းလုံးများကို ငုံ့ကြည့်ကာ
နတ်ဆိုးမျိုး၏လူငယ်များကို ကြည့်လိုက်လေသည်။
အချိန်ခဏကြာပြီးနောက်ဟင်းခနဲ သက်ပြင်းချလိုက်ကာ
အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။ "ထွက်သွား!"

ယန်ယဲ့၏ အဆုံးအဖြတ်စကားသံကိုကြားလိုက်မှသာ
နတ်ဆိုးမျိုးနွယ်၏လူငယ်အားလုံး သက်ပြင်းချလိုက်ကြသည်။

လက်ရှိအခြေအနေတွင် သူတို့က
အရေအတွက်အသာစီးရနေသော်လည်း၊ ယန်ယဲ့ နှင့်
ရင်ဆိုင်ရချိန်တွင် သူတို့၏တိုက်ခိုက်နိုင်စွမ်းကို မယုံကြည်ခဲ့ပေ။

ထို့အပြင် လက်ရှိ ယန်ယဲ့က အဆင့် ၅ ဓားစိတ်ဆန္ဒကို
နားလည်ထားပြီး
ပျံသန်းနေသောအမှောင်မှော်သားရဲတစ်ကောင်ကိုပါပိုင်ဆိုင်ထား၏။

အချိန်အနည်းငယ်ကြာပြီးနောက်တွင် ယန်ယဲ့က
နတ်ဆိုးမျိုးနွယ်ဝင်များ ထွက်ခွာသွားသည်ကိုကြည့်ရင်း
ရေရွတ်လိုက်ပါတော့သည်။

"သနားစရာပဲ!"

တကယ်တမ်းတွင် သူသည် နတ်ဆိုးမျိုးနွယ်မှ လူငယ်များကို
တစ်ယောက်မကျန်သတ်ပစ်လိုခဲ့၏။

မှန်ပါသည်။ နတ်ဆိုးမျိုးနွယ်၏လူငယ်တိုင်းလိုလိုက
အဖိုးတန်အရင်းအမြစ်များစွာကိုပိုင်ဆိုင်ထားသောကြောင့်ပါ။

သို့သော် အစောပိုင်းက
ထိုလူငယ်များ၏မျက်လုံးထဲမှအမူအရာကိုမြင်တွေ့ပြီးသူတို့အားလုံး
သတ်ပစ်လိုပါက တန်ကြေးတစ်ခုပေးဆပ်ရမည်ဖြစ်ကြောင်း
သူနားလည်လိုက်သည်။

ထို့ကြောင့် ယန်ယဲ့က နတ်ဆိုးမျိုးနွယ်၏
လူငယ်များထွက်ခွာသွားသည်ကိုကြည့်နေရုံသာတတ်နိုင်ခဲ့သည်။

ထိုအတောအတွင်း တစ်ချိန်လုံး နှုတ်ဆိတ်နေခဲ့သော ရှောင်ယုရှီကရုတ်တရုတ်ပြောလာခဲ့သည်။ "ဒီလိုလုပ်တာက နင့်တွက်မရေမတွက်နိုင်တဲ့ ရန်သူတွေကို ဖန်တီးလိမ့်မယ်။"

ယန်ယဲ့က ပြုံးပြပြီး သူသတ်ပစ်ခဲ့သောလူသားကျွမ်းကျင်သူများ၏ သိုလှောင်လက်စွပ်များကို လိုက်လံစုဆောင်းလိုက်ပါသည်။

သူက “ကိစ္စမရှိပါဘူး၊ ငါက တောင်ပိုင်းနယ်မြေရဲ့လူငယ်မျိုးဆက်ရဲ့ ဘုံရန်သူဖြစ်ခဲ့တာမို့ နောက်ထပ် နယ်မြေနည်းနည်းလောက် ထပ်ထည့်တာက သိပ်တော့မဆိုးဘူးထင်တယ်လေ။”

ရှောင်ယုရှီက အချိန်တော်တော်ကြာထိ

လေးလေးနက်နက်စဉ်းစားနေပြီးနောက်၊ ယန်ယဲ့ကို

စိုက်ကြည့်လိုက်သည်။

"ဓားအင်ပါယာက နင်ဖြစ်လာဖို့ မဖြစ်နိုင်ဘူးလို့ ငါထင်တယ်၊ ဘာလို့လဲဆိုတော့ ဓားအင်ပါယာက လူတိုင်းရဲ့ဘုံရန်သူ ဖြစ်လာမှာ မဟုတ်ဘူးလေ!"

"အိုး! ဒါက ကိစ္စမရှိပါဘူး!" ယန်ယဲ့က ပြောလိုက်၏။ “ငါ့အတွက် ဓားအင်ပါယာဖြစ်လာဖို့ ဘယ်တုန်းကမှ မတွေးဖူးဘူး။ အဲဒီရာထူးအဆင့်အတန်းကို လိုချင်တဲ့သူက ယူနိုင်တယ်!”

ရှောင်ယုရှီက ယန်ယဲ့ကို ငုံ့ကြည့်ပြီးနောက် ချက်ချင်း တိတ်ဆိတ်သွား၏။

ထိုအချိန်တွင် ယန်ယဲ့သည် လူသားကျွမ်းကျင်သူများ၏ သိုလှောင်လက်စွပ်များကိုကြည့်လိုက်ရာ၊ အတွင်းပိုင်းရှိအရာများကိုမြင်တွေ့ပြီးနောက် ချက်ချင်း ဒေါသထွက်သွားခဲ့သည်။

"စွမ်းအင်ကျောက်တုံး ၁၀,၀၀၀ ကျော်၊ အဆင့်မြင့်အဆောင် ၄ ခု ၊ ရာနဲ့ချီတဲ့ အလယ်အလတ်ဆင့်အဆောင်တွေ! "

ထိုအချက်ကြောင့် အစောပိုင်းက သူ့ကိုဖိတ်ခေါ် ခဲ့သော လျော်ကြေးပမာဏက သူတောင်းစားတစ်ဦးကို အလှူလုပ်သလိုသာဖြစ်သည်။

ထို့အပြင် အဆုံး၌ လူသားကျွမ်းကျင်သူများက ထိုသို့ပြုရန်ပင် ဆန္ဒမရှိခဲ့ကြပေ။

"ဟူး......၊ ကံကောင်းစွာပဲ၊ ဒီလူမိုက်တွေကို ငါလက်မငှားခဲ့ဘူး။ မဟုတ်ရင် ငါက တကယ့်ကိုလူမိုက်ဖြစ်သွားလိမ့်မယ်။"

ယန်ယဲ့က ခေါင်းယမ်းပြီးနောက် သူ့အကြည့်များက ဆန်းကြယ်သော ဒူ နှင့် မိုကလန်မောင်နှမနှစ်ဦး၏ သိုလှောင်လက်စွပ်များပေါ်သို့ ရောက်လာသည်။

"ဘာ.....၊ ဒါ...ဒါတွေက.... စွမ်းအင်ကျောက်တုံး ၃၀,၀၀၀ ကျော် နဲ့ အထွတ်အထိပ်စွမ်းအင်ကျောက်တုံး ၁ လုံး လား? ဒါတွေအပြင်ကိုမှ အဆင့်မြင့်မြေကမ္ဘာအဆင့် နည်းစနစ်တစ်ခုလား? ဒီနည်းစနစ်က

အစောပိုင်းက ဟိုမိန်းမပျိုအသုံးပြုသွားတဲ့
ကောင်းကင်ဘုံနတ်ဆိုးအကဆိုတာပေါ့။"

"ကောင်ကင်ဘုံနတ်ဆိုးအက"သည် သူ့အတွက်
အသုံးမဝင်သော်လည်း လေလံပွဲများတွင် ပြ
န်ပြီးရောင်းချနိုင်ပါသည်။

အဆင့်မြင့်မြေကမ္ဘာအဆင့်နည်းစနစ်တစ်ခုကို မရေမတွက်နိုင်သော
စွမ်းအင်ကျောက်တုံး ပမာဏဖြင့် လဲလှယ်နိုင်၏။

ထို့အပြင် သိုလှောင်လက်စွပ်ထဲ၌ အဆင့်နိမ့်မြေကမ္ဘာအဆင့်
နည်းစနစ်များလည်းရှိနေသေးသည်။

ယန်ယွဲ့သည် ဓားနည်းစနစ်ကိုသာ စိတ်ဝင်စားသောကြောင့်
ထိုနည်းစနစ်များကို စိတ်မဝင်စားခဲ့ပေ။

ယန်ယဲ့က သိုလှောင်လက်စွပ်နှစ်ခုကို ဖယ်ထုတ်ပြီးနောက် ဆန်းကြယ်သော ဒူ၏ သိုလှောင်လက်စွပ်ကို စစ်ဆေးကြည့်လိုက်သည်။

သူ၏အသိတ်စိတ်အာရုံက ထိုလူငယ်၏ သိုလှောင်လက်စွပ်ထဲသို့ ဝင်ရောက်သွားသောအခါ ပန်းရောင်အမှုန်အမွှားကြိုးများက ပျံ့လွင့်လာပြီး သူ့ခန္ဓာကိုယ်ထဲသို့ ချက်ချင်းစီးဝင်လာသည်ကို သတိပြုမိလိုက်သည်။

ထိုအဖြစ်အပျက်က ယန်ယဲ့ နှင့် ရှောင်ယုရှီ နှစ်ဦးလုံး၏ အမူအရာကို ပြောင်းလဲသွားစေသည်။

ရုတ်တရက် ယန်ယဲ့၏ အမူအရာက သိသိသာသာ ပြောင်းလဲသွားကာ တစ်ကိုယ်လုံး မီးလောင်ကျွမ်းသွားသလို ခံစားလိုက်ရလေသည်။

သူ့ရင်ထဲတွင် ပူလောင်ပြင်းပြသောစိတ်ခံစားချက်တစ်ခု ထွက်ပေါ်လာ၏။ အထူးသဖြင့် သူ့ဝမ်းဗိုက်အောက်ပိုင်းတွင် မီးတောက်လောင်နေသလို ခံစားနေခြင်းပါ။

"ဒီလို ခံစားချက်မျိုးက ငါနဲ့ အတော်လေး
ရင်းနှီးနေသလိုပဲ...။ မဟာတောင်တန်းတွေ၊ စုချင်းရှီ..."

ဤအဖြစ်အပျက်ကို တွေးမိလိုက်သောအခါ
သူ၏သတိပေါ့လျော့မှုကြောင့် ကျိန်ဆဲလိုက်မိသည်။

ထို့နောက် ဆန်းကြယ်ရွှေချီစွမ်းအင်ကိုအသုံးပြုရန်ဆုံးဖြတ်လိုက်ပြီး
သူ့ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်ကို အလျင်အမြန်
ဖြန့်ကျက်လိုက်သည်။

သို့သော်၊ အခုအချိန်တွင် သူ၏ မူလဒန်တျန်ထဲရှိ ကျန်ရှိနေသေးသော
ဆန်းကြယ်ရွှေချီစွမ်းအင်များက ဆန်းကြယ်ရွှေချီကန်အတွင်းသို့
စုပ်ယူခံလိုက်ရသည်။

ဘာ။ ယန်ယွဲ့က အလွန် အံ့အားသင့်သွားပြီးနောက်
အကြီးအကျယ်တုန်လှုပ်သွားပါတော့ သည်။ "ဘောပဲ!
ဒီချီးထုပ်ကန်က ဘာလုပ်နေတာလဲ?"

ယန်ယဲ့က

သူ့ခန္ဓာကိုယ်တစ်ခုလုံးပို၍ပူလောင်လာသည်ကိုသတိပြုမိသောအခါ

အနည်းငယ်စိုးရိမ်သွားပြီး စွမ်းအင်ကျောက်တုံးအချို့ကို

အမြန်ထုတ်ကာ ကမန်းကတန်းစုပ်ယူလိုက်လေသည်။

စွမ်းအင်ကျောက်တုံးများက

ဆန်းကြယ်ချီစွမ်းအင်များအဖြစ်ပြောင်းလဲသွားပြီးနောက်ယန်ယဲ့က

အတော်လေး ဝမ်းသာသွား၏။

သို့သော်လည်း အပြုံးတစ်ခုက သူ့မျက်နှာတစ်ခုလုံးကို

ဖုံးလွှမ်းမသွားခင်မှာပင် ဆန်းကြယ်ချီစွမ်းအင်များအားလုံး

ဆန်းကြယ်ရွှေချီကန်မှ ပိတ်ဆို့လိုက်ပြန်သည်။

"သေစမ်းဟ! -ိုးမကန်။" ယန်ယဲ့၏မျက်နှာက

ချက်ချင်းမည်းမှောင်သွားကာ

အဆက်မပြတ်ကျိန်ဆဲလိုက်ပါတော့သည်။

သို့သော် ထိုအချိန်တွင်။

"အား!" ဆန်းကြယ်ရွှေချီကန်က သူ့ကို ရုတ်တရက် တိုက်ခိုက်လာကြောင်းသတိပြုမိပြီးနောက် ယန်ယဲ့က ကျယ်လောင်စွာ အော်ဟစ်လိုက်ရသည်။

သို့သော်၊ သူ့ခန္ဓာကိုယ်ပေါ် ရှိဝတ်ရုံရှည်ကအပူရှိန်ကြောင့်လောင်ကျွမ်းသွားသည်ဖြစ်ရာနာကျင်မှုက အဆုံးသတ်ဟုတ်ပုံမရပေ။

ကံကောင်းစွာဖြင့် သူ၏ရုပ်ခန္ဓာခွန်အားကအလွန်သန်မာနေသောကြောင့်သာမန်မီးတောက်များကို ကြောက်ရွံ့နေစရာမလိုခဲ့ချေ။

ဆန်းကြယ်ရွှေချီကန်သည် ယန်ယဲ့ကို သင်ခန်းစာတစ်ခုသင်ပေးရန် ရည်ရွယ်ထားပုံရပြီး ပထမတိုက်ခိုက်မှုစတင်ပြီးနောက် ရပ်တန့်သွားကာ ဆက်မလုပ်တော့ပေ။

သို့သော်လည်း ယန်ယဲ့၏ ဆန်းကြယ်ရှေချီစွမ်းအင်များကို အကုန်အစင်စုပ်ယူသွားကာဘာတစ်ခုမှပင် မကျန်ခဲ့ပေ။

ယန်ယဲ့၏ မျက်လုံးများသည် တဖြည်းဖြည်း နီရဲလာကာ အသိစိတ်များပင် တဖြည်းဖြည်း မှုန်ဝါးလာခဲ့ပါသည်။

သူ၏အသွင်ပြင်က ရိုင်းစိုင်းကြမ်းတမ်းသော သားရဲတစ်ကောင် ဖြစ်သွားသလိုပင်။

ရုတ်တရက် ယန်ယဲ့သည် ရှောင်ယုရှီကိုစိုက်ကြည့်ရင်း မျက်လုံး ထဲတွင် တပ်မက်သောစိတ်ဆန္ဒများ တောက်ပစွာထွက်ပေါ်လာခဲ့၏။

ယန်ယဲ့၏ အမူအရာကို မြင်လိုက်ရသောအခါ ရှောင်ယုရှီ၏ မျက်ခုံးများက ပို၍ပင် တင်းကျပ်သွားကာ သူမ၏လက်ထဲမှဆေးဘာကိုအလိုလို ဆုပ်ကိုင်လိုက်မိသည်။

"ထားခဲ့!" ယန်ယဲ့က ကျယ်လောင်သော အသံဖြင့် အော်ဟစ်လိုက်ပြီး ရုတ်တရက် မြေပြင်ကို လက်ဖဝါးဖြင့် ပုတ်ကာ ဘေးဖက်သို့ တဟုန်ထိုး ခုန်ထွက်သွားလေတော့၏။

ဒီအချိန်တွင် သူ၏အသိစိတ်သည် လုံးဝပျောက်ကွယ်မသွားသေးသော်ငြား၊ ဆက်၍ နေပါက သူ့ဆန္ဒကို ထိန်းထားနိုင်မည်မဟုတ်ကြောင်း နားလည်ထားသည်။

ထို့အပြင် ရှောင်ယူ့ရှီကို တိုက်ခိုက်ပါက သူသာ သေဆုံးသွားမည်ဖြစ်ကြောင်းကောင်းကောင်းကြီးသဘောပေါက်ထား၏။

တစ်ဖက်တွင် ရှောင်ယူ့ရှီသည် ယန်ယဲ့၏ သတိပေးသံကိုကြားသောအခါ ထိတ်လန့်သွားခဲ့သည်။

သို့သော် သူမ ထိတ်လန့်ရာမှ သတိပြန်ဝင်လာတဲ့အခါ ယန်ယဲ့ဟာ သူမရှေ့ကနေလုံးဝပျောက်ကွယ်သွားပြီကို မြင်လိုက်ရသည်။

သူမက ခဏအကြာတွင် သက်ပြင်းချလိုက်ပြီးနောက်
ယန်ယဲ့ပျောက်ကွယ်သွားသောလမ်းကြောင်းအတိုင်း
လိုက်ပါသွားခဲ့သည်။

......။

ရှေးဟောင်းဒိုမိန်းမြို့။

ဤအချိန်တွင် အစိမ်းရောင်ဝတ်မိန်းမပျိုတစ်ဦးက မြို့ရိုးပေါ်တွင်
ဂုဏ်ယူစွာရပ်နေခဲ့၏။မိန်းမပျိုက ခေါင်းယမ်းလိုက်ပြီး "ဒါက
ရှေးဟောင်းဒိုမိန်းမြို့လား။ ဒါနဲ့ ပတ်သက်ပြီး ဘာမှလည်း
ကြီးကြီးမားမား မရှိဘူး။ ငါ့အိမ်ထက်တောင် သေးငယ်နေသေး!"

အနီးမိန်းမပျိုက မြို့ထဲသို့ဝင်ခါနီးတွင် လူငယ်တစ်ဦးက
ချက်ခြင်းရပ်လိုက်ပြီး "မင်းအိမ်ထက်သေးငယ်နေတာလား?
ဘယ်လောက်တောင် မောက်မာလိုက်တဲ့
ခံစားချက်တွေလဲ?ကြည့်ရတာ မင်းက ဒီရောက်တာ

ပထမဆုံးအကြိမ်ထင်တယ်။ မိန်းကလေး! မင်းက အရမ်းလှနေလို့ သတိပေးလိုက်မယ်နော်။

ရှေးဟောင်းဒိုမိန်းမြို့က ဒေသကြီးအသီးသီးရဲ့ အထူးချွန်ဆုံးပါရမီရှင်တွေနဲ့ ပြည့်နေတယ်။ အကောင်းဆုံးကဒီနေရာမှာမင်းရဲ့အဆင့်အတန်းကိုနှိမ့်ချနေပါ။

မင်းစော်ကားဖို့ မတတ်နိုင်တဲ့သူတစ်ယောက်ကို မစော်ကားမိပါစေနဲ့။ ဒီလိုမှ မဟုတ်ရင် မင်းသဘောမပေါက်ခင်မှာ သေသွားလိမ့်မယ်!"

အစိမ်းရောင်ဝတ်မိန်းမပျိုက လူငယ်ကို လှည့်ကြည့်ကာ “ငါ နင့်ကို တစ်ယောက်ယောက်အကြောင်း မေးချင်သေးတယ်။ ယန်ယွဲ့လို့ခေါ်တဲ့ လူတစ်ယောက်အကြောင်း သိသလား?"

"ယန်ယွဲ့....၊ အဲ့ဒီယန်ယွဲ့လား?" လူငယ်က မျက်မှောင်ကြုတ်ကာ “ဘာလို့ သူ့ကိုရှာနေတာလဲ။ ဒီကောင်က မာနကြီးပေမဲ့ သူ့ရဲ့အစွမ်းက အရမ်းကြောက်စရာကောင်းတယ်။ နောက်ဆုံးတော့ သူ....”

လူငယ်၏စကားမဆုံးသေးခင်မှာပဲ အစိမ်းရောင်အလင်းတန်းတစ်ခု လင်းလက်သွားပြီးနောက် ထိုလူငယ်၏ရင်ဘတ်တွင် သွေးဒဏ်ရာအပေါက်တစ်ခု ပေါ်လာခဲ့သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၂၅ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၂၅)] – ငါ့ကို ဘယ်လို ကယ်တင်ခဲ့သလဲ။

"နင်ကတကယ်ပြောနေတာများလား!" အစိမ်းရောင်ဝတ်မိန်းမပျိုက ခေါင်းယမ်းပြီး ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

တစ်ခဏလေးအတွင်းမှာပဲ အစိမ်းရောင်ဓားအလင်းတန်းများက သူမခြေထောက်အောက်တွင်ထွက်ပေါ်လာပြီးနောက် ကောင်းကင်ထက်သို့ပျံတက်သွားပါတော့သည်။

အချိန်ခဏလေးအတွင်းမှာပဲ သူမက ရှေးဟောင်းဒိုမိန်းမြို့ကနေ ပျောက်ကွယ်သွား၏။

အစိမ်းရောင်ဝတ်မိန်းမပျို ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် အစောပိုင်းကမိန်းမပျိုရပ်နေသည့်နေရာတွင် ဆံပင်ဖြူအဘိုးအိုတစ်ဦး ရုတ်တရက် ပေါ်လာသည်။

ထာဝရနောင်တရနေသောအမူအရာများဖြင့်

သေဆုံးသွားသော လူငယ်ကို စိုက်ကြည့်ရင်းအဘိုးအို၏ မျက်လုံးထဲတွင် လေးနက်သော အမူအရာများ ဖျပ်ဖျပ်တောက်ပသွား၏။

"အဆင့် ၇ ဓားစိတ်ဆန္ဒ၊ လေစိတ်ဆန္ဒ၊ ဓားနှလုံးသားနယ်ပယ် နဲ့ အဆင့်မြင့်ဓားစိတ်ဆန္ဒပါလား? မိုကလန်ရဲ့အထူးချွန်ဆုံး ပါရမီရှင်က

မျှော်လင့်ထားတဲ့အတိုင်း။ ဟားဟားဟား.... ဒီနှစ်
ပုန်းကွယ်နေသောနဂါးအဆင့်ကပိုပြီးစိတ်ဝင်စားဖို့ကောင်းလာပြီ။”

......

မသိသောအချိန်တစ်ခုကြာပြီးနောက်၊ ယန်ယဲ့က သတိပြန်ရလာခဲ့၏။

သူ၏ခေါင်းတစ်ခုလုံး အလွန်လေးလံနေသည်ဟု ခံစားလိုက်ရသည်။
သူ့ခေါင်းထဲတွင် ကျောက်တုံးများပြည့်နေသကဲ့သို့ခံစားနေရ၏။

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့ကအင်အားအပြည့်ဖြင့်
ခေါင်းယမ်းလိုက်ပြီး မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်သည်။

သူ့မျက်လုံးရှေ့မှ မြင်ကွင်းက လုံးဝကို
မည်းမှောင်နေကြောင်းတွေ့လိုက်ရ၏။

အလင်းရောင်၏အရိပ်အယောင်ပင်မရှိဘဲ၊

ပတ်ဝန်းကျင်သည် သုသာန်တစ်စပြင်ကဲ့သို့

တိတ်ဆိတ်နေသည်။

ယန်ယွဲ့က ထူးထူးခြားခြားတိတ်ဆိတ်နေသောမြင်ကွင်းကြောင့် မျက်မှောင်ကြုတ်လိုက်မိသည်။

ချက်ချင်းပင် သူ့ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်ကို လှည့်ပတ်ရန်ကြိုးစားလိုက်သော်ငြား၊ သူ့ခန္ဓာကိုယ်အတွင်းပိုင်းက လုံးဝဗလာဖြစ်နေသည်ကို သတိပြုမိသွား၏။

ရုတ်စွအဆုံး လက်ကျန် ဆန်းကြယ်ချီစွမ်းအင်အငွေ့အသက်ကိုပင် အာရုံမခံမိတော့ပေ။

ထို့နောက် သူ သတိလစ်မသွားခင်မှာ ဖြစ်ပျက်ခဲ့သမျှအရာများကို ပြန်ပြီးစဉ်းစားနေရင်းနှင့် ခဏတာတိတ်ဆိတ်နေလိုက်၏။

အချိန်အတော်ကြာပြီးနောက် ယန်ယွဲ့သည် သူသတိမလစ်ခင် နောက်ဆုံးဖြစ်ပျက်ခဲ့သောအရာများကို တစ်ခုမကျန် မှတ်မိသွားပါသည်။

"ဒါဆိုရင် အတိအကျ, ဘယ်သူက ငါ့ကို ကယ်ခဲ့တာလဲ?" ယန်ယွဲ့က ရုတ်တရက် စိတ်ထဲကနေ ကျယ်လောင်စွာ ရေရွတ်လိုက်ပြီး အော်လိုက်ပါသည်။ "နတ်သမီးရှောင်! တကယ်ပဲ မင်းလား?"

သို့သော် အချိန်တော်တော်ကြာသည့်တိုင်
ပတ်ဝန်းကျင်က အပ်ကျသံပင်မကြားရလောက်အောင်
တိတ်ဆိတ်နေပါသည်။

တစ်စုံတစ်ခုကိုလေးလေးနက်နက် စဉ်းစားပြီးနောက် ယန်ယဲ့က
အားတင်းပြီး မတ်တပ်ထရပ်လိုက်သည်။

သို့သော်လည်း အခုအချိန်တွင် သူ့ခြေထောက်တွေကနေ
အားနည်းသော ခံစားချက်ကို ခံစားလိုက်ရသည်။

သူမတ်တပ်ရပ်ပြီးသိပ်မကြာခင်မှာပဲ မြေပြင်ပေါ်ကို ချက်ချင်း
ပြန်လဲကျသွား၏။

သူ့ခန္ဓာကိုယ်က မြေပြင်ကို ထိခါနီးအချိန်မှာပဲ
မွှေးရနံ့တစ်ခုပျံ့လွင့်လာပြီးနူးညံ့သောလက်တစ်စုံက
သူ့ခါးကိုဆုပ်ကိုင်လာကြောင်းသတိထားမိလိုက်ပါသည်။

ဘန်း!

ယန်ယွဲ့၏အမြင်အာရုံထဲတွင်
မီးတောက်လုမတတ်အလင်းရောင်တောက်ပလာသည်နှင့်တစ်ပြိုင်န
က် ဆေဘာအလင်းတန်းတစ်ခုကရုတ်ချည်းပင်
ပေါက်ကွဲထွက်လာတော့သည်။

ဒီအချိန်တွင် သူက လှိုဏ်ဂူတစ်ခုထဲတွင်ရှိနေပြီး၊ ရှောင်ယုရှီက
သူ့ခန္ဓာကိုယ်ကို ထောက်ပင့်ထားကြောင်းမြင်တွေ့လိုက်သည်။

"မင်းက ငါ့ကို ကယ်ခဲ့တဲ့သူလား?" ယန်ယွဲ့က တိတ်ဆိတ်နေမှုကို
ချိုးဖျက်လိုက်၏။

သို့သော် ရှောင်ယုရှီက ပြန်မဖြေသောကြောင့်ယန်ယွဲ့၏မျက်နှာက
အနည်းငယ်ရှက်ရွံ့ဟန်များပေါ်လာသည်။

ယန်ယွဲ့က သူမ၏အမူအရာကိုကြည့်ကာ
ဘာပြောရမှန်းပင် မသိဖြစ်သွားသည်။

"နင် အခုတုန်းက ဘာဖြစ်သွားတာလဲ?" ရှောင်ယုရှီက စကားလမ်းကြောင်းလွှဲလိုက်၏။

"ဟူး....၊ အခုအချိန်မှာ ငါက ပြဿနာတစ်ချို့နဲ့ ရင်ဆိုင်နေရတယ်၊ လောလောဆယ် ငရဲနတ်ဘုရားသင်္ချိုင်းကို သွားလို့မရတော့ဘူး!"

သူ၏ခန္ဓာကိုယ်ထဲတွင် ဆန်းကြယ်ချီစွမ်းအင်မရှိသည့်တိုင် တိုက်ခိုက်နိုင်သော်လည်း၊ရှေးဟောင်းစစ်မြေပြင်တွင် လုံး၀ သတိလက်လွတ်ဖြစ်လို့မရပေ။

ရှေးဟောင်းစစ်မြေပြင်တွင်အဆင့်မြင့်ပညာရှင်များ များပြားနေသောကြောင့်သတိတစ်ချက်လွတ်သွားပါကျိန်းသေလျှော သွားပါလိမ့်မည်။

ရှောင်ယုရှီက ပြောလိုက်သည်။ "ဒါက အဆင်ပြေတာပဲလေ။ ငရဲနတ်ဘုရားသင်္ချိုင်းကိုဖွင့်ဖို့က ၇ ရက်လောက်လိုပါသေးတယ်။”

သူမက စကားပြောနေရင်း ခဏရပ်လိုက်ကာယန်ယွဲ့ကို ကြည့်လိုက်သည်။ "နင်ဘာဖြစ်သွားတာလဲ။ နင့်ရဲ့ခန္ဓာကိုယ်ထဲမှာ ဆန်းကြယ်ချီစွမ်းအင်တွေ ဘာလို့မရှိတော့တာလဲ!”

ယန်ယွဲ့က အံ့အားသင့်နေသောအမူအရာဖြင့် ပြောလိုက်၏။ "အဲဒါကို မင်းဘယ်လိုသိတာလဲ?"

ထိုအချိန်တွင် ရှောင်ယုရှီ၏မျက်နှာက ရှက်ရွံ့မှုကြောင့် အနည်းငယ်နီမြန်းသွားပါသည်။

ရုတ်တရက် သူမ၏ခန္ဓာကိုယ်ကနေ ပြင်းထန်သော ဆေးဘာစိတ်ဆန္ဒများပျံ့လွင့်လာပြီးနောက် အေးစက်စက် အလင်းတန်းတစ်ခု လင်းလက်လာခဲ့သည်။

ဘန်း!

ဘေးဖက်ရှိ ကျောက်နံရံပေါ်တွင် ဆေးဘာအမှတ်အသားတစ်ခုကျန်နေခဲ့၏။

ရှောင်ယုရှီက သူမ၏ အကြည့်ကို အဝေးသို့ ရွှေ့လိုက်ကာ အေးစက်သော လေသံဖြင့်ပြောလိုက်သည်။ "ဒါကို ထပ်မမေးနဲ့!"

ယန်ယဲ့၏ ပါးစပ်ထောင့်များ တဆတ်ဆတ် လှုပ်ယမ်းသွားသည်။ ဒီမိန်းမမျိုးကတော့....

“နင့်ရဲ့ရုပ်ခန္ဓာခွန်အားက သန်မာပေမယ့် ဆန်းကြယ်ချီစွမ်းအင်မရှိတော့လို့ သိသိသာသာ လျော့ကျသွားတယ်။

သာမာန်အဆင့်နိမ့် ကျွမ်းကျင်သူနဲ့တွေ့ရင်တော့အဆင်ပြေလိမ့်မယ်။ ဒီလိုမှမဟုတ်ဘဲထိပ်တန်းကျွမ်းကျင်သူတစ်ယောက်နဲ့တွေ့ခဲ့ရင်တော့ နင်သေဖို့ အလားအလာ တော်တော်များတယ်။” ရှောင်ယုရှီက အေးစက်စက်အသံနှင့်ပြောလိုက်၏။

ယန်ယဲ့က ငြင်းဆန်ခြင်းမရှိပေ၊ ခေါင်းညိတ်ပြီး ပြောလိုက်သည်။ “ဒါကို ငါလည်း ကောင်းကောင်းကြီး နားလည်ပါတယ်။

ဒါကြောင့် အခုလောလောဆယ် ငရဲနတ်ဘုရားသခင်ရဲ့သင်္ချိုင်းကို သွားလို့မရတော့ဘူး။ ဒီပြဿနာကို အရင်ဆုံးဖြေရှင်းရမယ်။မင်းက တခြားလုပ်စရာတွေရှိရင် ထွက်သွားလို့ရတယ်။”

ရှောင်ယုရှီက ယန်ယွဲ့ကိုကြည့်လိုက်ပြီးနောက် လက်ကို ဝှေ့ယမ်းလိုက်သည်။

ယန်ယွဲ့၏ ရှေ့တွင် အစိမ်းရောင်ဝိညာဉ်အလင်းလုံး တစ်ဒါဇင်ခန့် ပေါ်လာခဲ့သည်။

ရှောင်ယုရှီက သူ့ကို ကြည့်ရင်း "ဒီစိတ်ဝိညာဉ်တွေကို စုပ်ယူလိုက်၊ အဲဒါတွေက နင့်ရဲ့စိတ်ဝိဉာဉ်နဲ့ ဓားစိတ်ဆန္ဒကိုအဆင့်မြှင့်တင်နိုင်တယ်!"

"ဘယ်လို! သူတို့က ဓားစိတ်ဆန္ဒ အတွက် အကျိုးရှိတာလား။" ယန်ယွဲ့က အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။ "ဒီစိတ်ဝိဉာဉ်တွေက ငါ့ရဲ့ဓားစိတ်ဆန္ဒကို အဆင့်မြှင့်တင်နိုင်တယ်လို့ မင်းပြောနေတာလား။"

"သူတို့ နင့်ရဲ့ ဓားစိတ်ဆန္ဒကို သန့်မာလာအောင် လုပ်နိုင်တယ်!" ရှောင်ယုရှီက တိုးညှင်းသောလေသံဖြင့် "နင့်ရဲ့ ဓားစိတ်ဆန္ဒ နဲ့ စိတ်အာရုံအသိကြားမှာ ချိတ်ဆက်မှုအဆင့်တစ်ခုရှိတယ်။

စိတ်ဝိညာဉ် အားကောင်းလေ၊ နင့်ရဲ့ ဓားစိတ်ဆန္ဒက ပိုပြီးတည်ငြိမ်လာလေလေပဲ။ ဒါ့အပြင် နင့်ရဲ့စိတ်ဝိညာဉ်ကပိုပြီးအားကောင်းလာတာနဲ့ နင့်ရဲ့စိတ်စွမ်းအားက ဓားတွေကိုထိန်းချုပ်တဲ့နေရာမှာ ပိုပြီးကျွမ်းကျင်လာနိုင်တယ်။

ငါ့ရဲ့ ဆေဘာစိတ်ဆန္ဒကို ထိန်းချုပ်တာ နင်မြင်ဖူးတယ်မဟုတ်လား?"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ ထိုနေ့က ရှောင်ယုရှီ၏ ဆေဘာစိတ်ဆန္ဒကို ပြန်တွေးမိသောအခါ သူ့နှလုံးသားထဲတွင် တည်ငြိမ်မနေတော့ပေ။

အခု နောက်ဆုံးတွင် သူ၏ ဓားစိတ်ဆန္ဒကို ပိုပြီးတည်ငြိမ်လာစေသောနည်းလမ်းကိုရှာတွေ့လိုက်သောကြောင့်ပါ
။

"သူတို့ကို စုပ်ယူလိုက်!" ထိုအချိန်တွင် ရှောင်ယုရှီက ယန်ယဲ့တွေဝေနေသည်ကိုသတိပြုမိပြီး သတိပေးလာခဲ့သည်။

ယန်ယဲ့က ခေါင်းညိတ်ပြလိုက်ကာ တွေဝေမနေတော့ဘဲ၊ အစိမ်းရောင်ဝိညာဉ်အလင်းလုံးများကို တိုက်ရိုက် မျိုချလိုက်သည်။

တစ်ခဏလေးအတွင်းမှာပဲ အစိမ်းရောင်ဝိညာဉ်အလင်းလုံးများက သူ့ခန္ဓာကိုယ်ထဲသို့ ချက်ချင်းဝင်ရောက်သွားကာ ထူးဆန်းသောစိတ်ခံစားချက်ကခန္ဓာကိုယ်တစ်ခုလုံးကို ပြန့်နှံ့သွားပါတော့သည်။

ခဏအကြာတွင် ယန်ယဲ့က သူမကို စိုက်ကြည့်ကာ "ဟီး! နောက်ထပ်ရှိသေးလား? ငါပိုပြီးလိုနေသေးတယ်!"

ရှောင်ယုရှီ၏ မျက်လုံးထောင့်များကအနည်းငယ် လှုပ်ယမ်းသွားပြီး ပြတ်ပြတ်သားသား ပြောလိုက်သည်။ "ငါ့မှာ တစ်ခုမှ မကျန်တော့ဘူး!"

ယန်ယဲ့က အနည်းငယ် ရှက်ရွံ့စွာ ပြုံးလိုက်မိသည်။

နောက်ဆုံးတွင် နတ်ဆိုးမျိုးနွယ်မှလူငယ်များနှင့် လူသားကျွမ်းကျင်သူများက ဒီ အစိမ်းရောင်ဝိညာဉ်အလင်းလုံးများကြောင့်တိုက်ခိုက်နေရခြင်းကို နားလည်သွား၏။

တစ်ချိန်တည်းမှာပင် သူ၏ ဓားစိတ်ဆန္ဒက မူလထက် အနည်းငယ် ပိုအားကောင်းလာကြောင်း ခံစားမိလိုက်ပါသည်။

အကယ်၍ သူသည် အခုအချိန်တွင် ဆန်းကြယ်ချီစွမ်းအင်များကုန်ဆုံးနေသောကြောင့်မဟုတ်ပါက ငရဲနတ်ဘုရားသင်္ချိုင်းထဲသို့ဝင်ရောက်ပြီး အမှန်တကယ် လုယက်ချင်နေမိသည်။

ထို့နောက် ယန်ယဲ့သည်သူ့ခန္ဓာကိုယ် အခြေအနေကို တွေးတောရင်း မျက်မှောင်ကြုတ်ကာ မတုန်လှုပ်ဘဲ မနေနိုင်တော့ပေ။

အကြောင်းအရင်းမှာ သူ၏ ဆန်းကြယ်ရွှေချီကန်က အနည်းငယ်ထူးဆန်းနေသောကြောင့်ပါ။

"ဆန်းကြယ်ရွှေချီကန်က တစ်ခုခုများမှားယွင်းနေသလား? ဒါမှမဟုတ် အရင်တုန်းကလို ဆန်းကြယ်ချီစွမ်းအင် အများကြီး လိုအပ်နေတာလား?

ယန်ယဲ့အမူအရာက လေးလေးနက်နက်တွေးတောရင်း မျက်မှောင်ကြုတ်နေသည်ကိုသတိပြုမိတဲ့အခါ ရှောင်ယုရှီ၏မျက်နှာကအနည်းငယ်ထူးဆန်းသွားပါသည်။

သူမက လှိုဏ်ဂူထဲကနေ ပြန်ထွက်မသွားခင် ခဏလောက် တုံ့ဆိုင်းသွား၏။

"ဟို မျိုးနွယ်ခြားပါရမီရှင်တွေကို သတိထားပါ။ သူတို့ရဲ့စွမ်းရည်က နှင်ထင်ထားတာထက် အများကြီး ပိုဆန်းကြယ်နေတယ်။

အရာရာကိုသတိလက်လွတ်မနေပါနဲ့။ ဒါ့အပြင် မိုကလန်က စေလွှတ်လိုက်တဲ့လူနဲ့တွေ့ခဲ့ရင် နင်က နောက်ပြန်ဆုတ်တာအ ကောင်းဆုံးပဲဖြစ်လိမ့်မယ်။

တကယ်လို့သာ အဲ့ဒီလူဖြစ်နေခဲ့ရင် သူမရဲ့သေဆုံးခြင်းဟာက
နင်ခုခံနိုင်တဲ့နည်းစနစ်တစ်ခု မဟုတ်လို့ပဲ။" တစ်ချိန်တည်းမှာပဲ
ရှောင်ယုရှီ၏ပုံရိပ်က နေရာမှာပင်ပျောက်ကွယ်သွားပါသည်။

ယန်ယဲ့သည် မျက်မှောင်ကြုတ်ရင်းကျန်နေခဲ့ရာမှ
ထိုအရာအားလုံးကို စဉ်းစားမနေတော့ဘဲ၊ ခေါင်းခါယမ်းလိုက်၏။

လက်ရှိတွင် သူ့အတွက် အရေးကြီးဆုံးမှာ ဆန်းကြယ်ရွှေချီကန်ကို
ပုံမှန်အတိုင်း ပြန်ဖြစ်စေရန်သာ။ သို့မဟုတ်ပါက
ရှေးဟောင်းစစ်မြေပြင်တွင်
ဘာမှလုပ်ဆောင်နိုင်တော့မည်မဟုတ်ပေ။

ရုတ်တရက် သူ့လက်ဝါးကို လှန်လိုက်ရာ
ရာချီသောစွမ်းအင်ကျောက်တုံးများလက်ထဲတွင် ပေါ်လာပြီး
အဆက်မပြတ် စုပ်ယူလိုက်တော့သည်။

သူမျှော်လင့်ထားသည့်အတိုင်းပင် စွမ်းအင်ကျောက်တုံးများက
ဆန်းကြယ်ချီစွမ်းအင်များအဖြစ် ပြောင်းလဲသွားသည်နှင့်

တစ်ပြိုင်နက် ဆန်းကြယ်ရွှေချီကန်ထဲသို့
ချက်ချင်းစုပ်ယူခံလိုက်ရသည်။

သို့သော် ယန်ယဲ့သည် မျက်မှောင်ကြုတ်လိုက်ကာ တုံ့ဆိုင်းမနေဘဲ
အရှူးတစ်ယောက်အလား စွမ်းအင်ကျောက်တုံးများကို
စတင်စုပ်ယူလိုက်ပြန်သည် ။

အချိန်နှစ်နာရီမပြည့်မီမှာပင် ထောင်ချီသော
စွမ်းအင်ကျောက်တုံးများက အမှုန့်များအဖြစ်ပြောင်းလဲသွား၏။

သို့သော်
ဆန်းကြယ်ချီစွမ်းအင်များကိုအဆက်မပြတ်စုပ်ယူနေသည့်တိုင်
ဆန်းကြယ်ရွှေချီကန်က ထူးခြားမလာပေ၊
အောက်ခြေအပိတ်မရှိသော အပေါက်နှင့်သာတူသည် ။

ဤသို့ဖြင့် နောက်ထပ် လေးနာရီခန့် ထပ်မံကုန်ဆုံးသွားပါတော့သည်။

စွမ်းအင်ကျောက်တုံး ၁၀,၀၀၀ ကျော် ကြေမွသွားသော်ငြား၊
ဆန်းကြယ်ရွှေချီကန်က အရှူးအမူးစုပ်ယူနေဆဲဖြစ်သည်။

တစ်ဖက်တွင် ယန်ယဲ့သည်လည်း ရပ်တန့်မနေပေ၊
စွမ်းအင်ကျောက်တုံးများကိုထပ်မံထုတ်ယူပြီး
အဆက်မပြတ်စုပ်ယူနေ၏။

အကယ်၍ ယန်ယဲ့သည် စွမ်းအင်ကျောက်တုံးများကို ထိုကဲ့သို့
ဖြုန်းတီးနေမှန်းသာတစ်စုံတစ်ယောက်မြင်တွေ့သွားပါက
သေလုမတတ်ဒေါသထွက်သွားပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် လက်ရှိ ယန်ယဲ့ လုပ်နေသောအရာက
အမှန်တကယ်ပင် ဖြုန်းတီးလွန်းသောကြောင့်ပါ။

အချိန်များက တရွေ့ရွေ့ကုန်ဆုံးသွားပါတော့သည်။

ယန်ယဲ့သည် သူ့ရှေ့တွင် စွမ်းအင်ကျောက်တုံးများကို စုပုံထားကာ
မနက်ကနေ ညအထိ တစ်နေကုန် စုပ်ယူနေခဲ့၏။

သူက စွမ်းအင်ကျောက်တုံးများကို အဆက်မပြတ် စုပ်ယူနေရင်း သုံးရက်ဟုသောအချိန်က လျင်မြန်စွာပင်ကုန်ဆုံးသွားပါတော့သည်။

ဆက်ရန်